
www.burmeseclassic.com

# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

## နှလုံးသားကို ဖုံးထားတဲ့ ပိုးပဝါ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## နှလုံးသားကိုဖုံးထားတဲ့ပိုးပဝါ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၆၂၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၀၀၃၀၉

၂၀၀၉ ခုနှစ်၊ မေလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၄၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၄၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

နှလုံးသားကိုဖုံးထားတဲ့ပိုးပဝါ/ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၉။

၂၄၂- စာ၊ ၁၂×၁၈ စင်တီ။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)



## နှလုံးသားကိုဖုံးထားတဲ့ပိုးပဝါ

www.burmeseclassic.com

www.burmeseclassic.com







"ဟယ် ... နှင့်ခုံထဲမှာ ပန်းတစ်ပွင့်နဲ့စာတစ်စောင်ရောက်နေပြန်ပြီတော့ ..."

'မီပေါက်'က အလန့်တကြားစိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်ခုန်ပေါက်နေသလောက် 'သက်သက်သာ' ကတော့ နာမည်နဲ့လိုက်အောင် သက်သောင့်သက်သာ အေးအေးဆေးဆေးပင်။

"နှင် စိတ်မဝင်စားဘူးလား သက်သာရဲ့ ... ဖတ်များလည်းဖတ်ကြည့်စမ်းပါဦး ..."

"ဖတ်စရာမလိုပါဘူးဟာ ... ဒီလို လာထားပါပြီဆိုမှတော့ ရည်းစားစာပဲဖြစ်တော့မှာပေါ့ ... ပန်းသယ်က သူ့ပန်းခြံက ပန်းတွေဝယ်ပြီးအားပေးဖို့ ပန်းနမူနာလာပို့ထားတာနေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါ့မလား … ဒါမှမဟုတ် ငါ့အပေါ်အပြစ်ကြီးကြီးတစ်ခုပြုထားမိတဲ့သူက ပဒ်ပေးပြီးတောင်းပန်တာရော ဖြစ်နိုင်ပါ့မလား … အဲ ဒါမှမဟုတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းပညာရှင်များအသင်းက … ”

“ကဲ … ကဲ … တော်ပါတော့ သက်သာရယ် … နှင့်ကိုတစ်ခွန်းလေးပြောလိုက်မိပါတယ် … နှင်ပြန်ပြောတာတွေက မနည်းမနော ဖြစ်ကုန်ပြီ … နှင့်ခုံထဲမှာလာထည့်ထားမှတော့ ရည်းစားစာဖြစ်မယ်ဆိုတာ … အထူးအထွေပြောစရာတော့လိုပါ့မလား … ဒါပေမဲ့ ဘယ်သူပေးတာလဲဆိုတာသိရတာပေါ့ … ပြီးတော့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို … ”

“ဒီဟစ်ခါတော့ ငါကပဲတော်ပါတော့လို့ပြောပါရစေ … မိပေါက်ရယ် နှင်ဟာလေ … ငယ်ငယ်တုန်းက ဆိုးလွန်းဆော့လွန်း၊ ကဲလွန်းလို့ပေါက်ကျော်မလို့ပေးရာကနေ … အလွယ်ခေါ်ရင်း မိပေါက်ဖြစ်နေတာမဟုတ်ဘဲ၊ ပေါတောတော၊ ပေါက်တောက်တောက်မို့လို့များ မိပေါက်လို့အခေါ်ခံနေရလားတောင် မသိတော့ပါဘူး”





“အတွေးအခေါ် အလုပ်အကိုင်မှာ … ပေါက်ပေါက်ဖြောက်ဖြောက်ရှိလို့ မိပေါက်လို့အခေါ်ခံရတာလည်း ဖြစ်နိုင်တာပဲ”

“တော်ပါတော့လို့ဆို … ”

မိပေါက်နဲ့အပြိုင် မပေါ်နိုင်ရှာသည့်သက်သက်သာခမျာ သူမရဲ့သာယာသည့်အသံလေးကိုပဲ နားမခံသာချင်စရာ စူးစူးရှရှဖြစ်အောင် အော်ဟစ်တားဆီးလိုက်ရှာသည်။

“နှင် စိတ်မဝင်စားရင်နေ … ငါတော့ စိတ်ဝင်စားတယ်။ ငါ ယူဖတ်ကြည့်မယ် … ရတယ်မဟုတ်လား” နှ

“ရရ မရရ ငါ့စာတွေဆိုရင်ပဲ … နှင်ပဲဖောက်ဖတ်နေကျ၊ ဝေဖန်နေကျမဟုတ်လား … ငါကတားရင်တောင် နှင်ကရအောင်ဖတ်မှာပဲဥစ္စာ … ”

“ဒါဆို ဖတ်ပြီ … ”

မိပေါက်က နှင်းဆီပန်းကလေးရဲ့အရိုးကိုဖောက်ကာ အစ်ချည်ကြိုးနဲ့တွဲချိတ်ထားသောစာကို ခပ်မြန်မြန်ဖြုတ်ပြီးဖတ်လိုက်သည်။

“အသက်ထက်သာအောင် ချစ်ရပါတဲ့ … သက်သက်သာဟင် … ဘာကြီးလဲ”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘာသာဖတ်တာပဲ ... နင့်ဘာသာ အဓိပ္ပာယ်ပြန်ယူ ပေါ့"

"ဒါဆို စာပေးတဲ့သူနာမည်က သာအောင်ဖြစ်ရမယ် ... သူ့မှာ အရင်ရည်းစားရှိခဲ့ဖူးမယ်ထင်တယ် ... သူ့ရည်းစားနာမည်က အသက်ဖြစ်ရမယ် ... သူက နင့်ကိုအဲ့ဒီရည်းစားထက်ပိုချစ်တယ်လို့ ပြောချင်တာပဲဖြစ်မယ် ... ဒီလူမဆိုးဘူး ... စာအရေးအသားက ရှေးဆန်သလိုရှိပေမဲ့ ... တစ်ကြောင်းထဲမှာတင်ပဲ သူ့နာမည်ရော၊ သူ့မှာရည်းစားဟောင်းရှိဖူးတာရော အားလုံးစုံအောင်ရေးပြနိုင်တယ်ဆိုတော့ ... တော်တော်ကျွမ်းကျင်တာပဲ"

"ပေါက်နေပြန်ပြီ မိပေါက်ရယ် ... သူဆိုလိုတာက ငါ့ကို သူ့အသက်ထက်တောင် ပိုသာပြီးချစ်တယ်လို့ ပြောချင်တာပါ ... တော်ပြီ ဆက်မဖတ်နဲ့တော့ ... ဟိုကလည်း အူကြောင်ကြောင်၊ နင်ကလည်း ပေါက်တောက်တောက်နဲ့ ငါပဲကြားထဲက နားငြီးရမယ် ..."

"ဆုံးအောင်တော့ ဖတ်ပါရစေဟာ ... ပါးစပ်ကမပြောနဲ့ဆို မပြောပါဘူး"





သက်သက်သာကတော့ မိပေါက်ဘာပဲပြောပြော စာကိုဆက်ဖတ်လို့မရတော့အောင် ဆွဲလုပစ်လိုက်ပြီး ...

"တော်ပြီ မဖတ်နဲ့တော့ ... ရည်းစားစာတွေဆိုတာ တစ်ခါလာမည်းပြာပုဆိုး ဒါမျိုးချည်းပဲ ... ငါက ဖတ်ဖူးဖန်များလို့ ရိုးအီနေပြီ ... သူတို့ဘာပြောမယ်ဆိုတာ ကြိုတင်မှန်းနိုင်ပြီ ..."

"ဒါတော့ ... နင်ကရုပ်ကလေးကလည်းလှ၊ အပြောကလေးကလည်းချို၊ အဘက်ဘက်က ... တတ်သိလိမ္မာတော့ နင့်ကိုကြိုက်တဲ့ကောင်လေးတွေကများတာကိုး ... ငါ့ကျတော့ အသက်သာ ဆယ့်ရှစ်နှစ်ကျော်လာတယ် ... ရည်းစားစာပေးမဲ့သူဆိုလို့ ... တစ်ယောက်မှမရှိဖူးတော့ ... သူများရည်းစားစာတွေဖတ်ရင်းနဲ့ပဲ စိတ်ကိုဖြေနေရတာကိုးဟ"

ပြောလိုက်ပုံလေးက သနားစရာလိုလို၊ နားရင်းပိတ်အုပ်ချင်စရာလိုလို ...။ သက်သက်သာတို့လို ရွယ်တူမိန်းကလေးသူငယ်ချင်းတွေအတွက်ကတော့ 'ဒင်းမှာ ငါ့ထက်အဆပေါင်းများစွာ ဘဝက်ကျိုးပေးနိမ့်ကျပါကလား' ရယ်လို့ (ကိုယ့်အထက်စီးလ နေရလျှင် အေ. ..စည်းကလူကို ကျေကျေနပ်နပ်ကြီး သနားတတ်



www.burmeseclassic.com

www.burmeseclassic.com



သော လူ့သဘာဝရှိသည့်အတိုင်း) သနားပေ လိမ့်မည်။ လူကြီးသူမတွေအတွက်ကတော့ ပညာသင်သည့်အရွယ်မှာ စာကြိုးစားဖို့ မိဘကျေးဇူးဆပ်ဖို့စိတ်မကူးဘဲ … ရည်းစားစာလိုချင်၊ ရည်းစားသနာအကြောင်းစိတ်ကူးယဉ်ချင်သည့် သမီးကိုအမြင်ကတ်ကတ်နှင့် နားရင်းရိုက်ချင်စရာသာရှိလေသည်။

"တစ်နေ့နေ့တော့ … တွေ့လာမှာပေါ့ဟာ … ကြောင်ကြွကြွာရေမငုပ်ပါဘူး … "

"ကြောင်ကြွာကြွာဆိုတာ … နင့်အိမ်မှာမွေးထားတဲ့ကြောင်တွေထဲကတစ်ကောင်ကိုပြောတာလားဟင် … အဲဒီကြောင်က ဘာလို့ရေမငုပ်တာလဲ … အအေးမိနှာစေးဖြစ်နေလို့လား"

"ရေငုပ်ဝတ်စုံပျောက်နေလို့ပေါ့ … နင်ပြောလိုက်မှဖြင့်တလွဲတွေချည်းပဲ … ငါ့အထင်တော့ နင့်ကိုကြိုက်မဲ့လူမရှိတာဟာလေ … နင်ရုပ်မလှလို့မဟုတ်ဘူး … နင့်ရဲ့အဲဒီပေါက်ကြောင်ကွက်တွေကို ကြောက်လို့ပဲဖြစ်ရမယ်"

"ဟင် … အဟုတ်လား … တကယ်လား … နင်က အဲဒီလိုပဲထင်သလားဟင်"





သက်သက်သာက တမင်ရွဲ့ခြဲ့ကလေး ပြောလိုက်တာကိုပင် မိပေါက်က အဟုတ်ကြီးမှတ်နေကာ စိတ်ဝင်တစားတက်တက်ကြွကြွကြီးဖြစ်လာတော့သည်။

"ပြောစမ်းပါဦး … ငါသာ ပေါ်တောတောမနေဘဲနဲ့ ခပ်တည်တည်ကလေး နင့်လို … ပဲကလေးနဲ့နေရင် ယောက်ျားလေးတွေက ငါ့ကိုသဘောကျလာမယ် ထင်သလားဟင်"

မိပေါက်ဟာ … မိန်းကလေးပီပီကျွန့်ကြွဲသိက္ခာလေးတောင် ထိန်းဖို့စိတ်မကူးတော့။ စိတ်ထဲရှိတာကို ဖွင့်စကက်ပြီးပြောတော့တာပဲ။

"မိပေါက်ရယ် … ဆင်ဆင်ခြင်ခြင်လေးလည်းပြောပေါ့ဟယ် နင်က အဲဒီလို ငမ်းငမ်းတက်ဖြစ်နေရင်လေ … နင့်ကို ချဉ်းကပ်လာတဲ့ ယောက်ျားလေးတွေဟာ … ရိုးရိုးသားသား မေတ္တာစစ်ထားတာမျိုးမဟုတ်တော့ဘဲ … အခွင့်အရေးယူတတ်တဲ့ သူမျိုးတွေပဲဖြစ်နေလိမ့်မယ်"

သက်သက်သာက စေတနာတစ်ဝက်၊ နှိမ်ချလိုချင်းတစ်ဝက်နဲ့ပြောပါလိုက်တာပင်။

မိပေါက်ကတော့ သက်သက်သာကို စိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုး၊ နာစရာလည်းမထင်၊ သူမကိုစေတနာနဲ့ဆုံးမတယ်ပဲ ထင်ရှာလေသည်။

❀ ❀





စိုးစံက ခေါင်းစွပ်ဆွယ်တာအဖြူလေးကို စွပ်ချလိုက်ကာ ခေါင်းဆောင်းကိုပါ ခေါင်းပေါ်အုပ်တင်ထားလိုက်သည်။ မြန်မာပြည်ဆောင်းရာသီဥတုအတွက် သူ့ဝတ်စုံဟာ နည်းနည်းပိုလွန်းတယ်ထင်ရသော်လည်း ရှိုးပေးချင်မှတော့ ဒီလောက်အထင်ခံရတာကို မှုစရာမလိုပေ။

ယောက်ျားလေးကရော မလှချင်ဘူးလို့ ဘယ်တိုင်းပြည်ကများ ဥပဒေထုတ်ထားတာရှိဖူးသလဲ။ စိုးစံကတော့ ဒီလိုပဲပြန်ပြောတတ်သည်။ သူ့ဘကြီးတစ်ယောက်က တိုင်းတရားသူကြီးမို့ စိုးစံဟာ စကားပြောလျှင် ဥပဒေဆိုတာကြီးကို နှုတ်ဖျားကမချထည့်ထည့်ပြောတတ်လေသည်။ (အမှန်က ဘာမှလည်းမသိ)



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲပေါ်မှာ အဆင်သင့်တင်ထားသော ကြွပ်ကြွပ်အိတ်ရှိသည်။ ထိုအိတ်ထဲမှာ သေးသေးမွှားမွှားကလစ်လေးတွေ၊ ပလက်တီနမ်အတု ဆွဲကြိုးလေးတွေ၊ ပလတ်စတစ်ဘီးလေးတွေကအစ အကြီးမားဆုံး လုံးစွပ်ဆွပ်တာ၊ မွှေးပွရုပ်၊ ပိုက်ဆံအိတ်နဲ့ ဒေါက်ဖိနပ်အထိပါလေသည်။

စိုးစံက အိတ်ကြီးကိုဆွဲကာ ချိန်းထားသောမီးလျှံတို့အိမ်ကိုထွက်လာခဲ့လိုက်သည်။ (မီးလျှံတို့အိမ်ဆိုလို့ မီးလောင်နေသောအိမ်ဟု မယူမှတ်ကြစေလိုပါ။ မီးလျှံဆိုတာ လူနာမည်ပဲဖြစ်သည်။ လူနဲ့မတူတာကတော့ သူ့မိဘတွေကိုသာသွားပြီး စောဒကတက်ကြပေတော့)

“စိုးစံ လာပြီဟေ့ ...”

“ဟေ့ ... စိုးရောက်လာပြီကွ ...”

“အိတ်ကြီးဆွဲလို့ပါလား ... ငါတို့တော့ ထောပြီထင်တယ်”

တစ်ယောက်တစ်ပေါက် အော်ဟစ်သံတွေကြားမှာ စိုးစံက အားလုံးကိုလက်ပြတားမြစ်ယူရသည်။ တိတ်တိတ်နေဖို့နဲ့ သူ့စကားကိုသာ နားထောင်ဖို့။

“နင်တို့ကို ငါဘန်ကောက်သွားတုန်း ... လမ်းဘေးဈေးက





အဲ ... ဘန်ကောက်က နာမည်အကြီးဆုံး ဒီပါ့မင်(န်)တယ်(လ်)စတိုးကြီးကနေ ... ဝယ်လာတဲ့လက်ဆောင်တွေကို ပေးမယ် ... နင်တို့မလုရဘူး ... မကျေမနပ်မဖြစ်ရဘူး ... ငါလည်း နင်တို့နဲ့သင့်တော်မယ်ထင်တာကို ဝယ်လာတာဆိုတော့ ... တစ်ယောက်နဲ့တစ်ယောက် လဲလည်းမလဲရဘူး ...”

မီးလျှံ၊ ဘုန်းမို၊ သော်တာညို၊ ရီလွဲနှင်း၊ စန်းစန်းဝင်းမိပေါက်နဲ့ သက်သက်သာအားလုံးတို့ဟာ ... စိုးစံရဲ့သဘောကိုနားလည်ကျေနပ်သည့်အလား ငြိမ်နေကြလေသည်။

“ဒီမှာ အိမ်ရှင်မီးလျှံအတွက်က ဟဲဂျယ်(လ်) ... မင်းကဆံပင်ပြင်တာ ဝါသနာပါလွန်းလို့ ...”

“အေး ... အတော်ပဲကွ”

“ဒီမှာ စန်းစန်းဝင်းအတွက်က ဘီးနဲ့မှန် ... နင်ကလည်းထစ်ခနဲရှိ ခေါင်းဖြီးဖြီးနေတတ်လွန်းလို့ ...”

အိတ်ထဲက ပစ္စည်းခပ်ကြီးကြီးတွေကို မြင်နေသေးသော စန်းစန်းဝင်းက သိပ်မကျေနပ်လို့ပဲလားမသိ။ အသံထွက်လာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရီလှဲ့နှင်း ... နင့်အတွက်က မိတ်ကပ်နဲ့လက်သည်းဆိုးဆေး ... "

"အေးကောင်းတယ် ... ကောင်းတယ်"

"သော်တာဦးအတွက်က ခါးပတ်ကွ ... မင်းက ခါးပတ်ခရေဇီမဟုတ်လား"

"ကျေးဇူး ... "

"ဘုန်းမို ... မင်းအတွက်က နာရီ ... သိပ်အကောင်းစားတော့မဟုတ်ဘူး ... ဖန်စီပေါ့ကွာ ... မင်းက နာရီစုရတာဝါသနာမဟုတ်လား"

"အတော်ပဲ ... ငါ့မှာ ဒီလိုမျိုးခရေဇီစိမ်းရောင် မရှိသေးဘူး"

"ရော့ ... မိပေါက်အတွက်က အရုပ် ... "

"နင့်အရုပ်ကလည်းဟယ် ... ရုပ်ကဆိုးဆိုး၊ ညစ်ကျယ်ကျယ်နဲ့ပါလား ... အရုပ်ဝယ်မှတော့ ချစ်စရာကောင်းတာလေးဝယ်ရောပေါ့"

လက်ဆောင်ရပြီဆိုပြီး ဝမ်းသာအားရလှမ်းယူလိုက်သော မိပေါက်ရဲ့လက်များဟာ သက်သာရဲ့စကားကြောင့် လမ်းတစ်ဝက်မှာ တန့်ခနဲဖြစ်သွားရသည်။





ဟုတ်တော့လည်းဟုတ်သလိုပဲ။ စိုးစံနှယ် ကြဲ့ကြဲ့ဖန်ဖန် ဝယ်မှဝယ်တတ်ပလေ။ မီးခိုးရောင် ဘဲရုပ်ကလေးဟာ နှုတ်သီးပြားပြား မျက်လုံးသေးသေးနဲ့ မြင်နေကျအရုပ်တွေလို လှလှပပမဟုတ်ချေ။

"ဒါ ဘဲရုပ်ဆိုးလေးလေ ... မိပေါက် သေသေချာချာကြည့်နင်နဲ့မတူဘူးလား ... ဒါကြောင့် ငါတမင်ရွေးပြီး ဝယ်လာတာ ... "

"နင်ကလည်း ... အဲဒီလိုတော့မပြောပါနဲ့ဟာ"

သက်သာက ဝင်ပြောပြန်သည်။ မိပေါက်ကတော့ ဘာရယ်ညာရယ်သဘောမထား။ သူနဲ့တူသည်ဆိုတာနဲ့ပဲ အရုပ်ကလေးကို သဘောကျသွားပြီ။

"နောက်ပြီး ... မိန်းကလေးတွေအတွက် ကလစ်နဲ့ဆံထိုးကြိုးတစ်ခုစီ ... ဒီမှာ သက်သာ ... နင့်အတွက်ကတော့ အင်္ကျီရယ်၊ ဖိနပ်ရယ် ... "

"ဟယ် ... ဟယ် သက်သာကျတော့ နှစ်မျိုးတောင် ... ပြီးတော့ ငါတို့ပေးတုန်းက ခပ်ပေါပေါတွေ ... သူ့ကျတော့ အကောင်းစားတွေပါလား ... "



www.burmeseclassic.com

"သူက အကျီနဲ့ဖိနပ်ဝယ်ခဲ့လို့ ... မှာလိုက်တာကိုးကွ"

"ပော ... ဒီလိုဆိုရင် ငါက စိန်နားကပ်ဝယ်ခဲ့လို့မှာတော့မှာပေါ့ ..."

"အင်းလေ ... ငါလည်း ဘက်ခမ်းစီးတဲ့ ဘီအမ်ဒဗလျူကားတို့ ... ဘာတို့ မှာတော့မှာပေါ့"

အားလုံးက တကွိကွိတကွကွဖြစ်ကုန်ကြပေမယ့် မနာလိုတာ၊ စိတ်ဆိုးတာမျိုးမဟုတ်မှန်းသိနေတော့ စိုးစံက ခတ်ပုရုံပုနေကာ ခပ်ပြုံးပြုံးပင်။

"နင်တို့ကလည်းဟာ ... တစ်ယောက်ကို နှစ်မျိုး၊ သုံးမျိုးရနေတာပဲဟာ ... တော်ကြပါတော့ ... လက်ဆောင်ပေးတဲ့သူမှာလည်း သူ့အခွင့်အရေးနဲ့သူရှိတာပဲဟာ ... ငါတို့က ပိုက်ဆံပေးပြီးမှာတာမှ မဟုတ်ဘဲ"

"မိပေါက် ... နင်ဟာလေ နင့်ကိုဘဲရုပ်ဆိုးအရုပ်ဝယ်လာပေးတာကိုတောင် စိတ်မဆိုးသေးဘူး ... စိုးစံဘက်က ကာကွယ်ပြောနေသေးတယ်"

"စံစံက ... ငါ့အတွက် စေတနာနဲ့ဝယ်လာပေးတာပဲဟာ စိတ်ဆိုးစရာအကြောင်းတော့မရှိပါဘူး ... ကျေးဇူးမတင်





ရင်နေ အလကားရတဲ့ပစ္စည်းအတွက် ... အလကားနေရင်းတော့ စိတ်ဆိုးနေဖို့မသင့်ဘူးပေါ့"

မိပေါက်က စကားများတာ၊ စပ်စုတာ၊ မျက်စိရှုပ်အောင်နေတတ်တာကလွဲလျှင် အဲဒီလိုစိတ်ထားကလေးတော့ကောင်းရှာသည်။ ဘယ်သူ့အပေါ်မှ အပြစ်မမြင်တတ်၊ သာတယ်နာတယ်၊ ငါ့ကိုကျော်သွားတယ်၊ ရင့်သွားတယ်၊ စသည်ဖြင့်လည်းတွေးတတ်၊ သူ့စိတ်ရင်းကဖြူသလို လူတိုင်းကလည်းသူ့လိုပဲဖြူစင်စင်၊ ရိုးရိုးသားသားရှိမယ်လို့ ထင်နေရှာသူလေးဖြစ်သည်။

"စိုးစံက သက်သာကိုအကြောင်းရှိလို့ ... မျက်နှာလုပ်နေတာဟဲ့ ..."

"ဘာလဲ ... သူတို့ အိမ်အသစ်ပြင်ဆောက်ခွင့် ပါမစ်ကျဖို့က မြို့တော်စည်ပင်မှာလုပ်တဲ့ သက်သာအဖေရဲ့ထောက်ခံချက်ရဖို့လိုနေလို့လား ..."

"မိပေါက် ... နာမည်နဲ့လိုက်အောင် ပေါက်တောက်တောက်နဲ့ဟာ ... စိုးစံက သက်သာကို မျက်နှာလုပ်ချင်နေတယ်ဆိုတာက ..."

မီးလျှံရဲ့အဖေကြီး အိမ်ထဲဝင်လာတာမို့ အားလုံး

www.burmeseclassic.com



မျက်နှာပိုးသပ်ကာ ငြိမ်နေလိုက်ရသည်။

သူငယ်ချင်းတစ်အုပ်ကြီးဟာ တစ်ယောက်အိမ်မှာ တစ်ကြိမ်စီအလှည့်ကျ စုဝေးနေကျဖြစ်သော်လည်း ကျန်သည့်အိမ်တွေမှာဆို လွတ်လွတ်လပ်လပ်၊ စိတ်ပေါ့လူပေါ့ရှိတတ်ကြသော်လည်း မီးလျှံတို့အိမ်နဲ့ သက်သက်သာတို့အိမ်မှာဆိုလျှင်တော့ အနေကျဉ်းကြပ်သလိုရှိကြသည်။

မီးလျှံရဲ့အဖေက စည်းကမ်းကြီးသည်။ သူ့အိမ်မှာ ဟေးလားဝါးလား ဆူဆူညံညံကိုမကြိုက်တတ်။ တစ်ခန်းဝင်တစ်ခန်းထွက်လျှောက်မွှေတာမျိုး၊ မီးဖိုထဲဝင်ပြီး ဟိုဟာဒီဟာယူစားကြတာမျိုး၊ ကတ်ဆက်တွေဖွင့်၊ တီဗွီတွေဖွင့်တာမျိုးဆိုလျှင် သူကိုယ်တိုင်ပဲ လာတားတတ်သည်။

မီးလျှံရဲ့အမေကတော့ သားသမီးကိစ္စလည်း စိတ်မပါ။ သူမ စိတ်ပါတာက အိမ်တကာလှည့်ပြီး ဝိုင်းထောင်မည်။ ကစားနည်းမျိုးစုံကစားမည်။ ဒါပဲ။ သားဖြစ်သူက အိမ်ကိုဖောက်ထိုးပဲလုန်ထားထား၊ မီးပုံပြီးတော့ပဲ ရှို့ပစ်ပစ်၊ စိတ်မဝင်စားတတ်သူ။

သက်သက်သာအမေကျတော့ တစ်မျိုး။ ပွဲစား





အလုပ်နဲ့ ရပ်တကာရွာတကာသွားချင်သွား၊ အိမ်မှာရှိလည်း ညည့်သည်က မပြတ်ပေမဲ့ သမီးဖြစ်သူကိုလည်း အလွတ်မခံ၊ အလစ်မခံ။ အိမ်ကို သမီးသူငယ်ချင်းတွေလာလည်ကြပြီဆိုလျှင် ကိုယ်တိုင်မဟုတ်တောင် သူမရဲ့လူယုံ လက်စွဲဖြစ်သောမြမေကတဆင့် ဘာတွေလုပ်ကြသည်။ ဘာတွေပြောကြသည်ဆိုတာကို စုံစမ်းတတ်တာ။ မြမေကလည်း သူ့သခင်မမှာသည့်အတိုင်း တစ်သဝေမတိမ်းမို့ သက်သက်သာမှာ သူ့အိမ်မှာ သူငယ်ချင်းအုပ်စုဖွဲ့စုမိကြသည့်နေ့ဆို မပျော်ရွှင်နိုင်။

နောက်အိမ်ထောင်နဲ့အနေများသည့် သက်သက်သာရဲ့အဖေကတော့ သမီးဘာလုပ်လုပ် စိတ်မဝင်စားပါ။ အချိန်တန် မုန့်ဖိုးနှင့်ခနဲ့ပေးလိုက်ခြင်းကသာလျှင် ဖခင်တာဝန်ကျေပွန်ခြင်းလို့ သတ်မှတ်ထားတာမို့ သက်သက်သာမှာ မုန့်ဖိုးကတော့ အားသုံးထက်ပိုပြီး ကိုင်သုံးနိုင်လေသည်။

"အလကားနောက်တာပါဟ ... ငါလည်း သက်သာနားတစ်ချိန်လုံးနေရတဲ့သူပါ ... ဒီလောက်ကတော့ နပ်ပြီးသားပါစံစံ ... နင်နော် အမှုအရာနဲ့ပဲမပြီးဘူး ... တရားဝင်ဖြစ်အောင် အဆိုပြုလွှာလေး ဘာလေးတင်ထားဦး"



www.burmeseclassic.com

စိုးစံ မျက်နှာရှုံ့မဲ့သွားသည်။ အဲဒီ မိပေါက်တစ်ယောက်ဟာ သိပ်ကိုပါးစပ်စည်းကမ်းမရှိတာပါပဲ။ သူငယ်ချင်းတွေကြားထဲမှာ ကိုယ့်စိတ်ကအပြောင်းအလဲဖြစ်နေလည်းပဲ သိပ်ကြီးမသေချာသေးတာမို့ 'အားလုံးထက်ပိုပြီး အရေးပေးရစိုက်တယ်' ဆိုတဲ့ အဆင့်လောက်နဲ့ပဲရပ်ထားလိုက်တာ။ ကိုယ့်စိတ်ကိုယ်လည်း သေချာမှတစ်ဖက်က တုံ့ပြန်မဲ့အခြေအနေကိုလည်း စောင့်ကြည့်ပြီးမှ ရှေ့တိုးသင့်တိုး၊ မဟုတ်လည်း မသိမသာနေမြဲအတိုင်းဆက်နေ၊ ဒါမျိုးလုပ်ရမှာ ...

ခုတော့ မိပေါက်က နှုတ်မစောင့်စည်းပဲ ပြောချပစ်လိုက်တော့ အားလုံးကြားထဲမှာ တရားဝင်ကြေညာထားသလိုဖြစ်သွားရော။ မဟုတ်ပါဘူး ထငြင်းပြန်တော့လည်း သက်သာကိုစော်ကားရာရောက်သည်။ ငြိမ်နေပြန်တော့လည်း ဝန်ခံရာရောက်သည်။

"နင့်မျက်နှာကြီးက ဘာလို့ပုပ်အဲ့နေရတာလဲ ... ငါက နင့်ကောင်းကျိုးအတွက် ဝင်ပြောပေးရတာ"

"အေးပါ ကျေးဇူးရှင်မရယ် ... ငါ့ကို စံစံလို့မခေါ်ရင်ပဲ ... ကျေးဇူးတင်လှပါပြီ ... "

"ဘာဖြစ်လို့လဲ ... နင့်နာမည် စိုးစံပဲဟာ ... စံပါတယ်မဟုတ်





လား ... ငါက ထွင်ခေါ်တာမှမဟုတ်တာ ... မီးလျှံကိုလည်း မီးမီးလို့ခေါ်တာပဲ ... ဘုန်းမိုဆိုလည်း မိုမိုလို့ခေါ်တာပဲ သော်တာညီကိုလည်း သော်သော်လို့ခေါ်တာပဲဟာ ... သူတို့ကဖြင့် ဘာမှမပြောကြပါဘူး"

"သူတို့လည်း ကျေနပ်လို့တော့မဟုတ်ဘူးပေါ့ ... နင့်ကိုဆိုပြောလို့ရမှာမဟုတ်ပါဘူး ဆိုပြီး ... လက်လျှော့ထားကြတာပဲနေမှာ"

"ဒါဆို နင်လည်း ... သူတို့လိုပဲသဘောထားပြီး လက်လျှော့နေပေါ့ဟဲ့ ... "

တကယ်ပါပဲ။ သူလုပ်ချင်ပြီဆို ဘယ်လိုမှတားလို့ဆီးဆို့မရသည့် ကောင်မလေး။ စိတ်ထင်သလိုလုပ်၊ စိတ်ထင်ရာပြော။

စိတ်သဘောလေးကောင်းတာ၊ သူ့ကိုဘယ်လိုပြောပြောမနာဘဲ သည်းခံနေတတ်တာ၊ သူများကို ကူညီဖို့ဘယ်တော့မှ ခံ့မလေးတတ်တာ စသည့်စိတ်ကလေးတွေကြောင့်သာ သူမသည်းညည်းကိုခံနေရတာ။ လုပ်ပေါက်ကတော့ သည်းမခံချင်စရာတွေချည်း။

"နင်ဟာလေ ... အဲဒီလို အနိုင်လိုချင်နေလို့ကို အသားမည်း

www.burmeseclassic.com



မည်း၊ မျက်လုံးပြူးပြူး၊ ဆံပင်လိမ်ကောက်ကွေးနဲ့ ရုပ်ဆိုး
ဖြစ်နေတာ ... ”

စိုးစံက ဘာရယ်မဟုတ်။ သူငယ်ချင်းတွေကြားမှာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်နှိမ်နေကျအတိုင်းသဲ နှိမ် လိုက်တာ။ အရင်ကလည်း ... သူဘယ်လိုပဲပြောပြော မိပေါက် နာနေကျမဟုတ်မှမဟုတ်တာ။

ဒီတစ်ခါတော့ ဘယ်လိုနည်းနဲ့ဟတ်(တ်)ထိသွား သလဲမသိချေ။ မိပေါက်မျက်နှာ ချက်ချင်းညိုသွားကာ မျက်ရည်တွေ တအိအိရစ်ဝဲလာသည်။

ဗြဲခနဲအော်ငိုပစ်လိုက်တာမျိုးလည်းမဟုတ်။ ရင်ထဲ မှာ တအိအိထိရှနာကျင်သွားသည့်ပုံနှင့် မျက်ရည်တွေရစ်ဝဲကာ နှုတ်ခမ်းလေးကိုခပ်ဖိဖိကိုက်ထားပုံက ကရုဏာသက်ချင်စရာလေး ဖြစ်နေတော့သည်။

“ဟယ် ... မိပေါက် ... ဘာဖြစ်တာလဲ ... စိုးစံ ... ဒီမှာ နင်ပြောလိုက်တာ မိပေါက်ငိုသွားပြီ”

“ငါတွေ့ပါတယ်ဟ ... ငိုတာမဟုတ်ပါဘူး”

“ဘာငိုတာမဟုတ်ရမှာလဲ ... ငါ့သူငယ်ချင်းကို နင်





လောက်ပဲ နှိမ်စရာလား ... မိပေါက်က အသားညိုညို၊ မျက် လုံးပြူးပြူး၊ ဆံပင်ကောက်ကောက်လေးနဲ့ အရုပ်ကလေး လို ချစ်စရာကောင်းတာပဲဟာ ... ”

“ဟုတ်သားပဲ ... နင့်ရုပ်က ဘယ်လောက်များချောနေလို့ သူများကို ပုတ်ပုတ်ခတ်ခတ်တွေ ပြောနေရတာလဲ ... သူငယ်ချင်းအချင်းချင်း ခင်တိုင်းလည်း စည်းကျော်အောင် မပြောသင့်ဘူး ... ”

“အလကားမိပေါက် ... ဒီကောင် လျှောက်နောက်နေတာ နင်စိတ်မကောင်းမဖြစ်နဲ့ ... ”

“ဟုတ်တယ် ... ငါ့သူငယ်ချင်းက ချစ်စရာလေးပါ ... ရုပ် လှတာမလှတာက ပြင်ယူလို့ရသေးတယ် ... စိတ်ထားက ပြုပြင်လို့မရဘူး ... နင့်စိတ်ထားလေး ဒီလောက်ကောင်း တာ ... အဲဒါလေးကိုပဲ ငါတို့ကချစ်နေကြတာ”

“အေးလေ ... ဒီကောင်စိုးစံလည်း ပါးစပ်ကသာ အနိုင်ကျင့် ပြီးလျှောက်ပြောနေတာ ... တကယ်တမ်းကျတော့ နင့်ကို ဒီကောင်ကအချစ်ဆုံး”

“ဟုပ်ပါတယ်ဟာ ... ငါက နင့်ကိုစတယ်ဆိုတာ ချစ်လို့



www.burmeseclassic.com

ရှ,တာပေါ့ ... စ,လို့ကောင်းလို့ စ,တာပေါ့ ... နင်ကစိတ်ဆိုးအောင်လုပ်ရတာလည်းလွယ်၊ ... စိတ်ပြေလည်းလွယ်ဆိုတော့ နင့်စိတ်ဆိုးအောင်လုပ်ရတာ ပျော်စရာကောင်းတာကိုး ... သက်သာဆိုရင် သူစိတ်ဆိုးပြီးရင် မပြေတော့ဘူးဆိုတော့ ကြောက်စရာကြီး ... စန်းစန်းဝင်းကျတော့ သူ့ကိုဘယ်လောက်စ,စ စိတ်မှမဆိုးတတ်တော့ ပျင်းစရာကြီးဟာ ... ရီလဲ့ကျတော့ သူ့ကိုမကြောက်ရပေမဲ့ သူ့အမေဆရာမကို သွားသွားတိုင်တော့ ... တစ်မျိုးကြောက်ရပြန်ရော"

အားလုံးက ပြုံးပြုံးပျာပျာနဲ့ ဝိုင်းချော့နေကြစဉ်မှာ မိပေါက်က မျက်ရည်တွေကို လက်ဖမိုးနဲ့ ရှုတ်ခနဲရှုတ်ခနဲ သုတ်ပစ်လိုက်ပြီး ...

"အဟဲ ... ငါငိုတယ်လို့ ဘယ်သူကပြောလဲ ... ငါက ငိုချင်ယောင်၊ ဝမ်းနည်းချင်ယောင်ဆောင်ကြည့်တာ ... အဲဒီတော့မှ နင်တို့တွေပျာပျာသလဲနဲ့ ဝိုင်းချော့ကြတာ ... ငါ့ကိုအမွှမ်းတင်ပြောကြတာတွေကို နားထောင်ချင်လို့ ... ဟဲဟဲ ... "





"ကြည့်စမ်း ... ငါတို့မှာပေါ့ ချော့လိုက်ရတာ ... မိပေါက်အရူးမ ... "

"အလကားပေါ့ ... အလကား ... နင့်ကို စိတ်ချမ်းသာအောင်ဆိုပြီး ဝိုင်းညာပေးရတာ"

"နင်လားစိတ်ကောင်းရှိမှာ ... သူများကို လိမ်တဲ့စိတ်ပုပ်မ ... "

တစ်ယောက်တစ်ပေါက် ထောပနာပြုသံတွေကိုနားထောင်ရင်း မိပေါက်ကစပ်ဖြဲဖြဲကလေး လုပ်နေသည်။ သူမ တကယ်ပဲဟန်ဆောင်နောက်ပြောင်ခဲ့တာလား။ နောက်ပြောင်တယ်ဆိုတာကပဲ ဟန်ဆောင်နေတာလားဆိုတာ ကာယကံရှင်မှပဲသိနိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com









"မိပေါက်ရေ ... နင့်မှာ မုန့်ဖိုးဘယ်လောက်ကျန်သေးလဲ"

"ငါးဆယ် ... "

"ဒေါ်လှလား ... "

"ဘယ်ကသာ ... မြန်မာငွေ"

"ဒီလောက်တောင်ပဲ ဆင်းရဲရသလားဟာ ... "

"အိမ်ကထွက်လာတုန်းက ... ဖိုက်ဆံငါးရာတောင်ချမ်းသာပါသေးတယ် ... လမ်းထိပ်ကစတိုးဆိုင်မှာ ရေခဲမုန့်ဝယ်စားလိုက်တော့ ... လေးရာ့ငါးဆယ်လျော့ရော ... ဒါတောင်အကြွေအမ်းစရာမရှိလို့ဆိုပြီး ... သကြားလုံးငါးဆယ်ဖိုးထပ်ယူခဲ့ဦးမလို့ ... နောက်တော့မှ အံဆွဲထောင့်က ငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



တန်အစုတ်လေးတစ်ရွက် ကတ်ကတ်သတ်သတ်ထွက်လာပေလို့ ... ဒိုက်ဆံရယ်လို့ကျန်တာ"

"နင်စုထားတာတွေရော ... "

"ထုံးစံအတိုင်း ရွှေဒင်္ဂါးတစ်ပြားဖိုးပြည့်လို့ ... ဝယ်ထားလိုက်ပြီလေ ... "

မိပေါက်ဟာလူကသာခပ်ပေါက်ပေါက်ရယ်။ စီးပွားရေးအကွက်ကတော့ မြင်တတ်သား။ အဖေအမေနဲ့ ဆွေမျိုးတွေ ဟိုကပေးဒီကပေးတဲ့ မုန့်ဖိုးတွေကို သုံးသင့်သလောက်သာသုံးပြီး စုထားသည်။ စုငွေတွေကို ငွေအတိုင်းမထားဘဲ တစ်ခါငွေပြည့်ပြီဆိုတာနဲ့ ရွှေဒင်္ဂါးတစ်ပြားတစ်ပြားစီ ဝယ်ဝယ်စုထားတတ်သည်။ ဒါကြောင့် မိပေါက်ကို လိုအပ်လျှင်ငွေချေးလို့မရတတ်သော်လည်း သူ့မှာတော့ အားလုံးထဲမှာအချမ်းသာဆုံးလို့ ဆိုနိုင်လောက်အောင် အထုပ်အထည်နဲ့စုမိဆောင်းမိရှိနေပြီ။

"ချစ်တီးမ ... နင်ဟာလေ ... နင့်ပစ္စည်းတွေ ထားစရာကောရှိသေးရဲ့လား"

"အောင်မယ်လေး ... ဒီတစ်ခေါက် မုန့်ဖိုးအရနည်းတာနဲ့ သုံးစရာတွေများနေတာနဲ့ ... ရွှေဈေးတက်တာနဲ့ပေါင်းပြီး





ဒင်္ဂါးတစ်ပြားရဖို့ ငါးလလောက်စုလိုက်ရတာပါဟာ ... ဘာလဲ နင်ပိုက်ဆံချေးချင်လို့လား"

မီးလျှံက စပ်ဖြဲဖြဲလုပ်ပြီးခေါင်းညိတ်ပြသည်။

ယောကျ်ားလေးမို့ ငွေသုံးကြမ်းတာကတော့ ကြမ်းတာပေါ့။ မီးလျှံတို့အသုံးကြမ်းတာကတော့ လွန်သည်။ ရတဲ့မုန့်ဖိုးထက် သူ့ရဲ့သုံးငွေက ငါးဆလောက်ပိုစမြဲ။ ဂိမ်းကစားရတာနဲ့၊ အသုံးအဆောင်အဆန်းအပြားတွေ ဝယ်ရတာနဲ့၊ ဆိုင်တကာလှည့်စားရတာနဲ့၊ ကောင်မလေးတွေကို လက်ဆောင်ဝယ်ပေးရတာနဲ့၊ ဘောလုံးပွဲခန့်မှန်းကြေး ထပ်ရတာနဲ့ စုံလို့စုံလို့။ ဒါတောင် အဝတ်အစားဝယ်ဝတ်ရမယ်ဆိုလျှင် မီးလျှံတို့ ကြွေးပုံထဲနစ်ပြီးသေတာတောင်ကြာပြီ။

"ငါလည်း ဒီတစ်လအသုံးနည်းနည်းများသွားလို့ ... "

"အသုံးများရင်လည်း လျှော့ပါလားဟဲ့ ... လကုန်ဖို့ကဖြင့် ဘယ်လောက်မှမလိုတော့ဘူး ... နင့်မုန့်ဖိုးကို ငါတို့သူငယ်ချင်းတွေ ဝိုင်းစိုက်မှာပေါ့ ... ဂိမ်းကစားတာလည်း လျှော့လေ ... ဖန်စီအရောင်းဆိုင်တွေမသွားနဲ့ ... ပြောသာပြောရတာပါ ... နင်က လတိုင်းဒီလိုပဲဖြစ်နေကျပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံက အသုံးများလို့များလို့ဆိုကာ သူငယ်ချင်းတွေဆီက လှည့်ပတ်ငွေချေးတတ်ပြီး ဘယ်သောအခါမှ ပြန်မဆပ်တတ်။ တစ်ခါတလေကျတော့လည်း ... ရယ်စရာ၊ တစ်ယောက်ယောက်ကို ချေးငွေပြန်ဆပ်ဖို့ဆိုပြီး နောက်တစ်ယောက်ဆီက ထပ်ချေးတတ်ပြန်ရော။ တစ်ခါတရံကျပြန်တော့လည်း လဆန်းရက် မုန့်ဖိုးရလို့ ငွေရှင်နေစဉ်မှာ အချေးပြန်ဆပ်ထားပြီး လကုန်ရက်လည်းကျရော ဆပ်ထားသည့်ငွေကိုပဲ ပြန်ချေးသွားပြန်ရော။

သူငယ်ချင်းတွေကလည်း အချင်းချင်းမို့အတင်းပဲငွေပြန်တောင်းတာမျိုးမလုပ်ပါ။ သူ့ဘာသာဆပ်ချင်တဲ့ စိတ်ပေါ်လာလည်းပြန်ဆပ်၊ မဆပ်ချင်လည်းနေ။

အထူးသဖြင့် ငွေကြေးတောင့်တင်းသည့် မိပေါက်၊ နိုးစံနဲ့ သက်သက်သာတို့သုံးယောက်ဟာ မီးလျှံရဲ့နှိပ်စက်ခြင်းဒဏ်ကို တော်တော်ပဲခံရသည်။

“ငါ့မှာ လောလောဆယ်တော့မရှိဘူး ... နင် သိပ်အခက်အခဲဖြစ်နေရင် ငါ့အမေဆီကတောင်းပေးမယ်လေ”

“ရပါတယ်ဟာ ... ဒီလောက်လည်း အရေးကြီးတာမဟုတ်ပါဘူး ... နင့်မှာရှိတတ်လို့ ငါကမေးတာပါ ... အဟဲ ငါနည်း





နည်းကပ်ဆိုးသွားတာပေါ့ ... ဒီထက်စောပြီးမေးမိရင် ရချင်ရမှာ ... ”

“နောက်ဆိုရင်ငါ့ပိုက်ဆံကိုအကုန်မဝယ်ပစ်ပဲ ... နင့်အတွက်ရန်ပုံငွေဖယ်ထားပါ့မယ်”

အလကားမိပေါက်။ သူငယ်ချင်းတွေကို ပိုက်ဆံချေးမှာစိုးလို့ လက်ထဲမှာငွေတွေသိပ်ပိုနေလျှင် မုန့်တွေဘာတွေဝယ်ကျွေးရနေမှာစိုးလို့ ရှေ့ဝယ်ပစ်တာ။

မီးလျှံက စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးနေသည်။ သူကတော့ သူလိုချင်တာမရလျှင် ဘယ်သူ့ကိုမှ မကျေနပ်တတ်သော လူစားမျိုး။

“သက်သာဆီမှာ သွားတောင်းကြည့်ဦးမယ် ... အဲဒီတစ်ယောက်ကလည်း ခုတလော ... ငါ့ဆိုရင် ဘာမကြည်မလင်ဖြစ်နေတာလဲ မသိဘူး”

“နင် ... တစ်ခုခု သူမကြိုက်တာလုပ်ထားလို့နေမှာပေါ့”

“သူမကြိုက်တာလုပ်လို့ မဟုတ်ဘူး ... သူ့ကိုမကြိုက်လို့ဖြစ်နေတာ ... ”

မီးလျှံက ခပ်တည်တည်နှင့်ပြောလိုက်လျှင် မိပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကပဲ သူငယ်ချင်းအတွက်ဝင်ပြီး အားနားသွားရသည်။

"နင်ကလည်း ... သက်သာက သူကြိုက်မဲ့လူ ဒီလောက်ပေါ နေတာ ... နင်တစ်ယောက်လျော့သွားလို့ ဘာထူးမှာတဲ့ လဲ ... သူက နင့်ကိုကြိုက်နေလို့ နင်ကသူ့ကိုကြိုက်စေချင် တာမျိုးလည်းမဖြစ်နိုင်ပါဘူး"

"သူက ငါ့ကိုကြိုက်နေတယ်လို့တော့ မဆိုလိုပါဘူး ... ဒါပေမဲ့ နင့်သူငယ်ချင်းက သိပ်လောဘကြီးတာဟ ... တလောက လုံးက ယောကျ်ားလေးတွေအားလုံး သူ့ကို ... ဝိုင်းကြွေနေ တယ်ဆိုတာမျိုးကိုပဲ လိုချင်တာ ... အထူးသဖြင့် ငါ့လို ကင်း ရထားတဲ့သူမျိုးပေါ့"

မိပေါက်က မျက်နှာရှုံ့မဲ့ထားပစ်လိုက်မိသည်။ မီးလျှံ ပြောပုံဆိုပေါက်ကြီးကို သဘောမကျပါဘူး။ တခြားမိန်းကလေးတစ် ယောက်ကိုပြောနေလျှင်တောင် မိန်းကလေးချင်းကိုယ်ချင်းစာပြီး မခံနိုင်ဖြစ်မိမှာ။ အပြောခံရသူက ကိုယ့်သူငယ်ချင်းအရင်းခေါက် ခေါက်ကြီးဆိုတော့ ပိုလို့တောင်မကျေမနပ်ဖြစ်မိသေးသည်။

မီးလျှံဟာ သူတို့မေဂျာမှာကင်းဆိုတော့ ဟုတ်တာ ပေါ့။ ဒါပေမဲ့ ပြောရလောက်အောင်ချောမောလှပနေတာတော့





သည်းမဟုတ်ချေ။ အသားအရည်က ဖြူဖွေးဝင်းလက်ပြီး မျက်နှာ အူက ဖြူးဖြူးဖြိုဖြိုပေါ်ပေါ်လွင်လွင် ရှိတာရယ်၊ မိန်းကလေးတွေ ကြိုက်လောက်အောင် ပြောတတ်ဆိုတတ်တာရယ်၊ ဆံပင်ကအစ တစ်ချက်ကလေးအဖွာမခံဘဲ အမြဲတမ်းကိုယ့်ကိုယ်ကိုယ် သနေ တတ်ကာ အဝတ်အစားအသုံးအဆောင်တွေကို ကောင်းမေ့ဆိုတာ မှတတ်တတ်တာရယ်တွေကြောင့် မီးလျှံဟာ ထင်ရှားမြင်သာပေါ်ပြူ သာ ဖြစ်နေရတာ။ ရုပ်ကဖြင့် ဟုတ်ဟုတ်ဟတ်ဟတ်ကြီး မဟုတ်လှ ပါဘူး။

ဒါနဲ့တောင် မီးလျှံကအပြောမလျှော့။ သူ့ကိုယ်သူ များ'ငါကကင်း'လို့ ပွင့်ပွင့်လင်းလင်းဖွင့်ပြောရဲတာ အံ့သြပါရဲ့။

"တကယ်တော့ မိန်းကလေးဆိုတာ ... ရည်းစားမရခင်လေး ပဲ တန်ဖိုးရှိတာပါဟာ ... ဟိုလူဒီလူက ဝိုင်းကြိုက်ကြ ... အတန်းရှေ့လာကြည့်ကြ ... စာပေး၊ ပန်းပေး၊ လက်ဆောင် တွေပေး ... အကြောင်းရှာပြီး ဆိုင်တွေမှာလိုက်ကျွေး ... အဲဒါတွေကို အဟုတ်ကြီးမှတ်ပြီး မာန်တတ်နေကြတာ ... တစ်ယောက်ယောက်ကို အတည်တကျရည်းစားအဖြစ်ရွေး လိုက်ပြီကတည်းက ... သူ့နားမှာ ဘယ်သူမှမရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားကိုယ်တိုင်ကလည်း ... မရခင်ကလောက်တန်ဖိုးမထားတော့ဘူး ... ကိုယ့်ရည်းစားအလှပြင်ထားသလား၊ ပိုလှနေသလား၊ သိပ်မလှဘူးလား၊ အဝတ်အစားသစ်နဲ့လိုက်ရဲ့လားဆိုတာမျိုးတောင် သတိမထားမိကြတော့ဘူး ... အဲဒီအခါကျတော့ မကျေနပ်တာတွေ ... အလိုမပြည့်တာတွေနဲ့ စိတ်ကအမြဲမကြည်မလင်ဖြစ်နေရော ... ”

“ဟဲ့ ... နင်မိန်းကလေးတွေအတင်းကို ပြောနေတဲ့သူက မိန်းကလေးပဲဆိုတာလေးလည်း သတိထားစမ်းပါဦး ... ”

“ဒါတော့ သတိထားလို့မရဘူးဟ ... နင့်ကို ငါကယောကျ်ားလေးတစ်ယောက်လိုပဲ စိတ်ထင်တာ ... ”

အမှန်တော့ ယောကျ်ားလေးတစ်ယောက်လို့ထင်တာမဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက်လို တန်ဖိုးမထားတာပါ။ မိပေါက်ကိုဆို အားလုံးကပေါတောတော၊ သွပ်ချာချာလူသားတစ်ယောက်အဖြစ်နဲ့ လေးစားသမှုကိုမရှိတာ။

ကြည့်ပါလား။ နာမည်ခေါ်တာတောင် အမေအဖေပေးထားသည့် မှတ်ပုံတင်ထဲ၊ သန်းခေါင်စာရင်းထဲက ယွန်းပန်းနွယ်ဆိုသည့် နာမည်နုနုရွရွကလေးကိုတောင် မခေါ်ကြ။ ငယ်နာမည်





ပေါက်ကျော်မ,ဆိုတာကို အဖျားဆွတ်ကာခေါ်သည့် မိပေါက်ဆိုသည့်နာမည်ကိုသာ တတွင်တွင်ခေါ်နေကြတာ။ ခုနေတစ်ယောက်ယောက်က ယွန်းပန်းနွယ်ဆိုသည့်နာမည်ကို ပြောလာမည်ဆိုလျှင်တောင် အဲဒါငါ့နာမည်များဖြစ်မလားလို့တောင် တွေးချင်တွေးမိကြမည်။ မိပေါက်နာမည်ပဲလို့တော့ ဘယ်သူကမှမတွေးမိနိုင်ပေ။

ဒါတွေဟာ ကိုယ်အနေအထိုင်မတတ်လို့ ဖြစ်ရတာတွေမှန်း သိပေမဲ့လည်း မိပေါက်ကတော့မပြင်ဆင်နိုင်ပါ။ လူတွေကကိုယ့်ကို ဘယ်လိုထင်ကြမလဲဆိုတာထက် ကိုယ်စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲဆိုတာကိုသာ မိပေါက်ကတွေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com









"သမီး ... ဒီလအတွက် မုန့်ဖိုးမရသေးဘူးမဟုတ်လား"

ရုံးခန်းထဲဝင်လာသည်နှင့် ဖေဖေက ကုတ်အင်္ကျီကိုချွတ်၊ နက်ခ်တိုင်လည်စည်းကိုလျှော့ရင်း တခြားလက်တစ်ဖက်ကလည်း ဖုန်းကိုတတောက်တောက်နှိပ်နေသေးသည်။

ဒီကြားထဲကပင် သက်သက်သာကို မေးခွန်းလှမ်းမေးလိုက်သေး၍ သက်သာက ပြန်ဖြေမည်လည်းလုပ်လိုက်ရော ဖေဖေခေါ်နေသည့်ဖုန်းက ဝင်သွားတာမို့ သက်သာကိုလက်ကာပြကာ ဖုန်းပြောနေရသေးသည်။

ဘယ်လောက်တောင် စိတ်မရှည်ချင်စရာကောင်းလိုက်သလဲလို့။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်မခံရသည့်အဖြစ်မျိုးဆို



www.burmeseclassic.com

www.burmeseclassic.com



သက်သာကနည်းနည်းလေးမှ မခံနိုင်ပေ။ ဒါဟာလည်း ဖေဖေက သက်သာ ဘာပြောပြောဂရုမစိုက်လွန်းလို့ ရလာသည့်အကျင့်ပဲဖြစ်ရမည်။

"သမီးမုန့်ဖိုးလိုချင်လို့ လာတာမဟုတ်ဘူးဖေဖေ ..."

"ဟုတ်လား ... ဒါဆိုဘာလည်း ... စတေ့ချ်ရှိုးလက်မှတ်လိုချင်တာလား ... ဒါမှမဟုတ် တီဗီမော်ဒယ်(လ်)အသစ်လဲချင်တာလား ... ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ ခရီးထွက်ချင်လို့ စီစဉ်ပေးရမှာလား ..."

"အဲဒါတွေလည်းမဟုတ်ဘူး ... သမီးတက်နေတဲ့ ကွန်ပျူတာသင်တန်းက ကျောင်းဆင်းလက်မှတ်ချီးမြှင့်တဲ့ပွဲရှိတယ်ဖေဖေ ... လာမဲ့စနေနေ့မှာ ..."

"ဪ ... ဒါဖြင့် သမီးက ဝတ်စုံသစ်လိုချင်တာလား ... ဒါမှမဟုတ် ဖေဖေ့ကားနဲ့ ရှိုးလုပ်ပြီးသွားချင်တာလား ... ရတယ်ပါလေ"

"ဖေဖေ ... သမီးပြောချင်တာလေး ပြောခွင့်တော့ပြုပါ"

"အေး ... အေး ... ပြောသမီး"

ပြောလို့သာ အခွင့်ရေးပေးလိုက်တာ ဖေဖေ့မျက်လုံးတွေက အသင့်ဖွင့်ထားသည့် ဖိုင်တွဲထဲကစာရွက်စာတမ်းတွေပေါ်မှာသာ။ ကြည့်ရတာ ဖေဖေဟာ သူ့အလုပ်ကိုသာ သူစိတ်ဝင်စားနေတဲ့ပုံပါပဲ။ သက်သာပြောမည့်စကားကို စိတ်ဝင်စားတဲ့ပုံမရ။

"လက်မှတ်ပေးပွဲကို ... သမီးသွားချင်တယ်ဖေဖေ"

"အေး ... သွားလေ ... သမီးသုံးဖို့ကြိုက်သလောက် ..."

"သမီး ... ဖေဖေတို့မေမေတို့နဲ့အတူသွားချင်တာ ..."

ဖေဖေ့မျက်နှာကွက်ခနဲပျက်သွားသည်။ သက်သာကတော့ ဖေဖေ့မျက်နှာအပြောင်းအလဲကို အသက်အောင့်ကာ စောင့်ပဲစောင့်ကြည့်နေလိုက်သည်။

ဖေဖေဟာ ဘာတွေဘယ်လောက်ကြီးပဲ တောင်းဆိုတောင်းဆိုလိုက်လျောတတ်သည်။ 'မေမေနဲ့အတူ'ဆိုသည့် တောင်းဆိုမှုမျိုးကိုတော့ ဘယ်တော့မှလိုက်လျောပေးလေ့မရှိ။ စိတ်မကြည်လျှင် ဆူပူအော်ငေါက်ပြီးတော့တောင် ထုတ်တတ်သေးသည်။

"သမီး ... ဖေဖေက စနေ့ တနင်္ဂနွေတွေလည်း မအားတတ်ဘူး ... သမီးကို လိုက်မယ်လို့ ကတိပေးပြီးမှ ငြင်းမရတဲ့အကြောင်းတစ်ခုခုပေါ်လာရင် ... သမီးပဲ စိတ်မကောင်းဖြစ်ရမှာ ... သမီးမေမေနဲ့ပဲ အတူသွားလိုက်နော်"







www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကလေးဘဝထဲက သက်သာကြားနေကျ စကား။ ငယ်ငယ်တုန်းက သက်သာဟာစာတော်သည်။ အတန်းထဲမှာ ပထမ၊ ဒုတိယမဟုတ်တောင် တတိယလောက်တော့ ချိတ်တတ်သည်။ ဂုဏ်ထူးလေးခုလောက်တော့ ရတတ်သည်။ ဆုပေးပွဲတိုင်းလိုလိုကို တက်ရောက်ခွင့်ရခဲ့ဖူးသည်။

သက်သာဆုပေးပွဲတက်ရဖို့ရှိတိုင်း ဖေဖေ့ထံက ဒီလိုစကားမျိုးကို ကြားရတတ်မြဲ။ အတူလိုက်ဖို့ ငြင်းဆန်ခြင်းကိုခံရတတ်မြဲ။

ကြာတော့ သက်သာစိတ်ကုန်လာသည်။ ဘက်ပဲ့နေသည့်ဆုပေးပွဲတွေကို မသွားချင်တော့။ ဆုလည်းမရချင်တော့သလို စာလည်းမကြိုးစားတော့။ ဒါနဲ့ပဲ သက်သာဟာ ဆုပေးပွဲတွေနဲ့ ကင်းဝေးသွားကာ ဆယ်တန်းအောင်တော့လည်း မူလရည်မှန်းထားသည့် ဆေးကျောင်းသွားဖို့အမှတ်မမီတော့။

တစ်ခါတရံတော့ အဲဒီထဲမှာ လူညံ့စာရင်းဝင်ဖြစ်သော မိပေါက်တို့၊ စိုးစံတို့နဲ့အတူတက်နေရသည့် အဖြစ်ကိုရင်နာမိသား။ သက်သာဟာ ဂျူတီကုတ်လေးဝတ်ပြီး ကြေ့ကြေ့မော့မော့ကလေးနဲ့ ဆေးကျောင်းတက်နေရမှာ။





သက်သာနေရာမှာ တခြားတစ်ယောက်ယောက်သာဆိုလျှင် လိုက်ခဲ့ပါဖေဖေရယ်၊ တစ်ခါတလေလေးတော့ ကိုယ့်သမီးအတွက် အချိန်ပေးပါ။ သမီးက ဖေဖေနဲ့အတူလာတယ်ဆိုပြီး ဂုဏ်ယူချင်လို့ပါ စသည်ဖြင့် ချွဲချွဲနွဲ့နွဲ့၊ တောင်းတောင်းပန်ပန်နဲ့ပြောမိမှာပင်။

သက်သာကတော့ တစ်ခါကနှစ်ခါ မတောင်းပန်တတ်သူမို့ ဖေဖေ့ကိုဘာမှဆက်မပြောတော့ပါ။

“ဒါဖြင့်လည်း သမီးပြန်မယ်ဖေဖေ …”

“အေး … အေး … သမီးလိုချင်တာရှိရင် ပြောနော်”

“သမီးဘာ တခြားဘာမှမလိုပါဘူးဖေဖေ …”

သမီးမှာ ဖေဖေပဲလိုတာပါဆိုသည့် စကားကိုတော့ သက်သာက ထည့်ပြောမနေတော့။ အိပ်ချင်ဟန်ဆောင်နေသူကို အတင်းနှိုးမနေတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com









"မိပေါက် ... မိပေါက် ... နင် ငါ့ကိုတစ်ခုလောက်ကူညီပါလား ... "

"ပိုက်ဆံချေးဖို့လား ... "

မိပေါက်က တန်းခနဲပြောချလိုက်တော့ မီးလျှံမျက်နှာကြီးရှုံ့မဲ့သွားသည်။

"နင်ကလည်း ငါ့ကိုဆို ... ဒါပဲထင်နေတာပဲ"

"နင်အရေးတကြီးဖြစ်လာပြီဆိုရင် ... ငွေလိုလို့ပဲကိုး"

"အခုကိစ္စက ... ငွေပြတ်တာထက် ပိုအရေးကြီးတယ်ဟ"

"ဘာလဲ ... နင့်အဖေက မုန့်ဖိုးအကုန်အကျများတယ် ဆိုပြီး အိမ်ကနှင်ချလိုက်လို့လား ... "



www.burmeseclassic.com

www.burmeseclassic.com



"တလွဲခန့်မှန်းတွေ မလာစမ်းပါနဲ့ဟာ ... ငါအခု တကယ် ပြဿနာတက်နေတာဟ ... မေဦးမွန်လေ ... သူက ငါ့ကို အတင်းလိုက်ကပ်နေတယ်ဟ ... ဘယ်လိုမှ ခွာလို့ကိုမရ တော့တာ ... "

"နင်ကလည်း ဓာတ်လမ်းသွားရှာတာကိုး ... ကိုယ့်ဓာတ် ဖြင့် ကိုယ်မနိုင်ဘဲနဲ့ ... "

"ငါကတော့ ထုံးစံအတိုင်း ကြုံကြိုင်ကိုးဟ ... ဒီကောက် ကြီး ခွာမရလောက်အောင် ဖြစ်လိမ့်မယ်လို့တော့ ... ဘယ် ထင်ထားပါ့မလဲ ... မိန်းမကလည်း ငါ့ကိုလက်လွှတ်ရမယ် ဆိုတာမျိုးကျ လုံးဝမခံနိုင်ဘူးထင်ပါ့ ... "

ပြောပြန်ပြီ။ မီးလျှံကို အဲဒီအပြောတွေကြောင့် သဘောမကျတာ။ မိန်းမတွေကို အထင်သေးလွန်းသည့် စိတ်ဓာတ် ဟာ ယောကျ်ားမပီသသည့် လူတွေရဲ့စိတ်ဓာတ်။ သူငယ်ချင်းမို့လို့ သာ သည်းခံနေရတာ။ မီးလျှံရဲ့အပြောအဆိုတွေကို မိပေါက်က တော့ ကြိုက်ကိုမကြိုက်ပါဘူး။

"နင်က မပွင့်တပွင့်လုပ်နေလို့လားမှမသိတာ ... တကယ် အပြတ်ပြောပစ်လိုက်ရင် ပြီးသွားမှာပေါ့ ... "





"ပြောပြီးပြီ ... ငါနောက်တစ်ယောက်ရသွားပြီ ... ဆောရီး ပဲ နားပါတော့ အမျိုးမျိုးပြောပြီးပြီ ... ခက်တာက လော လောဆယ် ငါ့မှာလက်ဆုပ်လက်ကိုင်ပြစရာမရှိဘူး ဖြစ်နေ တယ် ... အဲဒီတော့ သူကမယုံဘူးတဲ့ဟာ"

"ဒါဖြင့် ငါကဘာကူညီရမှာလဲ ... ကျွန်မသူငယ်ချင်းကို ဆက်မနှောင့်ယှက်ပါနဲ့ ... ခပ်ဝေးဝေးနေပေးပါလို့ တား ပေးရမှာလား"

"တလွဲခန့်မှန်းပြန်ပြီဟာ ... နင်ကလေ မိုးလေဝသမှာ လုပ် ဖို့ကောင်းတယ် ... ငါက နင့်ကိုငါ့ရည်းစားဟန်ဆောင်ပေး ရမှာ"

"မီးမီးရယ် ... စဉ်းစားလည်းကြည့်ပါဦးဟယ် ... ငါက နင့်ရည်းစားဆိုတော့ ဘယ်သူကယုံမှာလဲ ... "

"အေးလေ ... နင်ကလို့မပြောပါဘူး ... လူရုပ်ကြီးထွက်ပြ ဖို့ မဟုတ်ဘူးလေ ... ဖုန်းနဲ့ပြောရုံပဲ နာမည်ကိုလည်း ပေါက်ကျော်မ လို့တော့ မပြောနဲ့ပေါ့ ... ကလျာမိမိနှင်းတို့ သီရိစန္ဒီယောဟနီတို့ ထွန်းမြတ်သဉ္ဇာဥက္ကလာတို့ ... "

"ဟီးဟီး ... ဥက္ကလာဆိုတာက ဘာလို့ပါလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြောက်ဥက္ကလာမှာနေတာကိုး ... "

"ဒါဆို ... သဃ်န်းကျွန်းမှာနေရင် ... ဇမ္ဗူရာဇ်ထွန်းသဃ်န်းကျွန်း၊ ကျောက်တံတားမှာနေရင် စံမိုထိပ်ထား ကျောက်တံတား၊ လမ်းမတော်မှာနေရင် ခင်လှမျိုးသော် လမ်းမတော်၊ အဲဒီလိုတွေမှည့်ရတော့မှာပေါ့"

"ဟား ... ဟား ... နင့်ဘာသာကြိုက်သလိုသာမှည့် ... အရေးကြီးတာက အဲဒီတစ်ယောက်ဟာ ... ငါ့ရဲ့ဓာတ်လမ်းသစ် ငါ့ကိုသိပ်သဝန်တိုတယ် ... ဓာတ်လမ်းဟောင်းတွေဆိုလုံးဝလက်မခံဘူး ... အပြတ်ချဲပစ်မယ် ... အဲဒီလိုမျိုး မေဦးမွန်သိသွားဖို့ပဲ ... "

"နင့်ဟာကလည်း စိတ်ပျက်စရာပါ ... ငါက ဒါမျိုးတစ်ခါမှ ပြောဖူးတာမဟုတ်ဘူး ... "

"ကူပါဟာ ... နင်က ခပ်တည်တည်နဲ့သာပြောတဲ့နေရာမှာ ကျွမ်းပါတယ်"

"တခြားကိစ္စတော့ ဟုတ်မယ်လေ ... မိန်းမချင်းစားမာန်ခုတ်ရတာကျတော့ ရှက်စရာကြီး ... "

"တကယ်မှ မဟုတ်ဘဲ ... "





"တကယ်မဟုတ်လည်း တကယ်ထင်အောင်ပြောရတော့မှာပေါ့ ... ပြောမှတော့ ငါ့အသံကအသက်မပါရင် တစ်ဖက်ကယုံပါ့မလား"

မီးလျှံက သနားစရာဖြစ်အောင်မျက်နှာလေး ငယ်ခြလိုက်ကာ ...

"ဒီတစ်ခါလေးတော့ ကူညီပါဟာ ... ငါ့မှာ သိပ်အခက်အခဲဖြစ်နေလို့ပါ ... နင်လည်းသိသားပဲ ... အသေဝနာစဗာလာနံ မချစ်မနှစ်သက်သောသူနှင့် အတူနေရချင်းသည် ဆင်းရဲတဲ့ ... "

"မဟုတ်တာ ... အဝီယေဟိ ဝိပ္ပရောဂေါ ဒုက္ခောပါ ... အသေဝနာစဗာလာနံဆိုတာ ... နင်တို့လိုလူမိုက်တွေကို အပေါင်းအသင်းမလုပ်ဘဲနဲ့ ခပ်ဝေးဝေးကရှောင်ရမယ်လို့ပြောတာ ... "

"ထားပါ ... ငါပါဠိလိုတွေ သိပ်မှမသိတာ ... အရေးကြီးတာက သူ့ကိုငါလုံးဝမချစ်နိုင်ပဲနဲ့ ... ငါ့နားကပ်ပြီး တကျိကျိ တကျာကျာလုပ်နေမှာကို မခံနိုင်ဘူးဟာ ... ငါ့ကို အတင်းအပိုင်ချည်တုပ်နေတာ ... တကယ်လို့ ငါကများအနေနာ



www.burmeseclassic.com

www.burmeseclassic.com



ပါးနာလျှော့လိုက်မိရင် သူကအတင်းကိုလက်ထပ်ခိုင်းရ
ခိုင်းနေဦးမှာ ... ”

တော်တော်အမြင်ကတ်ဖို့ကောင်းတဲ့ကောင် ...
တစ်ဖက်မိန်းကလေးလည်း သူနဲ့ကျမှပဲအပြောခံလိုက်ရတာ ရစေ
ကိုမရှိတော့ပါဘူး။

တတ်နိုင်ပါဘူးလေ။ ကိုယ်က သူ့သူငယ်ချင်းဖြစ်
တော့ သူငယ်ချင်းဘက်ကလိုက်ပေးရတော့မှာပေါ့ ...'။ ဒါမှလည်
တစ်ဖက်သားခမျာ ဒီဝဋ်ကမြန်မြန်ကျွတ်မှာ။

“ကောင်းပြီ ... ကောင်းပြီ ... ငါပြောပေးမယ် ... ဒါေ
ငါ့ဘာသာတစ်ယောက်ထဲပဲပြောမှာနော် ... နင်ရှေ
မပြောဘူး ... ”

“ရတယ် ... ငါကလည်း နင်ဘာပြောလဲသိချင်တာမှမဟု
တာ ... နင့်ဘာသာ ပြောရုံနဲ့အားမရလို ဖုန်းထဲကနေ
တစ်ဖက်ထုတ်ပြီး ... ကျွေးလိုက်လည်းရသေးတယ် ...
နစ်နာနာထိထိမိမိလေးသာ ဖြစ်ပါစေ ... ”

“ဟော့ ... ဘာတွေ ထိမိနေတာလဲ”

“မိးမိးပေါ့ ... ငါ့ကို သူ့ရည်းစားနဲ့အဆက်ဖြတ်ဖို့ ကိ





ဝင်ကူခိုင်းနေတယ်”

“သွားပါဟာ ... နင့်ကိစ္စနင်သွားလုပ် ... ဒီကောင့်ကို တိုင်မ
နေနဲ့ ... ”

“မင်းက ဘာတွေသွားခိုင်းထားတာလဲ ... ”

မီးလျှံက ... မပြောချင်ပြောချင်ပုံစံနှင့် အကျိုး
အကြောင်းပြန်ပြောရသည်။ မီးလျှံစကားဆုံးတော့ စိုးစံကရှုံ့မဲ့သွား
ပြီး ...

“မိပေါက်ကို ... ဒါမျိုးခိုင်းတာတော့ မကောင်းပါဘူးကွာ”

“ဒါမျိုးကလည်း မိပေါက်မှပဲခိုင်းလို့ရမှာ ... သက်သာလို
မိန်းမကိုသွားခိုင်းလို့ကတော့ ... ငါ့ပါးရှစ်စိပ်ကွဲမှာပေါ့ ...
ရိုလှဲ့တို့စန်းစန်းဝင်းတို့ဆိုလည်း ဖိနပ်နဲ့ပိတ်ပေါက်မှာ ... ”

“အဲဒါပေါ့ ... မင်းက မိပေါက်ကိုဆို သိပ်အနိုင်ကျင့်လွန်း
တယ် ... မင်းခိုင်းရင်ခိုင်းတဲ့အတိုင်း လုပ်ပေးမဲ့သူလို့ပဲ အပိုင်
တွက်ထားတယ် ... အဲဒါမဖြစ်သင့်ဘူး”

“မိပေါက်ကပြောလို့ ခိုင်းလို့ကောင်းတာကိုး ... ”

“ခိုင်းတယ်ဆိုတာ ... အတိုင်းအတာနဲ့စည်းနဲ့ဘောင်နဲ့ရှိ
တယ်လေ ... မိပေါက်က မိန်းကလေး ... ပြီးတော့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း … မင်းက အချင်းချင်းမို့ရင်းနှီးလို့ နိုင်းတာထက် မိပေါက်ပုံစံလေးက ရှုးတူးပေါ်တောလေးလိုမို့ နိုင်းရဲ့တဲ့ပုံ ပေါက်နေတယ် … သက်သာကို ထားဦးကွာ … ငါတို့ထဲ မှာ သဘောအကောင်းဆုံးဆိုတဲ့ စန်းစန်းဝင်းကိုတောင် မင်း ဒါမျိုးနိုင်းရဲလို့လား … ”

မီးလျှံက ခဏလေးတောင်မစဉ်းစားဘဲ …

“မနိုင်းရဲဘူး … ”

“အဲဒါပဲ … ငါတို့ကောင်တွေက မိပေါက်ကိုဆို မလေးမစား လိုဖြစ်နေတယ် … ဣန္ဒြေစောင့်ထိန်းရမဲ့ မိန်းကလေးတစ် ယောက်လို့ကို မသတ်မှတ်မိဘူးဖြစ်နေတယ် … တခြားမိန်း ကလေးတွေကို မပြောရဲမဆိုရဲသလောက် … မိပေါက်ကျ တော့ ပြောရဲဆိုရဲဖြစ်နေတယ် … တကယ်တော့ မိပေါက် တို့လို မိန်းကလေးသူငယ်ချင်းတွေကို … ငါတို့ကောင်တွေ က ကူပြီးတော့တောင် စောင့်ရှောက်ပေးရမှာ … ငါတို့ထဲ မှ ကိုယ့်သူငယ်ချင်းကိုယ်မလေးစားရင် ဘယ်သူကလေး စားမှာလဲ”

မီးလျှံက ခေါင်းကိုတဖျင်းဖျင်းနေအောင် ကုတ်ပင်





လိုက်သည်။

စိတ်ရှုပ်ရတဲ့ကြားထဲ ဒီကောင်ကလည်းတမျှောင့်။ ပြောရဲတာ၊ မဆိုရဲတာတွေရော၊ လေးစားရမှာတွေရော၊ စောင့် ရှောက်ရမှာတွေရော၊ ခုတ်ကိုရှုပ်နေတာပဲ။

“မင်းစကားတွေက … မောင်တင်မောင်မေရှင်တို့ခေတ်က ရုပ်ရှင်ထဲမှာပြောကြတဲ့ စကားတွေနဲ့တူနေတယ် … ဒီ ခေတ်ထဲမှာ ဘယ်သူမှ … စောင့်ရှောက်နေစရာမလိုပါဘူး ကွာ … မိပေါက်ကိုဆို ပိုတောင်မလိုသေးတယ် … လူကိုယ် တိုင်ကလည်း လက်ရဲဇက်ရဲဇက်ဇက်ကြဲ … သူ့မိဘတွေဆို လည်း သမီးကိုချစ်လိုက်ပုံပိုးလိုက်ရတာ … ဆက်ဆက်တုန် ပြီးတော့ အားလုံးထဲမှာ မိပေါက်ကအချမ်းသာဆုံး … ဘယ် နေရာမှာမှား သူများအစောင့်အရှောက်ခံဘဝရောက်စရာ ရှိသေးလဲ … ”

သိတယ်။ သိတယ်။ မီးလျှံတို့ကတော့ ဒီလိုပဲဆင် ခြေဆင်လက်ကောင်းကောင်းနဲ့ငြင်းမှာပဲဆိုတာ။ ဒီကောင့်ကို ကျိုး ကြောင်းဆက်စပ်ရှင်းပြနေလို့လည်း အပို။ မီးလျှံဟာ ကိုယ့်တစ်ဘို့ ထဲပဲသိတတ်တဲ့အကောင်။ ဘယ်တော့မှ သူများအတွက်တွေးပေး



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်။

"စောင့်ရှောက်ချင်ရင်လည်း ... မင်းသက်သာပဲမင်းဘာသာ စောင့်ရှောက်စမ်းပါ စိုးစံရာ ... "

"သက်သာက ... ငါ့သက်သာမဟုတ်ပါဘူးကွ"

"ဟီး ... ဟီး ... ငါမသိတာလိုက်လို့ ... သက်သာကိုတွေ့ရင် မင်းလည်ပင်းကြီးဆန့်ပြီး ငေးနေလိုက်တာများ ... ငါတို့အိမ်က ဂျမ်ဘိုကြီးအမဲရိုးမျှော်နေသလိုပဲ ... "

"ဟေ့ကောင် ... မင်း ... မင်း ... ငါ့ကို"

"ဟား ... ဟား ... ဟား"

မိုးလျှံက စိုးစံကို အားရပါးရနှိပ်ကွပ်ပြီးလျှင် တဟားဟားအော်ရယ်ကာ ထပြေးလေတော့သည်။

စိုးစံကတော့ ဒီကောင်မိုးလျှံကို သိပ်အလျှော့မပေးဖို့ မိပေါက်ကိုမှာထားဦးမှပဲလို့သာ တွေးနေနိုင်လေသည်။





"စံစံ ... ဟဲ့ စံစံ ... ခဏလာပါဦး ... "

"ဘာတုန်းဟ ... ဒေါ်မှာ လွတ်သွားတဲ့စာတွေ ပြန်ကူးနေတာ"

"နင့်စာတွေခဏထားပါဦး ... ငါမေးစရာရှိလို့ ... "

မိပေါက်တို့ကတော့လာပြီ။ သူ့မှာ အမြဲတမ်းအရေးကြီးအကြောင်းကရှိနေတတ်မြဲ။ တစ်ခုဆိုးတာကတော့ သူ့ရဲ့အရေးကြီးကိစ္စဆိုတာဟာ သူ့အတွက်သာအရေးကြီးနေတာဖြစ်ပြီး တခြားဘယ်သူ့အတွက်မှ အရေးကြီးမဟုတ်တာပါပဲ။

"ကဲပြော ... ဘာမေးမှာလဲ"

"အေးဆေးပေါ့ဟ ... ကင်တင်းခဏလိုက်ခဲ့ ... အားလုံးရှု



www.burmeseclassic.com

www.burmeseclassic.com



မှာ ငါမပြောချင်ဘူး"

ရှည်ပါ့။ ရှည်ပါ့။ ပြန်ပြောလည်း အငြင်းအခုန်ဖြစ်ေ တာပဲ အဖတ်တင်ကာ နောက်ဆုံးကျလိုက်ရက လိုက်ရတာပဲဖြစ် မှာမို့ စိုးစံက ဘာမှထပ်ပြောမနေတော့ပဲ မိပေါက်နဲ့အတူသာ လိုက် ခဲ့တော့သည်။

"နင့်သူငယ်ချင်းထဲက မောင်တာဆိုတဲ့တစ်ယောက်ဟာ ... ခုတစ်လော ဘာလို့ငါတို့ခုံဘေးကိုပြောင်းလာထိုင်နေရတာ လဲ ..."

အဲ ... ။ လုပ်ပြီ။ လုပ်ပြီ။

နေရာတကာ ကိုယ်နဲ့ဆိုင်ဆိုင်မဆိုင်ဆိုင် ဝင်ရှုပ်စ စုတတ်တဲ့အကျင့်ကို မကြိုက်ပါဘူး။ မိပေါက်ဟာ ဘာမဆိုသူသိချင် တာနဲ့ ဝင်ပါချင်ရတာနဲ့။ ရှုပ်ကိုရှုပ်တယ်။

"ငါတို့ခုံက ကြမ်းပိုးကိုက်လို့တဲ့ ..."

"ဟဲ့ ... တကယ်လား ... အတန်းထဲမှာ ကြမ်းပိုးရှိတယ် ဟုတ်လား ... ငါတို့ခုံတော့မရှိဘူးထင်တယ်"

စိုးစံက အမြင်ကတ်ကတ်ရဲ့ ဖြေလိုက်တာကိုလည်း အဟုတ်မှတ်လိုမှတ်။ ဒီကောင်မလေးကတော့ ဒါတွေကြောင့်ပဲ လူ





တိုင်းကမလေးမစား ဆက်ဆံတာကိုခံရတာ (တစ်ခါတလေလည်း စိုးစံကိုယ်တိုင်တောင် ပါမိသေးသည်။)

"ငါက တမင်ရွဲ့ပြောနေတာဟ ... ကြမ်းပိုးရှိတယ်ဆိုရင် ငါတို့တစ်ခုံထဲကွက်ပြီးရှိမလား ..."

"အေးလေ ... ဒါကြောင့် ထင်တော့ထင်သားပါ ... အဲ နင် စကားလွှဲမပစ်နဲ့ ... သူဘာကြောင့် ခုံရွှေ့ထိုင်တာလဲ"

"ခက်တော့တာပဲဟာ ... ငါတို့ယောကျ်ားလေးတွေက နင် တို့မိန်းကလေးတွေလို အုပ်စုဖွဲ့ထားပြီး ... ဒီအတွဲလိုက် အတွဲလိုက်ပဲထိုင်တာမှမဟုတ်တာ ... ကြိုရာခုံမှာ ကြုံတဲ့ သူနဲ့ကြုံသလိုဝင်ထိုင်ကြတာ ... ဒီလိုပဲ ရွှေ့ချင်ရွှေ့သွားမှာ ပေါ့"

"ငါသိသလောက်တော့ ... နင်တို့ယောကျ်ားလေးတွေက နောက်ဆုံးခုံကိုပဲ ပြိုင်တိုးနေကြတာပါ ... စာကြမ်းပိုးအောင် မင်းတို့ သုံးလေးယောက်ကလွဲရင် ... အခုမောင်တာကကျ တော့ ဘာလို့ရှေ့ကိုရွှေ့လာရတာလဲ ..."

"သိဘူးလေ ... သူလည်း စာကြမ်းပိုးဖြစ်သွားလို့နေမှာပေါ့"

"ဖြစ်စရာကိုမရှိဘူး ... ငါကြည့်ကြည့်နေတယ် ... အဲဒါစာ



www.burmeseclassic.com

www.burmeseclassic.com



သင်နေတဲ့အချိန်ကျ သူ့မျက်နှာက ... ရှေ့တည့်တည့်မှလှည့်မနေတာ ... ငါတို့ ခုံဘက်ပဲလှည့်လှည့်နေတဲ့ဟာ"

"ဩော် ... ဒါဖြင့် ဆရာစာသင်တာကို စိတ်မဝင်စားတာ မောင်ကာတစ်ယောက်ထဲမဟုတ်ဘူး ... နှင်လည်းပါတာပေါ့ ... မောင်တာ ဘယ်ကိုကြည့်နေလဲဆိုတာ နင်ကလည်း လိုက်ကြည့်နေရတာပဲ မဟုတ်လား"

"ငါကသိချင်တာကိုးဟဲ့ ... အဲဒါကို နင်ကသာပြောလိုက်ရင် ငါ့မှာ အပင်ပန်းခံပြီး လိုက်ကြည့်နေစရာလိုပါဦးတော့မလား ... "

အလကားနေရင်း ... ရှုပ်အောင်လာလုပ်နေတာ။ 'အရှုပ်ထဲမှာ ရှင်းအောင်နေ' မဟုတ်ဘဲ မိပေါက်တို့ကျတော့ 'အရှင်းကြီးကို ရှုပ်အောင်လုပ်' ဖြစ်နေပါပြီကော။

"နင်က ဘာဖြစ်လို့သိချင်ရတာလဲ ... "

"အဟဲ ... "

စိုးစံက ဒီလိုမေးလိုက်တော့ မရွှေချောကချက်ချင်း မဖြေ။ ယုန်သားတွေလို ခပ်ကြီးကြီးဖြစ်နေသော ရှေ့သွားလေးတွေပေါ်အောင် အဟီးခံနဲ့ရယ်ပြလိုက်ပြီးမှ ...





"ငါ့စိတ်ထင်တော့ အဲဒီတစ်ယောက်က ... ငါ့ကိုများ ကြည့်နေတာလားလို့ ... "

အဲ ... သေဟာ။ လုပ်ချလိုက်ပြန်ပြီ။

မိပေါက်တို့ကတော့လေ။ ရယ်စရာလည်းကောင်း၊ သနားစရာလည်းကောင်း။

သူမဘေးမှာ သက်သာတစ်ယောက်လုံးရှိရဲ့သားနဲ့ သူ့ကိုကြည့်တယ်လို့များ ထင်ရသေးသတဲ့။ ပြီးတော့ ...

မိန်းကလေးပီပီ ဣန္ဒြေနဲ့မနေဘဲ အဲဒါကိုစိတ်ဝင်တစား လိုက်စုံစမ်းနေရပြန်သေးသတဲ့။

"နင်ကတော့လေ ... "

"ဘာလဲ ... သက်သာကိုကြည့်တာကို ငါ့ကိုကြည့်တယ် ထင်နေတာလားလို့ ပြောချင်တာလား ... "

ဟုတ်တိုင်းမှန်ရာ ဖြစ်နေတော့လည်း စိုးစံက အားနာကာ ဘာမှပြန်မပြောနိုင်။

"လုံးဝမဖြစ်နိုင်ဘူး ... နင်သာမသိတာ ... အဲဒီ မောင်တာနဲ့သက်သာက မောင်နှမနှစ်ဝမ်းကွဲတော်တယ် ... မောင်နှမချင်း ဒါမျိုးကြိုက်လို့ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါပေမဲ့လည်း ..."

"ငါတို့ခုံတန်းမှာ ... လေးယောက်ထိုင်တာဟာ သက်သာ ကသူ့ညီမဆိုတော့မဖြစ်နိုင်တော့ဘူး ... ဝေဝေသော်က ရည်းစားရှိတာ အားလုံးအသိ ... ခက်ခက်နိုင်ကျတော့ အဟီး ... ရုပ်က ဘယ်လောက်ဆိုးထားလဲ ... မဲမဲ၊ ပြဲပြဲ ဝက်ခြံထူလပျစ်နဲ့ ... တော်ယုံယောကျ်ားလေးကတော့ ခက်ကို မကြိုက်လောက်ဘူး"

သူ့အတွေးနဲ့သူတော့ ဟုတ်နေတာပဲ။ မောင်တာဟာ သက်သာနဲ့မောင်နှမဝမ်းကွဲတွေဆိုတော့လည်း ပြောလို့မရတော့ဘူးပေါ့။

"ငါလည်း ... တခြားတစ်ယောက်ယောက်များ ဖြစ်နေမလားလို့ ... ဟိုဘက်ဒီဘက် နေရာရွှေ့ပြီးထိုင်ကြည့်ပါသေးတယ် ... ငါဘယ်ရွှေ့ရွှေ့ သူ့အကြည့်က ငါ့ဘက်ပဲရောက်နေတာဆိုတော့ ... သေချာသလောက် ရှိပြီလို့ထင်တာပဲ"

"သေချာတော့ရော ဘာဖြစ်လဲ ..."

စိုးစံက မျက်နှာထားတည်တည်ကြီးနဲ့ ငေါက်မေးလိုက်တော့ မိပေါက်ခမျာ ဇက်ကလေးပုကာ ရှက်စနိုးလေးဖြစ်





သွားရှာကာ ...

"ဟိုလေ ... သူဘာကြောင့်များ ဖွင့်မပြောရဲသလဲဆိုတာ သိချင်လို့ပါ ... ငါစိတ်ဆိုးသွားမှာကို ကြောက်နေတာတွေ ဘာတွေများ ..."

"ကဲ ... တော်တော် ... နင်မိန်းကလေးတန်မဲ့ ဒီလောက် ပျာယာခက်နေဖို့မသင့်ဘူး ... မောင်တာများ ဘာမက်စရာ ရှိလို့လဲဟာ ... အဲဒီကောင်က ကြိုက်တာခံရတော့ရော နင်ကပြန်ကြိုက်ချင်လို့လား ... အသားကမည်းမည်း၊ မျက်လုံးကစွေစောင်းစောင်း ... ဖီလင်လာစရာကို မကောင်းဘူး"

"အေးပါ ... ငါကလည်း ပြန်ကြိုက်ဖို့တော့မဟုတ်ပါဘူး"

"ပြန်မကြိုက်မှတော့ ... သူလာကြိုက်တာလည်း မခံချင်နဲ့ပေါ့ဟ ..."

မိပေါက်ပါးပြင်လေး ရဲတွတ်သွားရှာသည်။ ရှက်သည်းရှက်၊ အနေရလည်းခက်နေသလိုမျိုး ဇက်ပိုးနေရာလေးကို သက်ဝါးလေးနဲ့ တပွတ်ပွတ်လုပ်နေပြီးတော့မှ ...

"နင်ကလည်းဟာ ... ငါလည်း မိန်းကလေးပဲဟာ ... ဒိုဒင်း ... ကိုယ့်ကိုကြိုက်တဲ့သူ တစ်ယောက်တစ်လေတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိစေချင်တာပေါ့”

ကောင်းရော။ ကိုယ့်ညီမသာဆိုလျှင်တော့ ခေါင်းကို ဒေါက်ခနဲခေါက်ပစ်ချင်စရာ။ သူငယ်ချင်းမို့လို့သာ မြောက်တက်လာသောသောလက်ကို ကိုယ့်ဘာသာပြန်ချုပ်ထိန်းထားလိုက်ရတာ။

“ကိုယ့်ကိုကြိုက်မဲ့သူမရှိတာ ပိုမလွတ်လပ်ဘူးလား ... နင် တော်တော် [illegible]းစားလိုချင်နေသလားဟင် ... ”

“ဟဲ့ ... ငါက ပြန်ကြိုက်ဖို့ မဟုတ်ပါဘူးဆို ... သက်သာ လည်း ဒီလိုပဲဟာ ... သူ့ကို ဝိုင်းဝိုင်းလည်နေပေမဲ့ သူက အယ်သူ့ကိုမှ အဖြေမပေးသေးတာ ... ငါလည်း တစ်ယောက်ယောက်က ငါ့ကိုချစ်နေတာ ... ဂရုစိုက်နေတာ စိတ်ဝင်စားစရာလေးတွေပေးနေတာကို ခံချင်တာပါ”

ဒီလိုစကာမျိုးကို မိပေါက်လိုရူးတူးပေါတောကောင်မလေးမျိုးမို့သာ ပြောထွက်တာ။ မဟုတ်လျှင် တော်ရုံမိန်းကလေးကတော့ ယောကျ်ားလေးသူငယ်ချင်းရှေ့မှာ ပြောထွက်ပါ့မလား။

စိုးစံ တော်တော်တော့ စိတ်မကောင်းဖြစ်သွားသည်။





ရိုးသားဖြူစင်ပြီး သူတို့ဘယ်လောက်ဆိုးဆိုး သည်းခံရှာသည့် မိပေါက်ကို သူကမိန်းကလေးသူငယ်ချင်းတွေထဲမှာ အခင်ဆုံး။

မိပေါက်ရဲ့အမေမွေးသည့် ရုပ်ကလေးကမဆိုးလှပါ။ သက်သာတို့လို မြင်မြင်သမျှ သဘောကျလောက်သည့်ထင်းခနဲရှင်းခနဲ အလှမျိုးမဟုတ်ပေမဲ့ မျက်နှာဝိုင်းဝိုင်း၊ အသားညိုညက်ညက်၊ နှုတ်ခမ်းစူစူဝိုင်းဝိုင်းကလေးနဲ့ ကလေးတစ်ယောက်လို ချစ်စရာကောင်းသည့် မျက်နှာရှင်းရှင်းကလေးပါ။

ခက်နေတာက မိပေါက်ရဲ့အနေအထိုင်။ ဘာကိုမှ အဆင်အချင်မရှိဘဲ လုပ်ချင်ရာလုပ်။ ပြောချင်ရာပြော။ မိန်းကလေးပီပီ ဟန်ကလေးနဲ့နေရကောင်းမှန်းလည်းမသိ။ ပုံစံလေးကိုက ကြောင်တောင်တောင်လေးလိုဖြစ်နေတော့ ဘယ်ယောကျ်ားလေးက သူ့ကိုကြိုက်မှာတုန်း။

မမကလည်း ကိုယ့်မှားလာကြိုက်စေချင်သေးသတဲ့ ဟုတ်တော့လည်းဟုတ်တာပါပဲလေ။ မိပေါက်ဟာ သက်သာနဲ့ ဒီလောက်တွဲနေတာ။ အားလုံးက သက်သာ၊ သက်သာနဲ့ နှင့်များကမချ။ တဖွဖွဝိုင်းနေစဉ်မှာ မိပေါက်တစ်ယောက်ကတော့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် အရင်းအခေါ်မခံရဘဲ တစ်ယောက်ကတော့ နာမည်ကိုတောင်အရင်းအခေါ်မခံရဘဲ မိပေါက်ဆိုသည့်နာမည်ပြောင်ကိုသာ ခေါ်ကာ (စိုးစံကိုယ်တိုင်တောင် မိပေါက်ရဲ့နာမည်ရင်းကိုမေ့နေပြီ) လူကိုလည်း မလေးမစားရှိတယ်လို့တောင် အထင်မခံရဘူးမဟုတ်လား။ သူလည်း အားကျတာတို့ မခံချင်တာတို့ရှိမှာပေါ့။

ဒါပေမဲ့လည်း မောင်တာလိုကောင်မျိုးကလာကြိုက်တာခံရတော့ ဘာပျော်စရာရှိလဲ။ ဒီလောက်ရုပ်ဆိုးတာ ရုပ်မရှိလို့ မိဘတွေကငွေကြေးတောင့်တင်းသလား ဆိုတော့လည်း မဟုတ်။ ရရစားစားတွေ။ တစ်ခုခု ထူးချွန်သလားဆိုလည်းမရှိ။ ဒါနဲ့များ။

“မောင်တာလောက်တော့ ... စာရင်းထဲမထည့်စမ်းပါနဲ့ဟာ ...”

“ဘယ်လောက်ကျမှ စာရင်းထဲထည့်ရမလဲဟင် ...”

ခက်တော့နေပါပြီ ... ။ ဒီကောင်မလေးဟာ ... ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေရတယ်ဆိုတာကို သိပါရဲ့လား။ အရှက်ကိုမရှိ စွတ်ပြောနေတော့တာပဲ။

စိုးစံကလည်း အမြင်ကတ်ကတ်ရှိတာနဲ့ ...

“ဒေးဗစ်ဘက်ခမ်းတို့၊ ဘရက်ပစ်(ဒ်)တို့၊ ဝီလျံမ်တို့လောက်





မှပေါ့ ...”

“အောင်မယ်လေး ... ကြားရရင် ရင်ကျိုးပြီးသေကုန်ကြပါဦးမယ် ...”

“ကြားမှ မကြားနိုင်တာ ...”

မိပေါက်ကတော့ စိုးစံကိုရယ်ပဲရယ်ချင်တော့တာပါပဲ။ ဒီရုပ်ဒီရည် ဒီပုံစံကိုများ နောက်တာတောင်မှအားမနာပါးမနာ နောက်ရက်ပလေ။



www.burmeseclassic.com

www.burmeseclassic.com









'မောင်တာလိုကောင်မျိုး အကြိုက်ခံရတာကိုများ ဝမ်းသာနေရသလား' လို့ မိပေါက်ကို စိုးစံက အပြစ်တင်ဆူပူခဲ့ဖူးသည်။

တကယ်တမ်းကျတော့ 'မောင်တာလိုကောင်' က တောင် မိပေါက်ကိုကြိုက်မနေပါ။

မိပေါက်ရဲ့ဝမ်းသာအားရ မျှော်လင့်ရင်ဖွင့်စကားကို အားထောင်ပြီး လတ်လတ်ဆတ်ဆတ်ရှိနေစဉ်အတွင်းမှာပဲ အတန်းထဲမှာ ရုပ်ပျက်ဆင်းပျက်အဖြစ်တစ်ခုခု ပေါက်ကွဲဖြစ်ပျက်သွားခဲ့သည်။

တစ်ခုသော စာသင်ချိန်မစခင်မှာ မိပေါက်တို့ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့် အတန်းရဲ့ဟိုဘက်တစ်လိုင်းရှေ့တစ်ခုံကျော်မှာ ထိုင်သည့် ယမုံဆိုသည့်ကောင်မလေးက အကြီးအကျယ်ထအော်လိုက်ခြင်းဖြင့် ပြဿနာက စတင်လာတာဖြစ်သည်။

အစကတော့ ယမုံနာစာရေးစားပွဲခုံထဲမှာ မြွေတို့ ကင်းတို့၊ ပိုးဟပ်တို့၊ ကြွက်တို့စသည့် ထိတ်လန့်စရာသတ္တဝါတစ် ကောင်ကောင်များ ဝင်နေတာလားလို့ အားလုံးကထင်လိုက်ကြ သေးသည်။။

ဘယ်ဟုတ်မလဲ။ ယမုံနာက ဝုန်းခနဲထရပ်ကာ ပန်း ရောင်စာအိတ်တစ်လုံးကို အများမြင်သာအောင် မြှောက်ပြလျက် ဗြုံးခနဲအလယ်ကနေဆွဲဆုတ်လိုက်လေသည်။

ခဏကြာလို့ အချင်းချင်း'ဘာလဲ … ဘာလဲ'နဲ့ လက် တို့မေးကြဖြေကြ၊ စကားလက်ဆင့်ကမ်းသယ်ကြပြီး တစ်တန်းလုံး မှပဲ အဖြေကိုသိလိုက်ကြရသည်။

ယမုံနာခုံထဲမှာ ရည်းစားစာတစ်စောင်ရောက်နေ တာတဲ့။ သက်သာလောက်မလှပေမဲ့ သူ့ဟာနဲ့သူတော့ ရုပ်ကလေး မဆိုးသော ယမုံနာဟာလည်း စာများများအပေးခံရဖူးသူစာရင်းဝင် မှာပါသည်။ သို့ပါလျက် တခြားစာတွေတုန်းက ဘယ်လိုမှမတုံ့ပြ





ခဲ့ပဲ ဒီစာတစ်စောင်ကျမှ ပေါက်ပေါက်ကွဲကွဲလာဖြစ်ရတာက စာ ပေးသည့်သူဟာ 'မောင်တာ'မို့လို့တဲ့လေ။

ဒီတော့မှ စိုးစံလည်းသတိရသည်။ ဟုတ်သားပဲ။ မောင်တာဆိုတဲ့ကောင်က မျက်လုံးခပ်စွေစွေ။ သူ့အတွက်က ယမုံ နာကိုကြည့်တာဆိုပေမဲ့ ယမုံနာနဲ့မျက်စောင်းထိုးမှာရှိနေသော မိ ပေါက်အတွက်က သူ့ကိုကြည့်တာလို့ ထင်စရာဖြစ်နေတာကိုး။

စိုးစံကတော့မိပေါက်ကိုရယ်ချင်ယုံ၊မိပေါက်အတွက် ကတော့ ထိုအဖြစ်ဟာ သီချင်းခေါင်းစဉ်တစ်ခုလို 'တိတ်တိတ်လေး ကြေကွဲ'ပါပဲ။

မောင်တာ့ကို လှိုချင်လွန်းလို့တော့မဟုတ်။ ကိုယ့် စိတ်ကူးလေးပျက်သွားတာမို့ပါ။

စိုးစံကိုတောင် တော်တော်ရှက်သွားတာ။ ဒီမှာဖြင့် အဟုတ်မှတ်လို့ ခံစားချက်တွေတော်တော်ထုတ်ပြောပြီးနေပြီ။ ခု လောက်ဆို စိုးစံကတော့ဟားနေတော့မှာပဲ။

အဲဒီနေ့က မိပေါက်ကင်တင်းဆင်းတာ နောက်ကျ သည်။ စိုးစံနဲ့မှရင်မဆိုင်ရဲတာ။ အတန်းထဲကတောင် ဆက်ထိုင်နေ ဦးတော့မလို့။ သူ့ကိစ္စနဲ့သူ ရှက်နေသောမောင်တာကလည်း အား



www.burmeseclassic.com

www.burmeseclassic.com



လုံးထွက်သွားသည့်တိုင် အတန်းထဲမှထိုင်ကျန်ရစ်တုန်းမို့လို့။

"လာလေ မိပေါက် ... နင့်အတွက် စပါယ်ရှယ်ကြံရည်မှာထားပေးတယ် ... သံပရာသီးတောင် နှစ်စိပ်ညှစ်ခိုင်းထားတယ်"

စိုးစံကတော့ မိပေါက်ရှက်နေရှာမယ်ဆိုပြီး လောကွတ်ချော်တာ။ အဲဒီတော့မှ ပိုဆိုးတော့တာပင်။

မိပေါက်အတွေးထဲမှာတော့ စိုးစံဟာ သူမကိုကျွန်ရစ်ဖြစ်ပြီရယ်လို့ လှောင်ပြောင်ချင်သည့်သဘောနဲ့ ကြံရည်မှာထားတာလို့ပဲ ထင်သည်။

သူမပုံမှန်အတိုင်း ခပ်ပြုံးပြုံးဝိုင်းနှုတ်ဆက်ကြသောသူငယ်ချင်းတွေကိုပင် သိပ်မသက်သာချင်။ စိုးစံက အားလုံးပြောပြထားလိုက်ပြီလား။ သူတို့တွေကရော ငါ့ကိုဝိုင်းလှောင်နေကြတော့မှာလား။

"ငါ ကြံရည်မသောက်ဘူး ..."

မိပေါက်အသံက ခပ်ဆတ်ဆတ်။ ဒါတောင် စိုးစံကမရိပ်မိသေး။

"နင်တို့ကိုကြိုက်ပါတယ်ဟာ ... ခါတိုင်းငါနဲ့လုသောက်နေကျပါ





ဘာဖြစ်လဲ ... မှာထားတာကြာလို့ သိပ်မအေးတော့ဘူးထင်လို့လား ... ဒါဆိုလည်း ရေခဲထပ်ထည့်ခိုင်းပေးမယ်လေ"

"မသောက်ပါဘူးလို့ဆို ... စံစံနော် နင်ငါ့ကိုမစနဲ့ ..."

အဲ။ မိပေါက်မျက်နှာက ငိုမလိုမျက်နှာပါလား။ ဒီတော့မှ စိုးစံလည်း ငါဘာများလုပ်မိသလဲလို့ အလျှင်အမြန်ပြန်တွေးကြည့်ရသည်။ မောင်တာကိစ္စနဲ့ မဆက်စပ်မိသေးတော့ မိပေါက်ဘာဖြစ်နေသလိုဆိုတာလည်း မသိနိုင်ပြန်ချေ။

မိပေါက်က စိတ်ဆိုးဆိုးနဲ့ဆောင့်ထိုင်ချလိုက်သည်။ ဖြစ်ချင်တော့ မိပေါက်ထိုင်ချလိုက်သည့် ခုံရဲ့ခြေထောက်တစ်ဖက်ကလုံးသေးသေးတစ်ခုပေါ်တင်နေတာမို့ လိမ့်စောင်းစောင်းကြီးဖြစ်နေရာက အရှိန်နဲ့လည်းဖိချလိုက်ရော လိမ့်ထွက်သွားပါလေရော။ မိပေါက်လည်း မြေကြီးပေါ်ထိုင်လျက်သားလေးပြုတ်ကျပါလေရော။

"အား ..."

"အိး ... ဟီး ... ဟီး"

မိပေါက်ရဲ့ငိုသံကျယ်ကြီးက ဟီးပြီးထွက်လာသည်။ ...ကျကာ မိပေါက်ပြုတ်တာကို အမှတ်တမဲ့မို့မတွေ့လိုက်ကြသူ...တောင် ထိုငိုသံကြီးကြောင့် ဘာဖြစ်တာလဲညာဖြစ်တာလဲနဲ့

www.burmeseclassic.com



စုံစမ်ရင်း အားလုံးသိကုန်ကြရော။

မိပေါက်ကတော့ တော်တော်နဲ့ ထိုင်ရာကမထ။ စိတ်ထဲမှာဘာကြောင့်မှန်းမသိ ရှက်သလိုလို၊ ဝမ်းနည်းသလိုလိုကြီး ဖြစ်နေတာကို ပြုတ်ကျတာနဲ့ရောပြီး ဖောက်ခွဲထုတ်နေမိတာ။

"မိပေါက် ... နင်မထနိုင်တော့ဘူးလား ... ခါရိုးကျိုးသွားပြီလားဟင်"

"တော်ပြီ ... ငါ့ကိုလာမခေါ်နဲ့ ... နင် ငါ့ကိုသက်သက်လှောင်တာ ... တမင်သက်သက်ချောက်တွန်းတာ"

"ခုံအောက်မှာ ... ခလုံးခုနေတာ ငါတကယ်မမြင်မိလို့ပါ မိပေါက်ရယ် ... နင့်ကို ငါကဘာလို့ချောက်တွန်းရမှာလဲ လှောင်ရမှာလဲ"

"မသိဘူး ... မသိဘူး ... နင် ငါ့ကိုလှောင်တာပဲ"

ဘာကိုမှန်းမသိ မကျေမနပ်ဖြစ်နေသည့် စိတ်တွေဟာ စိုးစံပေါ်စုပုံကျရောက်သွားကာ အကြောင်းမဲ့ကိုရန်တွေ့ပစ်မိတာ။

"နင်က ငါ့ကိုအရှုံးသမားလို့ထင်နေတာ ... "

အရှုံးသမား ... ။ အောင်မယ်လေး။ စွပ်စွဲချက်က





ကြီးမားလှပါလား။ ဘယ်လိုအကြောင်းမျိုးကြောင့် မိပေါက်ကို စိုးစံကအရှုံးသမားလို့ထင်ရမှာလဲ။ ကိုယ့်စိတ်ထဲ ဘယ်လိုမှကို တွေးရာအကြောင်းမရှိတဲ့ဟာကို သူကအတည်ပေါက်ကြီး စွပ်စွဲနေတော့ကာ စိုးစံခမျာအူကြောင်ကြောင်ဖြစ်နေရတာပေ့ါ။

"စိုးစံ ... မင်းတို့တွေ ဘာဖြစ်နေကြတာလဲ"

"ငါလည်းမသိပါဘူး ... သူ့အတွက်စေတနာနဲ့လည်း ကြံရည်မှာပေးရသေး ... နေရာလည်း ချန်ထားပေးရသေး ... ဒါနဲ့များတောင် ... "

ပြောရင်းနဲ့ စိုးစံကဖျတ်ခနဲ သတိရလိုက်သည်။ ဟုတ်ပါရဲ့၊ မောင်တာ့ကိစ္စကိုမေ့နေတာ။

အားလုံးကတော့ မောင့်တာအဖြစ်က ရယ်စရာလို့ ထင်ထားကြတာ။ မိပေါက်အတွက်ကတော့ သူမရဲ့တစ်ဖက်သတ် အင်မြင့်ယုံကြည်ချက်ကလေး ပျက်စီးသွားတာ။ အဲဒီကိစ္စကို (တခြားလူတွေကိုလည်း အာချောင်ချောင်နဲ့ လျှောက်ပြောထားသေးသလားမသိပေမဲ့) သိထားတဲ့သူကလည်း စိုးစံတစ်ယောက်လောက်ပဲ ရှိတာဆိုတော့ စိုးစံကိုရှက်နေမှာ သူ့လျှို့ဝှက်ချက်ကို ဖော်လိုက်လေသလားလို့ စိုးထိတ်နေမှာ။ ဒါကြောင့် စိုးစံကရိုးရိုးသားသား ကြံ



www.burmeseclassic.com

www.burmeseclassic.com



ရှည်'လို့ပြောလိုက်တာတောင် သူမကို'ကျန်ရစ်သူ'အဖြစ်နဲ့တင်စား လျှောင်ပြောင်တာပဲလို့ ထင်လိုက်တာပဲနေမှာ။

စိုးစံက အကြောင်းရင်းကိုလည်းသဘောပေါက်သွား ရော မိပေါက်ကိုသနားသွားကာ ပြန်ချော့ဖို့ပြင်လိုက်ပါသေးသည်။ အဲဒီအချိန်မှာတော့ မိပေါက်က သူမပစ္စည်းတွေဆွဲကာ တဖက်စား ပွဲကိုကူးသွားနှင့်ပြီ။

ဟိုဘက်ဝိုင်းမှာက မီးလျှံတစ်ယောက်ကလွဲပြီး ကျန်တဲ့သူတွေက ကိုယ်နဲ့မရင်းနှီးသည့်သူတွေ။ သူတို့ဘေးရှေ့မှာ မိပေါက်ကို ဘယ်လိုဖြေရှင်းတောင်းပန်မလဲ။ ကိုယ်ကကောင်းပန် တော့မှ ပိုဆိုးရမည့်အဖြစ်။

တစ်ခုခုတော့ လုပ်ဦးမှလို့ပဲစိုးစံက ယောင်ဝါးဝါး တွေးကြည့်နိုင်တော့သည်။

❀❀





စာရွက်တွေတစ်ထပ်ကြီးကို ဖျင်းခနဲဆွဲထုတ်လိုက်၊ အမိုက်ခြင်းတောင်းထဲပစ်ထည့်လိုက်၊ လက်သည်းညှပ်၊ ခေါင်းလိမ်း ဆီဘူးခွံ၊ ကီးချိန်း၊ ခေါက်ပိုက်ဆံအိတ်၊ ဘီးစသည့်ပစ္စည်းသေးသေး ပြားပြားလေးတွေကို စက္ကူဘူးဟောင်းတစ်ခုထဲ ပစ်ထည့်လိုက်နဲ့ မီးလျှံအလုပ်ရှုပ်နေသမျှကို စိုးစံကထိုင်ကြည့်နေရသည်။

အိမ်ချင်းနီးတာမို့ ပျင်းလို့သူငယ်ချင်းတစ်ယောက် ယောက်အိမ်သွားလည်ချင်ပြီဆိုလျှင် မီးလျှံရဲ့အိမ်ကိုသာ စိုးစံကရွေး ချယ်ပါသည်။

သူကသာ အမှတ်မရှိရွေးမိတာ။ မီးလျှံအိမ်ရောက် တိုင်း စိတ်ကျေနပ်ရတယ်လို့ကိုမရှိ။ အဖေနဲ့အမေရန်ဖြစ်နေတာတို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေကြီးက မီးလျှံကိုဆူနေတာတို့၊ မီးလျှံတစ်ယောက်ရည်းစားနဲ့ရန်ဖြစ်ပြီး ပေါက်ကွဲနေတာတို့စသည့် စိတ်ညစ်စရာအဖြစ်အပျက်တစ်မျိုးမဟုတ်တစ်မျိုးနဲ့တိုးရတာပင်။

အများကပြောတော့ သူ့အဖေနဲ့အမေဟာ ငွေကြေးကိစ္စကြောင့်ပဲ အမြဲတမ်းရန်ဖြစ်နေကြရတာတဲ့။ သူတို့မိသားစုဟာ ဟန်ပြလောက်သာရှိပြီး တကယ်တမ်းကျတော့ အကြွေးတွေနဲ့ ငွေကြေးအဆင်မပြေမှုတွေနဲ့ အမြဲပြဿနာတွေများနေကြရတာတဲ့။

မီးလျှံခမျာလည်း စိတ်ညစ်စရာ။ အသုံးအစွဲကြမ်းသည့်သူ့အကျင့်စရိုက်အတိုင်း သုံးချင်စွဲချင်တာတောင်မှ အိမ်ကငွေကြေးအဆင်မပြေတော့ အခက်တွေ့နေရှာတာ။ ငွေကြေးအဆင်မပြေ၊ မိဘတွေကလည်းဆူပူနေတော့ သူငယ်ချင်းတွေကိုရော သူ့ကောင်မလေးတွေကိုရော သည်းမခံနိုင်။ မကြာခဏရန်တွေဖြစ်နေရတာ။

သူငယ်ချင်းတွေကတော့ ငယ်ငယ်လေးထဲကပေါင်းလာသည့် အရင်းအချာတွေမို့ တစ်ယောက်ကိုတစ်ယောက်သည်းခံနိုင်သော်လည်း ရည်းစားတွေကတော့ သည်းမခံနိုင်တာနဲ့တင်ဘယ်လောက်မှမကြာလိုက်ပဲ ပြတ်ပြတ်သွားကြတာ။





ဒီတစ်ခါလည်း ဘယ်တစ်ယောက်နဲ့ပြတ်ပြန်ပြီမသိ။ ပုံစံကြည့်ရတာတော့ အတော်လေးစိတ်ဆိုးနေသည့်ပုံပဲ။

"အလကားပဲ ... မိန်းမတွေ ... မိန်းမတွေ ... သူတို့ဘက်က ပျက်ကွက်တာကျတော့အဟုတ် ... ကိုယ့်ဘက်က တစ်ခါတလေလေးများ ပျက်ကွက်မိရင် ... ပြစ်မှုက မိုးဖလောက်ကြီးတော့တာပဲ ..."

ကြည့်ရတာ မီးလျှံဟာ'မင်းဘာဖြစ်လဲ'လို့ တရားဆောက်သဘောနဲ့ ဝင်မေးပေးမည့်သူကို လိုချင်နေပြီထင်သည်။ အားမှာ ကိုယ်တစ်ယောက်လုံးတိုက်တိုက်ဆိုင်ဆိုင် ရောက်နေပြီးမှ ဘာမှဝင်မမေးပေးဘူးဆိုလျှင် ညှိသည့်ဝတ္တရားမကျေရာကျမှာစိုးတာမို့ စိုးစံကအားနာပါးနာမေးပေးရပါသည်။

"ပြောစမ်းပါဦးကွ ... ဘယ်သူနဲ့ ဘာတွေပြဿနာတက်ပြီး မကျေမနပ်ဖြစ်နေရတာတုန်း ..."

စိုးစံက နည်းနည်းလောက်စကားတောက်လိုက်တာနဲ့ မီးလျှံက ဝမ်းသာအားတက်သွားကာ အားပါးတရရင်ဖွင့်ဖို့ပြင်ဆင်ပါတော့သည်။

"အယ်မလီလေ ... မင်းသိတယ်မဟုတ်လား ... အဲဒီကိုကွ



www.burmeseclassic.com

www.burmeseclassic.com



ကွာ ... "

"အေး ... သိသလိုလိုပဲ"

"ပြင်ကားအဝါလေးကိုယ်တိုင်မောင်းပြီး ... ကျောင်းတက်တယ်ကွာ"

"အေးပါ ... အေးပါ ... ငါသိပါပြီ ... ဆံပင်အနက်ရောင်လေးနဲ့ ပိန်ပိန်သွယ်သွယ်လေး"

"ရှိုးမနေနဲ့ ... အယ်မလီးက ဆံပင်ရွှေရောင်ဆိုးထားတာ"

"ဘာပဲပြောပြော ... အမေမွေးတုန်းကတော့ အနက်ရောင်ပါပဲကွာ ... "

"အဲဒါခက်တာပေါ့ ... အမေက အနက်ရောင်နဲ့မွေးလိုက်တာကို ... သူတို့တွေက ဖျက်လိုဖျက်ဆီး ရောင်စုံဆိုးချင်ကြတယ် ... ခြောက်လတစ်ခါအနီဆိုးလိုက်၊ အညိုဆိုးလိုက်၊ ရွှေရောင်ဆိုးလိုက်၊ ခရမ်းရောင်ဆိုးလိုက်၊ အခုလည်း ... ရွှေရောင်ကနေ အညိုရောင်ပြောင်းဆိုးချင်ပါပြီဆိုလို့လေ"

"သူ့ဆံပင်နဲ့သူကြိုက်တဲ့အရောင်ဆိုးပစေလေကွာ ... မင်းက တော့ကြီးမို့ ခေတ်ဆန်တာကိုမကြိုက်ရတာလား"

"သူ့စရိုက်နဲ့သူဖြစ်လို့ကတော့ ... ရွှေရောင်မကလို့ အပြ





ရောင်ပဲဆိုးဆိုး ... ခေါင်းတုံးပဲတုံးတုံး ကိစ္စမရှိဘူးပေါ့ ... အခုက သူဆံပင်ဖြောင့်၊ ပေါင်းတင်၊ ခေါင်းဆိုး၊ ဖယောင်းသွင်းလုပ်သမျှအားလုံး ... ငါကပေးရမယ်ဆိုတော့ သေရောပေါ့ကွ"

"ဟား ... ဟား ... ရည်းစားတစ်ယောက်ထားမှတော့ ဒီလောက်အကုန်အကျခံရတာ ညည်းမနေနဲ့ပေါ့ ... "

"အရင်လို ငွေပေါတုန်းဆိုရင်တော့ ကိစ္စမရှိဘူးပေါ့ ... ဒါတောင် ငါ့မုန့်ဖိုးက ငါ့သုံးစရိတ်စွဲစရိတ်နဲ့တောင် ... သိပ်မလောက်ချင်အူးဖြစ်နေတာ ... အခု ငွေတွင်းနက်နေတဲ့အချိန်ကျတော့ မွေးနေ့လက်ဆောင်ဆိုရင်တောင် ... သိပ်တန်ဖိုးကြီးတာ မပေးနိုင်တော့ဘူး ... ရိုမန့်တစ်ဖြစ်စေချင်သလို ဘာလိုလိုနဲ့ ... နှင်းဆီပန်းစည်းတို့၊ ကိတ်မုန့်တို့၊ ဖယောင်းတိုင်အဆန်းအပြားတို့၊ အဲဒါမျိုးတွေပဲ ပေးနိုင်တော့တာ ... သူတို့ကလည်းကွာ ငါလက်ဆောင်ပေးတာကို လက်ခံတာကတော့ ထားပါတော့ ... သူတို့အလှပြင်စရိတ်ကို ငါ့ကိုရှင်းခိုင်းတာကတော့ ပိုင်းလုံးဆန်ရာမရောက်ဘူးလား ... "



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံတို့ကတော့ အဲဒီလိုမျိုး။ မိန်းကလေးတွေကို ဆို လေးလေးစားစားတန်ဖိုးထားတာမျိုးမရှိ၊ ကိုယ့်ရည်းစားအရင်း ခေါက်ခေါက်ကြီးကိုလည်း 'ပိုင်းလုံး'တွေဘာတွေ ပြောချပစ်လိုက်တာပဲ။

"ခုခေတ်ကောင်မလေးတွေက ဒီလိုပါပဲကွာ ... ယောက်ျားလေးတွေကရော ဘာထူးသေးလဲ ... သူဌေးသမီးလေးတွေကိုကပ်ပြီး သူတို့လိုချင်တာတွေ ... နည်းမျိုးစုံနဲ့ဝယ်နိုင်းကြတာပဲဟာ"

"အေးကွာ ... ဒီတစ်ခါကျရင်တော့ ကိုယ့်ပိုက်ဆံချူစားမဲ့ မိန်းမမျိုးကို ရည်းစားမတော်တော့ဘူး ... ကိုယ့်ကိုချွေးမဲ့ မိန်းကလေးမျိုးကိုပဲ ကပ်တော့မယ်"

"ဒါယောက်ျားလေးစကားလားကွ ... "

"ယောက်ျားလေးက ဘယ်လိုမိန်းကလေးက ... ဘယ်လိုဆိုပြီး ပုံစံခွဲထားသေးလို့လား ... မိန်းမတွေတောင်မှ ယောက်ျားနဲ့တန်းတူ အခွင့်အရေးဆိုပြီးတောင်းနေကြသေးတဲ့ဟာ ... ငါတို့တွေကရော တချို့နေရာတွေမှာ ... မိန်းမတွေနဲ့တန်းတူ အခွင့်အရေးလိုချင်လို့မရဘူးလား"





"ဒအးလေ ... မင်းကိုယ်မင်းအဆင့်နိမ့်ပြီး နေချင်ရင်တော့ သဘောပေါ့ ... "

"အဲဒါခက်တာ ... မဟာပုရိသဝါဒ ဆိုတာကြီးကိုမင်းတို့လို ကောင်မျိုးကပဲ စွဲကိုင်ထားကြတာ ... ယောက်ျားဆိုတာ အင်အားကြီးတယ် ... အရာရာအနိုင်ယူရမယ် ... မိန်းမတွေရဲ့အကိုးအကွယ်ခံရမယ် ... တဖက်ကလည်း အစစအနစ်နာခံရမယ် ... မိန်းမတွေကို အကာကွယ်ပေးရမယ် ... အဲဒါမျိုးထင်နေကြတာ ... တကယ်က မိန်းမနဲ့ယောက်ျားဟာ အမြဲအခွင့်အလမ်းတူရမယ် ... တစ်ယောက်ယောက်ကို ကိုးကွယ်ရှေ့တန်းတင်နေစရာမလိုသလို ... အကာအကွယ်ပေးစရာ၊ အနစ်နာခံစရာလည်းမလိုဘူး ... အားလုံးအတူတူပဲ"

သူပြောပုံကြီးကလည်း ယောက်ျားလေးဆိုတာ သဘောထားပြည့်ဝရမယ်၊ ကိုယ်ကအနစ်နာခံနိုင်ရမယ်၊ မိန်း းတွေကို အားနွဲ့တယ်လို့သဘောထားပြီး ကူညီစောင့်ရှောက် လေးစားစိတ်ထားရမယ်၊ စသည့်စိတ်ကောင်းအတွေး င်းထားမိသည့် စိုးစံကပဲအမှားကြီးလိုလို။ ယောက်ျားဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်ဖြစ် ဦးရာလူအခွင့်အရေးခံ၊ လည်သူစားစတမ်းဆိုသ
သဘောမျိုးထားသည့် သူကပဲအမှန်လိုလို။

မီးလျှံတို့ကတော့ မဟုတ်တာကို အဟုတ်လုပ်တ
သည့်နေရာမှာ ကိုယ်ဖြစ်ချင်တာကိုဖြစ်အောင်ပြောတတ်သည့်
ရာမှာ ကြမ်းပိုးကိုလိပ်ဖြစ်အောင် ညာဖြီးတတ်သည့်နေရာမှာ
တန်းကပါပဲ။ အဲဒါကြောင့်လည်း မိန်းကလေးတွေက ကြိုက်ကြ
နေမှာ။

"ဒါနဲ့ ... ဟိုတနေ့က မင်းနဲ့မိပေါက် ဘာတွေဖြစ်ကြတာ
ကွ ... "

"ဘာလို့လဲ ... ဘာမှမဖြစ်ပါဘူး"

"သိပါဘူးကွာ ... မိပေါက်ကြည့်ရတာ မင်းကိုစိတ်နာ
ဖိပြောနေတဲ့ပုံမို့လို့ ... မင်းတို့ချင်း ကြားမှာတိုးတိုးတ
တိတ်ပြဿနာတစ်ခုခုများ ရှိသလားလို့ ... "

"အာ ... မရှိ ... မရှိပါဘူးကွာ ... "

မီးလျှံက စိုးစံကိုဟုတ်ရဲ့လားလို့ အကဲခတ်ကြ
လိုက်သည်။ သူတို့နှစ်ယောက်ကြားမှာ အဖုအထစ်တစ်ခုခု
ရှိရမည်။ ပြီးတော့ အဲဒီအဖုအထစ်ဟာ တခြားသူငယ်ချင်းတွေ





ဆုတ်မပြောလို့မရလောက်စရာလည်းဖြစ်ရမည်။

မီးလျှံက နည်းနည်းစိတ်ပူချင်သလိုဖြစ်လာသည်။
သူမှာ ဘယ်သူမှမသိအောင်ရှိနှင့်နေသည့် စိတ်ကူးတစ်ခုဟာ စိုးစံ
ကြောင့်များ ပျက်သွားတော့မလား။ သူနဲ့စိုးစံဟာပဲ စိတ်ကူးတူ
ညီရွယ်ချက်တူတွေဖြစ်နေကြလေမလား။

"မိပေါက်ကို မင်းဘယ်လိုထင်သလဲ ငစိုး ... "

"နည်းနည်းစပ်စုတယ် ... များများစကားများတယ် ...
အတွေးတိမ်တယ် ... ထစ်ခနဲရှိ စိတ်ကောက်တတ်တယ်
ကြာကြာစိတ်မဆိုးတတ်ဘူး ... စိတ်ရင်းကောင်းတယ် ...
သူငယ်ချင်းတွေအပေါ်စေတနာထား ... "

"ဟာ ... တော်တော့ ... တော်တော့ ... မင်းပြောတာတွေ
က တစ်ခုမှဘောင်မဝင်ဘူး ... ငါပြောချင်တာ မိပေါက်ဟာ
ယောကျ်ားလေးတစ်ယောက်က ချစ်ချင်စိတ်ပေါက်လောက်
စရာမိန်းကလေးမျိုးလား ... "

မီးလျှံရဲ့မေးခွန်းက တစ်မျိုးကြီးပဲ ... ။ ဒီကောင်ရော
မိပေါက်နဲ့ပတ်သတ်ပြီး ဘာတွေသိထားသေးလဲ ... ။ ပါးစပ်စည်း
စောင့်လှတဲ့ ဒီမိန်းကလေးဟာ သူ့ကိုလျှောက်ပြောသလိုမျိုး မီး



www.burmeseclassic.com

www.burmeseclassic.com



လျှံကိုရော လျှောက်ပြောနေဦးမှာလား။

စိုးစံကတော့ ကိုယ့်ကိုယ်ကိုယ်မို့ ကိုယ်သိသည်။ မိပေါက်အပါအဝင် ဘယ်မိန်းကလေးကိုမှ တော်ရုံနဲ့အထင်မသေးတတ်။ စော်ကားမော်ကားမတွေးတတ်။ မီးလျှံကတော့ မိန်းမတွေဆိုရင် အထင်ကိုသေးတတ်သည့် လူတန်းစားထဲက။ ဘယ်လောက်အလွယ်တကူအထင်သေးတတ်သလဲဆိုလျှင် ကိုယ့်သူငယ်ချင်းအရင်းကြီးတောင်မှ မချန်။

မီးလျှံကိုသာ မောင်တာနဲ့ပတ်သတ်သည့်ကိစ္စမျိုးယောကျ်ားလေးကိစ္စတွေလျှောက်ပြောနေလျှင် မိပေါက်တော့ကောင်းကောင်းကြီးအထင်သေးခံရမှာ။ နောက်ပြီး လောင်ရယ်စရာကြီးတစ်ခုလို လူတိုင်းကိုလျှောက်ပြောနေတော့မှာ။

"မိန်းကလေးပဲကွာ … ယောကျ်ားလေးကစ်ယောက်ရဲ့အချစ်ခံရတာဘာဆန်းလဲ … "

"မဟုတ်ဘူးကွ … မိပေါက်က ပေါတောတောပေါက်တောက်တောက်ရယ် … မျက်စိနောက်စရာလည်းကောင်းသေးတယ် … အဲဒီလိုမိန်းကလေးမျိုးကို ယောကျ်ားလေးတစ်ယောက်ကချစ်မိရင် … အထင်သေးခံရမလား၊ လူတွေ





လှောင်စရာဖြစ်မလားလို့ … "

"မင်းပြောပုံကလည်း မီးလျှံရာ … ငါ့သူငယ်ချင်းကို ယပ်တောင်ခေါင်းမှာထိုးပြီး … လျှောက်သွားနေတဲ့ အရူးမကျနေတာပဲ … မိပေါက်က အတွေးတိမ်တာရယ် … ကလေးလိုပဲ စကားကိုမဆင်မချင်ပြောတတ်တာရယ် … ပျော်တတ်လွန်းတာရယ်၊ အဲဒါတွေကြောင့် ပေါတောတောလိုလိုဖြစ်နေတာပါ … ပေါက်တောက်တောက်ရူးကြောင်ကြောင်အထိတော့လည်း … မဟုတ်ပါဘူး သူ့ကိုကြိုက်မိလို့ သိက္ခာကျအထင်သေးခံရလောက်အောင်တော့လည်း မဆိုးဝါးပါဘူးကွာ … "

"မင်းဆိုရင်ကော … "

"ဟေ … "

မီးလျှံကတော့ အမေးထူးနေပြီ။ သူ့မျက်နှာကတည်တည်ကြီးနှင့် ခန့်မှန်းရခက်လှတော့ မိပေါက်အတွက်စေတနာနဲ့မေးတာလား၊ ရယ်စရာအနေနဲ့မေးတာလားဆိုတာ အကဲခတ်ကြည့်လို့ကိုမရ။

"မင်းကော … မိပေါက်ကိုကြိုက်နိုင်သလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာတော့ မီးလျှံမှာလည်း မိပေါက်ရဲ့ အဖြစ်ကိုတကြောင်းကြောင်းနဲ့သိလာပါပြီ။ သူငယ်ချင်းအရင်းတွေ ဆိုတော့ စိုးစံသနားသလိုပဲသနားသွားကာ မိပေါက်အတွက်စိတ်ချရမဲ့ ချစ်သူတစ်ယောက်ရှာပေးချင်လာတာပဲ ဖြစ်မှာ။ လိုက်ရှာကြည့်လိုက်တော့ စိုးစံကိုမြင်မိပြီး စိုးစံရဲ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ လှည့်ပတ်တီးခေါက်နေတာပဲ ဖြစ်နိုင်သည်။

"ငါက ... မိပေါက်ကို ညီမလေးလို၊ သူငယ်ချင်းလိုပဲချစ်တာကွ ... "

မီးလျှံက ဘာမှပြန်မပြော။ သူတစ်ခုခုပြန်ပြောလျှင်ဖြင့် သူ့သဘောထားကို အကဲခတ်နိုင်လောက်ရဲ့လို့ စိုးစံကမျှော်လင့်နေခဲ့သော်လည်း စကားက ဒီနေရာမှာပဲတိခနဲပြတ်တောက်အဆုံးသတ်သွားလေသည်။



"ဟယ်တော် ... ချောကလက်ဘူးလေးကလှလိုက်တာ ... ဒါ ဘယ်သူကပိုးကြေးပန်းကြေး ပေးသွားပြန်တာလဲ"

"နေမင်း ... ဒါပေမဲ့ အထင်ကြီးစရာမရှိပါဘူး ... ဒီချောကလက်က အမျိုးအစားမှသိပ်မကောင်းတာ ... တန်လှ နှစ်ထောင်နှစ်ထောင့်ငါးရာပဲ"

"ဩော် ... ဘယ်လောက်ပဲတန်တန် ပုံစံလေးချစ်စရာကောင်းကောင်းလေးကို ... ရွေးလာတတ်တာပဲ တော်တယ်ချီးကျူးရမှာ ... "

"ပိုက်ဆံသိပ်မတတ်နိုင်တော့လည်း ... ပုံစံလှပြီး မက်ချင်စရာကောင်းတာလေးကိုပဲ ရွေးရတာပေါ့ ... "





www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လေးမှ အကောင်းဘက်က တွေးမ
လား ဟရို့။ ချောကလက်ပေးတဲ့သူခမျာ စေတနာနဲ့ပေးမိ
အထင်သေးခံရသည့်အဖြစ်ကို သိရှာမှာမဟုတ်။

"ရော့ … နင်ကြိုက်ရင်ယူလိုက်လေ … "

"အွန့် … ငါ့ကိုပေးတာမှမဟုတ်တာ … ဘာဖြစ်လို့ယူ
လဲ … ဒါမျိုးက ကိုယ်တိုင်ရမှကြည့်နူးစရာကောင်းတာ
ကိုယ့်ဘာသာ ဂယ်စားရရင်တောင် ဖီလင်မလာဘူး"

သက်သက်သာက မိပေါက်ကို စိတ်ပျက်သလို
ကြည့်လိုက်မိသည်။

"မိပေါက်ရယ် … နင်က တော်တော်စိတ်ကူးယဉ်ချင်
ပဲနော် … အေးလေ … ဘဝမှာအားလုံးပြည့်စုံတဲ့ သူဆို
လည်း … စိတ်ကူးလေးယဉ်နေလို့ ကောင်းတာပေါ့"

"သူ့ဘဝကျတော့ မပြည့်စုံတာကျနေတာပဲ … "

ပြည့်စုံသလိုလိုနဲ့ တကယ်တမ်းကျတော့ မပြည့်
သည့်ဘဝကို ဘယ်သူသိနိုင်လို့လဲ။

"ငါကတော့ စိတ်ကူးမယဉ်ချင်ဘူး … ဘဝဆိုတာ တက
တမ်းကျတော့ လှပချောမွေ့နေတာမဟုတ်ဘူးဟ … တ





သက်လုံး စိတ်ကူးယဉ်ထဲမှာပဲ နေလို့မှမရတာ … ပုံပြင်ထဲ
က ဖိနပ်တစ်ဖက်ကိုင်ပြီး ဖူးစာရှင်လိုက်ရှာတဲ့ … မင်းသား
လေးတို့၊ မင်းသားလေးနမ်းလိုက်တာနဲ့ … မင်းသမီးလေး
ရော တိုင်းပြည်ကလူတွေရော အသက်ပြန်ရှင်လာတာတို့
ပုန့်ရောင်းတဲ့မိန်းကလေးကို … နှစ်သက်လို့ ဘုရင်က မိဖုရား
မြှောက်တာတို့ဟာ … တကယ်တမ်းရှိမှမရှိတာ … လက်
တွေ့က လက်တွေ့ပဲ … ကိုယ်ရင်ဆိုင်ရမှာတွေက ခက်ခဲ
ကြမ်းတမ်းတာတွေပဲ … "

သက်သာတို့ကတော့ ဘာတွေခက်ခဲကြမ်းတမ်းနေ
ပြန်သလဲမသိ။ မိပေါက်စိတ်ထင်တော့ ပိုက်ဆံလည်းချမ်းသာ၊ ပညာ
လည်းအသင့်အတင့်တတ်၊ ရုပ်ကဒလေးကလည်း ဆိုစရာမရှိအောင်
ချောမောလှပပြီး ချစ်သူခင်သူတွေ ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့
ဘဝမှာ လိုအပ်တယ်ဆိုတာမရှိ။ ပိုတောင်ပိုလျှံနေသေးတာကို
ဘာလို့များဘဝတွေဘာတွေနဲ့ စကားကြီးစကားကျယ်တွေ ပြော
နေရတာလဲ။

"နင် ရည်းစားထားမကြည့်ချင်ဘူးလားဟင် … နင့်ကို
ကြိုက် ့ ူ ဒီလောက်များတာ သင့်တော်တဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ရွေးပြီး … ရည်းစားထားကြည့်ပါလား”

“ဘာလုပ်ဖို့လဲ … ”

“ပျော်စရာကောင်းတာပေါ့ … ပြီးတော့ တစ်ယောက်ထဲရှိနေတဲ့အချိန်မှာ … စိတ်ကူးယဉ်လို့ ကောင်းတာပေါ့”

“တကယ်လိုချင်တာမဟုတ်ဘဲနဲ့ … ပျော်ချင်လို့တော့ ရည်းစားမထားနိုင်ပါဘူး … ရည်းစားထားလို့လည်း ပျော်ရမှာမှမဟုတ်တာ … ရီလှဲ့ကိုကြည့်ပါလား … အရင်က ပျော်ပျော်ရွှင်ရွှင်ရယ် … ရည်းစားတခ်ယောက်ထားမိတော့မှ စိတ်ညစ်လိုက်ရတာ … ဟိုက သူ့ကိုနိုင်စားလိုက်တာအလွန် … တစ်ဖက်မှာကျ သစ္စာကမရှိ … ဘယ်လောက်စိတ်ပူရသလဲ”

“ဒါတော့ … ရီလှဲ့လူကမကောင်းမှန်းအစကတည်းက သိသိသာသာကြီးပါဟာ … သူ့ဘာသာ မိုက်မဲပြီးသွားကြိုက်တာနင်က လူကောင်းကိုရွေးပေါ့ … နင့်မှာရွေးစရာများတာပဲဟာ … ”

“လူကောင်း … လူကောင်းဆိုတာ နဖူးမှာစာရေးထားသလား … အဲဒီလို ရေးထားတော့ရော တစ်သက်လုံးစာ





အတွက် သေချာမှုပဲလား”

ဖေဖေဟာလည်း မေမေကအိမ်ထောင်ဘက်ဖြစ်ရွေးချယ်ခဲ့စဉ်ကတော့ လူကောင်းပဲဖြစ်ခဲ့မှာပဲ။ ခုကျတော့ နောက်ကွယ်မှာပွေရှုပ်၊ မိသားစုအပေါ် ဂရုမစိုက် တာဝန်မကျေ။ လူတစ်ယောက်ကို မျက်စိနဲ့တဒင်္ဂအမြင်မှာ ကောင်းတာလေးကြည့်ပြီး တစ်သက်လုံးကောင်းနေမှာလို့ ဘယ်လိုဆုံးဖြတ်လို့ရမလဲ။ သူ့ရဲ့ကတိစကားတွေကိုရော ဘယ်လိုလုပ်ပြီးယုံစားလို့ရမှာလဲ။

“ဟိုလေ … စံစံဆိုရင် ဘယ်လောက်ကောင်းသလဲနော် … သူတင်မကဘူး … သူ့မိဘတွေအစ သဘောထားသိပ်ပြည့်ဝတာ … ငါဆို အမြဲတမ်းစဉ်းစားတယ် … စံစံမိဘတွေလိုလူစားမျိုးကို ယောက္ခမတော်ရမယ်ဆိုရင် ကောင်းမှာပဲလို့”

“အဲဒါဆိုလည်း … နင်ပဲ စိုးစံကိုသွားကြိုက်လိုက်ပေါ့”

“စံစံက ငါ့မှမကြိုက်တာ … အဲ … ငါကလည်း သူ့ကိုကြိုက်တယ်ရယ်လို့တော့ မဟုတ်ပါဘူးလေ … သူ့လိုလူမျိုးကိုရည်းစားတော်ရရင်ကောင်းမယ်လို့ပဲ ပြောတာပါ … စံစံကနင့်ကို [illegible]ခဲ့တာဆိုတော့ နင်ကံကောင်းတာပေါ့”

ယက်သာက မျက်နှာတည်တည်လေး လှပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဒီကောင်မလေးဟာ သူ့ရဲ့တစ်ထွာတစ်မိုက်ညဏ်ကလေးနဲ့ သူများကို ဆရာကြီး လာလုပ်ချင်နေသေးတယ်။

သူ့ပုံစံ ပေါတောတောကလေးမို့ လာကြိုက်မဲ့သူမရှိသေးလို့သာ ...။ သူ့ကိုတစ်ယောက်ယောက်က လာကြိုက်လို့ကတော့ (ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ်) မိပေါက်တို့က ပျော်ပျော်ကြီး ပြန်ကြိုက်လိုက်မှာပဲ ထင်သည်။

အင်း ...။ တစ်ခါတလေကျတော့လည်း မိပေါက်လို အပူအဝင်ကင်းကင်း နောက်ဆံမတင်းဘဲနဲ့ ကိုယ်လုပ်ချင်တာကို စိတ်လက်ပေ့ါပေ့ါပါးပါးနဲ့ လုပ်ခွင့်ရချင်သည်။

သက်သာကတော့ လူမှုကျင့်ဝတ် ဖောက်ပြားတတ်သော အဖေကြောင့် ယောက်ျားတွေကို အထင်မကြီး၊ လူတွေကို မယုံတတ်တာနဲ့ဘဲ စိတ်ပေါ့ပါးပျော်ရွှင်မှုကိုလည်း ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူးထင်သည်။





အိမ်ရှေ့မှာ ကားရပ်ကာ နောက်ဖုံးဖွင့်ပြီး လေးဆောင့်မှန်ကန် အလတ်စားတစ်ခု၊ ပစ္စည်းအမျိုးစုံထည့်ထားပုံရသော ကြွပ်ကြွပ်အိတ်တစ်လုံး၊ နောက်ကားရှေ့ခန်းက ရေပုံးတစ်ပုံးကို တစ်ခုစီချထားသော စိုးစံကို သက်သက်သာသာက စောင့်ကြည့်နေပါသည်။

မနက်ခပ်စောစောရောက်ချလာပြီး မပြောမဆိုနဲ့ ဘာတွေမှန်းမသိ တကုပ်ကုပ်ကားပေါ်က ချနေသော စိုးစံရဲ့ အပြုအမူဟာ ထူးတော့ထူးဆန်းသား။

"စိုးစံ ... အဲဒါ ဘာတွေလဲ ..."

"မိပေါက်ကပြောလို့"



www.burmeseclassic.com

www.burmeseclassic.com



"မိပေါက်ကပြောရင် မိပေါက်အိမ်ကိုသွားပေါ့ … ငါ့အိမ်မှာ ဒီအထူးအဆန်းတွေလာချပြီး မိပေါက်နဲ့ ဘာဆိုင်လို့လဲ"

"စိတ်ရှည်ရှည်ထားပြီး နားထောင်စမ်းပါဦးဟာ … မိပေါက်ကပြောတယ် … နင်က ငါးမွေးချင်တယ်တဲ့ … အဲဒါနဲ့ ငါ ငါးတစ်ကောင်ရယ် … ငါးကန်ရယ် ဝယ်လာတာ"

"အာ … မိပေါက်ကတော့ ခက်တာပဲ … ငါက တစ်ခါလေးပဲအပျော်အပျက်ပြောမိတာပါ … ယောက်ျားတွေကို … စိတ်မချလွန်းလို့ ရည်းစားထားပြီး ပျော်စရာရှာမဲ့အစားတော့ … ငါးမွေးတာကမှ ပျော်စရာကောင်းဦးမယ်လို့ … ကိုယ်ထားတဲ့အတိုင်း နေမယ်လို့ … အဲလိုပြောလိုက်တာ"

"မသိဘူး … တစ်နေ့က မိပေါက် ငါ့အိမ်ရောက်လာပြီး … အတင်းပဲ တိုက်တိုက်တွန်းတွန်းနဲ့ သက်သာက ငါးမွေးချင်နေတယ် … နင် ငါးကန်ရော ငါးရော ဝယ်ပြီး သွားပို့ပေးလိုက်ဆိုလို့ … ငါးကန်တင်မဟုတ်ဘူး အဲ(ရ်)ပမ့်(ပ်)ရော၊ ကျောက်ခက်ပင်တွေရော၊ ကျောင်စရစ်ခဲတွေရော၊ အောက်ကခံဖို့ သဲပါ ဝယ်လာသေးတယ် … "

"ငါမလိုချင်ပါဘူး"





"ယူတော့ ယူထားလိုက်ပါဟာ … ငါက နင့်အတွက် ရည်ရွယ်လာတာပဲဟာ … ငါးလေးက ချစ်စရာလေးပါဟ … ဒီမှာ … နင့်အိမ်ရှေ့ ခုတ်ခုံဘောင်မှာ တင်ထားလိုက် … ငါအားလုံးပြင်ဆင်ပေးမယ် … ရေသာပေး … ကန်ထဲဖြည့်ရအောင်"

"ငါမလိုချင် … "

"ယူထားလိုက်စမ်းပါ … ငါ့ငါးလည်းကြည့်ပါဦး … နင်မြင်ရင် ချစ်သွားမယ် … ရွှေရောင်လုံးလုံးဖောင်းဖောင်းကလေး … အမြီးက ဇာရုတ်ကားထဲက မင်းသမီးဝတ်တဲ့ ဂါဝန်လို ပဝါစ ဖားဖားလေးတွေနဲ့ … ခေါင်းထိပ်က အနီလုံးလေး … လိုင်းယင်းဟက်(ဒ်)လို့ခေါ်တယ်ဟ … ရွှေငါးအကောင်းစား"

စိုးစံက ပါးစပ်ကပြောလည်းပြော၊ လက်ကလည်း ငါးကန်ကို အသင့်ယူလာသည့် ရာဘာပြားခံကာ အုတ်ခုံပေါ်မှာ တင်၊ သဲတွေအောက်ခြေကဖြူး၊ ကျောက်စရစ်ရောင်စုံလေးတွေနဲ့ ကျောက်ခတ်ပင်ဘွေကို လှလှပပဖြစ်အောင် နေရာချ၊ ရေဖြည့်ပြီးတော့ ရေပုံးထဲက ငါးကလေးကို ကန်ထဲအသာလွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ(ရ်)ပမ့်(ပ်)ကတော့ နောက်မှဆင်တော့ … ငါအားလုံး အသင့်လုပ်လာပြီးသား … မီးပလပ်မှာ ထိုးပြီး ဖွင့်လိုက်ယုံ ပဲ"

သူ ဒါတွေကို ဘာသဘောနဲ့ လာလုပ်ပေးနေတာလဲ။ မိပေါက်က အတင်းတိုက်တွန်းလို့ ရိုပေမဲ့ သူ့စေတနာရှိမှ လုပ်ပေးမှာပေါ့။ မီးလျှံတို့၊ ဘုန်းမိုတို့၊ သော်တာညီတို့သာဆို ဒီလိုမျိုး အသေးစိတ်ပြည့်စုံအောင် လိုက်လုပ်ပေးပါ့မလား။

"ငါလေးက ချစ်စရာလေးနော် … ဒါဘယ်လောက်ပေးရလဲ"

"တစ်သောင်းခွဲ"

"အယ် … ဈေးကြီးလိုက်တာ … ဒါးကန်ရော ဒီစက်ရောဆို မနည်းမနောကြီးဖြစ်သွားမှာပေါ့ … အားလုံး ဘယ်လောက်ကျသလဲ … ငါပေးမယ်"

"မဟုတ်တာ … နင်က ဝယ်ခိုင်းတာမှ မဟုတ်တာ … ငါကဝယ်ပေးချင်လို့ပဲဟာ … အလကားဝယ်ပေးတာ မဟုတ်ပါဘူးဟ … ရှေ့လ နင့်မွေးနေ့အတွက်ကြိုပြီး လက်ဆောင်ပေးတာပါ … နင့်မွေးနေ့ကျရင် ထပ်မပေးတော့ဘူးလေ"

"အဲဒါလည်း ဈေးကြီးနေသေးတာပဲ … စုစုပေါင်းဆို သုံး





သောင်းလောက်ရှိသွားမှာ ထင်တယ်"

"ရပါတယ်ဆိုဟာ … နင်ပျော်ရင်၊ ကြိုက်ရင်ပြီးတာပဲပေါ့"

"ကြိုက်တော့ကြိုက်ပါတယ် … "

ငါ့ကိုလားလို့ အရဲစွန့်မေးလိုက်ဖို့ စိုးစံက စိတ်ကူးလိုက်သေးသည်။

သို့သော် သူ့လျှာဖျားကို တစ်စုံတစ်ခုနဲ့ ဆွဲချိတ်ထိုက်သလို တွန့်ဆုတ်တုန့်နှေးသွားတာကြောင့် မပြောဖြစ်တော့ချေ။

မျက်လွှာခပ်ချချအနေအထားနှင့် ကျောက်ရုပ်လို ငြိမ်သက်နေသော စိုးစံကို သက်သာကလည်း ကိုယ့်အတွေးနဲ့ ကိုယ် အကဲခတ်နေတာပင်။

ယောကျ်ားလေး သူငယ်ချင်းလေးယောက်ရှိသည့် အထဲမှာ ဘုန်းမိုနဲ့ သော်တာညီကတော့ အားလုံးကို တန်းတူ၊ ရိုးရိုးသားသားရှိမှန်း သိသာထင်ရှားလှသည်။ မီးလျှံကျတော့ တမျိုး။ ပေါက်အပေါ်တော့ (ငွေချေးလို့ အကောင်းဆုံးပဲမို့လား မသိ) အားရင်းနှီးလျက် ရိုလှဲနဲ့ စန်းစန်းဝင်းကိုကျ ရိုးရိုးသားသား ခင်ခင်မင်မင်ပင်။ သက်သာအပေါ်ကျတော့ အထူးတလည်စိမ်းသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကလည်းကင်း၊ သက်သာကလည်းကွင်းမို့ နည်းနည်းလောက် ရင်းနှီးမိလျှင်ဘဲ သက်သာကို သူက လိုက်ကြိုက်နေသလို သတင်းထွက်မှာစိုးလို့ သတိထားရှောင်ရှားနေရသည့်ပုံ။

စိုးစံတစ်ယောက်ကတော့ မိန်းကလေးသူငယ်ချင်းတွေအားလုံးထဲမှာ သက်သာကို ဂရုအစိုက်ဆုံး။ သက်သာ ဘာလိုချင်သည်၊ ဘာလုပ်ချင်သည်ဆိုတာ သူ့ဘာသာ အလိုလိုသိအောင်ကြိုးစားပြီး သူ့ဘာသာပဲ ဖြည့်ဆည်းပေးနေတတ်တာ။ သက်သာအပေါ် တစ်ဖက်စောင်းနင်းကြီး ဂရုစိုက်မိုပြနေသည့် သူ့ပုံစံကို ... နောက်ကြပြောင်ကြလည်း သူကမမှု။ ပုံမှန်ဖြစ်သင့် ဖြစ်ထိုက်တာတစ်ခုလိုပင်။

ခက်နေတာတစ်ခုက စိုးစံဟာ ခုထက်ထိ သက်သာနဲ့ ပတ်သတ်လို့ သူ့သဘောထား ဘယ်လိုရှိသည်ဆိုတာ တရားဝင်ထုတ်ဖော်မကြေညာတာပင်။ သက်သာမှ မိပေါက်ပြောသလို စိုး စံကို စိတ်ကူးယဉ်ကြည့်သင့်သလား၊ မကြည့်သင့်ဘူးလားဆိုတာတောင် သေသေချာချာမသိ။

"နင်က ငါ့ကို တော်တော်ဂရုစိုက်တာပဲနော် ... "

ရေလာမြောင်းပေးလို့ပဲ ဆိုချင်ဆို သက်သာက ...





...ားပေါစ်ခွန်းတောက်လိုက်တာပါပဲ။ ရေလာစေချင်လို့ဆိုတာ ...က် မြောင်းဖောက်ပေးလိုက်လျှင် ရေစီးမစီး စမ်းသပ်ချင်သည့် ...သဘော။

"ငါ့သူငယ်ချင်းတွေပဲဟာ ... အထူးသဖြင့် နင်နဲ့ မိပေါက်ပေါ့၊ ငါ့စိတ်ထဲမှာ နင်တို့ နှစ်ယောက်ကို ကိုယ့်ညီမလေးတွေလို သဘောထားတယ် ... နင်တို့ လိုအပ်တာမှန်သမျှ ဖြည့်ပေးချင်တယ် ... နင်တို့ စိတ်ချမ်းသာအောင် လုပ်ပေးချင်တယ် ရီလဲ့ကျတော့ ရည်းစားရှိနေတော့ ငါသွားဂရုမစိုက်ရဲဘူး ... စန်းစန်းဝင်းကျတော့ သူ့မှာ တခြားသူငယ်ချင်းကလည်း များတော့ ... ငါတို့နဲ့ပဲ သက်သက်တွဲတာမဟုတ်သလို ဖြစ်နေတယ်လေ ... ငယ်သူငယ်ချင်းတွေထဲမှာ နင်တို့ နှစ်ယောက်က ငါနဲ့ အရင်းနှီးဆုံး မဟုတ်လား"

ခင်ဇော့ရှန် ရှောင်စကားပြောနည်းလား (အိုးတင့်...ခပ်ပြောနည်းလား။

ရှက်လို့ပဲ ဝန်မခံရဲသေးတာလား။ သက်သာ စိတ်ဆိုး...ကို ကြောက်တာလား၊ ဒါမှမဟုတ်ရင် စိုးစံရဲ့ရင်ထဲမှာ သက်သာ...တွက် တိကျတဲ့ခံစားချက်မျိုး မရှိသေးတာလား။



www.burmeseclassic.com

www.burmeseclassic.com



မိပေါက်ရေ၊ နင်ကသာ စိုးစံကို သိပ်အဟုတ်ကြီး မှတ်နေတာ။ စိုးစံကတော့ နင်နဲ့ ငါ့ကိုတောင် တန်းတူရည်တူ သဘောထားနေသေးတာပါလား။

❧ ❧





"မိပေါက်ကို ငါလိုက်ရင် မင်းဘယ်လိုသဘောထားမလဲ စိုးစံ"

ညမိုးချုပ်မှ ... အိမ်ကိုရောက်ချလာကာ ရောက်ရောက်ချင်း မြန်းစားဒိုင်းစားကြီးပြောချလိုက်သည့် မီးလျှံရဲ့ စကားကို စိုးစံက ရုတ်တရက်တော့ နားပင်မလည် လိုက်။

မိပေါက်ကို လိုက်မယ်ဆိုတာ ဘာပါလိမ့်။ ဒီကောင် ဘာ့ မိန့်ပြေးလိုက်တမ်း ကစားကြမလို့လား။

မဟုတ်ပါဘူး။ ဒါဆိုလည်း ညကြီးမင်းကြီး သူ့အိမ်ကို ပြေးတာကလာပြီး တိုင်ပင်စရာ အကြောင်းမရှိ။

"မင်းကလိုက်ရအောင် မိပေါက်ကပြေးနေတာလား ... "

"ပြေးလို့လိုက်တာကို ပြောတာမဟုတ်ဘူးကွ ... ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ပြောတာ ... ”

“ကောင်းတာပေါ့ ကြိုးစားတယ်ဆိုတာ ကောင်းတာပဲ ... မင်းဘာကိုကြိုးစားမှာလဲ ... စာကြိုးစားမှာလား ... အ ကစားထူးချွန်အောင် ကြိုးစားမှာလား ... ဒါမှမဟုတ် စီးပွ ရေးဘက်မှာ ... ”

“စိုးရာ ... မင်းကို တိုင်ပင်ရတာကလည်း အရင်ရှင်းနေရ နဲ့တင် ပင်ပန်းလိုက်တာ ... ဒွဲပဲပြောမယ်ကွာ ... ငါ မိပေ ကို ရည်းစားစကားပြောမယ်ဆိုရင် ဘယ်လိုနေမလဲ ... အ မေးတာ”

“မင်းက ... မိပေါက်ကို ... ”

စိုးစံက မျက်လုံးပြူးကြီးပြူးထွက်ကာ တအံ့တ အော်ဟစ်လိုက်မိပါသည်။

နှစ်ထောင့်ရှစ်ခုနှစ်အတွင်းမှာတော့ ဒီစကား အထူးဆန်းဆုံး စကားလုံးပဲ ဖြစ်မှာပါပဲ။ မီးလျှံဆိုတာ သူတို့ မှာတော့ကင်း။ ယောကျ်ားလေး အင် အားနည်းရသည့်ကြ ဟုတ်ဟုတ်ပါပ်ဟပ် ရုပ်လည်းမပါသလောက်မို့ အနှစ်မရှိတဲ့ ကြက်ဆူပင်မင်းမှု ဆိုသလို ကင်းတက်ဖြစ်ရတယ်ပဲ ပြောပြော





လျှံဟာ ကင်းတော့ ကင်းပဲလေ။

မိပေါက်ကျတော့ မောင်တာလို ပုံမလာပန်းမလာ၊ ရည်းစားစာပေးလျှင် အပေးခံရသည့် မိန်းကလေးက ယမ်းပုံမီးကျ ပေါက်ကွဲရလောက်အောင် အခြေအနေဆိုးသည့် ... ကောင်မျိုးက တောင် ကြိုက်ဖို့စိတ်မကူးသည့် မိန်းကလေး။ ပင်ကိုယ်ရုပ်ရည်ဝေး က မဆိုးပေမဲ့ မိပေါက်ရဲ့ပုံစံ၊ အနေအထိုင်ကိုက“စိတ်ကူးလောက် စရာမဟုတ်” ဆိုသည့် အနေအထားမျိုးဖြစ်နေတာ။

ဒီလိုမိန်းကလေးမျိုးကို ဒီလိုယောကျ်ားလေးမျိုးက ကြိုက်တယ်ဆိုတော့ကာ ...

နေပါဦး။ မီးလျှံပြောတာက ရည်းစားစကားပြော ချင်တို့၊ လိုက်ရင်တို့၊ အဲဒီလိုပဲပြောတာနော်“ချစ်တယ်”ဆိုတဲ့ စကား လုံးတော့ မပါဘူးထင်သည်။ သူများနားလျှံသွာတာလား။

“မင်းက လိုက်ရအောင် သူ့ကို တကယ်ချစ်လို့လား ... ဘယ် တုန်းကမှလည်း မပြောဖူးပါဘူး”

“ချစ်တယ် ရယ်တော့လည်း မဟုတ်ဘူးပေါ့ ... ဒါပေမဲ့ အဲဒီ လိုပဲ စိတ်ကူးပေါ်လာလို့”

“အကြောင်းအရင်းတော့ ရှိရမယ် ... ”



www.burmeseclassic.com

"ဒီလိုပါပဲကွာ … သူငယ်ချင်းအရင်းတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိနေတာမဟုတ်လား ပြီးတော့များ အဆင်ပြေမလားလို့"

"မင်းက တခြားရည်းစားတွေနဲ့တုန်းကရော အဆင်မပြေတာရှိဖူးလို့လား … ငါသိသလောက်တော့ ကောင်မလေးတွေက မင်းအပေါ် ကောင်းကြပါတယ် … မင်းကသာ စိတ်တိုင်းမကျ ဖြစ်ဖြစ်လာပြီး အဆက်ဖြတ်ပစ်လိုက်တာချည်းပဲ မဟုတ်လား"

"အင်းလေ … အဲဒါကိုက သူတို့ကို အဆင်မပြေဘူးလို့ ငါစိတ်ထဲ ထင်လို့ပေါ့ … ငါ့ကို ကင်းမို့လို့ ကင်းရဲ့ရည်းစားဆိုပြီး နာမည်ကြီးချင်တာ ပါတယ်ကွာ … "

"နေစမ်းပါဦး … မင်းက လူစင်စစ်မဟုတ်ဘူးလား … ကင်းလား … ကင်းဆိုရင်ကော ဘာကင်းလဲ … ကင်းမြီးကောက်လား … ကင်းခြေများလား … ကင်းမလက်မည်းလား … ကင်းပုစွန်လား … "

"ဇွေပြန်ပြီကွာ … ကင်းဆိုတာ … ကေအိုင်အင်(န်)ကျီကင်းကိုပြောတာ … ငါ့ကိုပေးထားကြတဲ့ ဘွဲ့ကိုပြောတာကွာ"





"ငါသိတဲ့ မင်းဘွဲ့ကတော့ ရှင်ပဏ္ဍိတပါ"

"ကျွတ် … အဲဒီဘွဲ့ကို ပြောတာမဟုတ်ဘူး … ဘွဲ့ထူးဂုဏ်ထူးကိုပြောတာ … မင်းကလည်း သိသားနဲ့ ရစ်နေလိုက်တာကွာ"

ဟဲ ဟဲ။ ဘယ်ရမလဲ။ တမင်လုပ်တာ။ သူ့ကိုယ်သူ … င်း ကင်းဆိုပြီး အကြောင်းမဲ့ကြွားလုံးထုတ်လွန်းတာကို အမြင် … တ်လို့။

သူ့ရဲ့"ကင်း"ဆိုတဲ့ ဘွဲ့က ဘာများဖြစ်လောက်မှာမို့ … ကောင်မလေးတွေက သူနဲ့တွဲချင်ရမှာလဲ။ ရပ်ရှင်မင်းသားဆို … ည်း ဟုတ်သေးရဲ့။

"တချို့ကိုတော့လည်း လက်ဆောင်ကောင်းကောင်းရဖို့ … ဟိုသွားဒီသွား … ဟိုဆိုင် ဒီဆိုင်ဝင်စားဖို့ … အဲဒါမျိုးတွေ မက်တာကလည်း ရှိသေးတယ် … "

မိန်းမတွေအပေါ် တော်တော်အထင်သေးတတ် … ကောင် အခုနေ သူ့ကောင်မလေးတွေများ … ဒီစကားကို … ကြားလျှင် … သူ့ကိုပဲ ဝိုင်းသတ်မလား။ ရှက်လွန်းလို့ ကိုယ့်ဘာ … သတ်သေ… း တစ်ခုခုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင် မင်းကမယုံဘူးနော် ... ရည်းစားထားရတာ သိပ်
ကြောက်ဖို့ကောင်းတယ် ... "

"အေးပါ ... မင်းလို ရည်စားသက်စေ့ထားဖူးတဲ့ ကောင်က
ပြောတော့လည်း ယုံရသေးတာပေါ့"

"တော်ပြီ ... မင်းနဲ့ လိုက်ပြောနေရတာနဲ့တင် မှုရင်းစကား
ပျောက်သွားပြီ ... အဲ ... မိပေါက်ကို ငါလိုက် ... အဲ ...
ကြိုးစား ... အဲလေ ... ပရိုပိုစ့်လုပ်ရင် သင့်တော်ပါ့မလား"

လေးလေးနက်နက်တွေးစရာတော့ ... ဖြစ်လာပြီ
တခြားကောင်းမလေးသာဆိုရင်တော့ ဘာအရေးလဲ။ စိတ်ထဲပေ
လာလို့ ဖြေလိုက်ရုံပေါ့။ အခုဟာက မိပေါက်ဖြစ်နေတော့ တစ်ဘ
ကလည်း ကိုယ့်သူငယ်ချင်းပဲဆိုပေမဲ့ သေသေချာချာ စဉ်းစားပေ
ဖြစ်မည်။

မီးလျှံက သိပ်စိတ်ချရတဲ့ ကောင်မဟုတ်။ ဒီအရွယ်
အထိ မိန်းကလေးတစ်ယောက်တည်းကို အတည်တကျ ကြိုက်
မရသေးပဲ ဟိုမြှ ဒီခြံခုန်ကူးလာတာ။ သူ့ပါးစပ်ကပြောတော့ ကော
မလေးတွေဘက်က အပြစ်တွေလိုလို ဘာလိုလိုဆိုပေမဲ့ သူကိုယ်
တိုင် စိတ်မငြိမ်လို့သာ ဒီလောက်ကွဲလိုက် ပြတ်လိုက်တွေများ





တာ။ မိပေါက်ကိုရော သူအဘည်ပေါက်စွဲစွဲမြဲမြဲဟုတ်ပါ့မလား။ မီး
လျှံတို့က သူငယ်ချင်းသော ဘာသောအားနာဆင်ချင်မဲ့ ကောင်မျိုး
လည်းမဟုတ်။

မိပေါက်ကတော့ ပျော်ရှာမှာ။ မောင်တော့လို ...
ကောင်မျိုးကိုတောင်"ငါကြိုက်နေတာလား"လို့ မျှောင်လင့်နေသေး
တာ။ မီးလျှံကသာ သူ့ကိုလာကြိုက်တယ်ဆိုလျှင် အတော်ကြီးကို
ဂုဏ်ယူဝမ်းမြောက်ပေမည်။ ချက်ချင်းတောင် ပြန်လက်ခံလိုက်
မလားပဲ။

မိပေါက်ဘက်က စဉ်းစားလျှင်တော့ ဒီကိစ္စကို အား
ပေးအားမြှောက်ပြုသင့်တယ်ထင်တာပဲ။ ဒီအရွယ်အထိ ရည်းစားစာ
တစ်စောင်မှ မရဘူး၊ ရည်းစားစကား တစ်ခါမှ လိုက်ပြောမခံရဘူး၊
ကိုယ့်ကို ဇွဲဇွဲစောင်းစောင်းကြည့်တာတောင် မခံရဘူးသေးရှာ
တော့ မိန်းကလေးပီပီ မိပေါက်ခမျာ အားငယ်စိတ်လေးတော့ ရှိရှာ
တာ။

မောင်တော့ကိစ္စကတည်းက မိပေါက်ရဲ့ သဘော
ထားကို စိုးစံက ခံသလည်းထားပြီးပြီ။ မိပေါက်ဟာ တကယ်ချစ်ဘာ
ချစ်တာထက ယောကျာ်းလေးတစ်ယောက်က သူမကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားနေတာ၊ လိုက်ကြိုက်နေတာကို ခံချင်နေတာ။ သက်သာလိုမျိုး ကောင်လေးတွေထံက ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးထားသည့် ရည်းစားစာတွေ၊ ပန်းစည်း၊ ချောကလက်၊ လက်ဆောင်သေးသေးဖွဲဖွဲကလေးတွေ စသည်ဖြင့် ရပြီး ဂုဏ်ယူမာန်တက်နေချင်တာ။ ကိုယ့်ကိုယ် ဘယ်လောက်ချစ်ကြောင်း၊ ဂရုစိုက်ကြောင်း အပြခံရတာကိုပဲ ကြည်နူးကျေနပ်နေချင်တာ။ ရှင်းရှင်းပြောရလျှင်တော့ မိန်းကလေးပီပီ စိတ်ကူးယဉ်နေချင်တာ။

မီးလျှံအပေါ်လည်း ချစ်သူတစ်ယောက်လို ချစ်မိတာ။ မဟုတ်လျှင်တောင် ကြည်နူးစိတ်နဲ့ ပျော်နေမှာဘဲ။ ရတောင့်ရခဲ အခွင့်အရေးမို့ လက်လွတ်ဆုံးရှုံးသွားမှာစိုးလို့ အမြန်ဆုံးတောင် ပြန်ပြီး လက်ခံလိုက်ဦးမည်။

မိပေါက်ခဏ ပျော်ဖို့အတွက် မီးလျှံစိတ်ကူးကို … တိုက်တွန်းအားပေးလိုက်သင့်ပါသလား။

"သူငယ်ချင်းအရင်းကြီးဆိုရင် မင်းက သက်သာကိုတော့ … ဘာလို့ စိတ်မကူးလဲ … သက်သာက ဒီလောက်လှတာ တစ်ယောက်အကြောင်း တစ်ယောက်သိတဲ့ နေရာမှာလဲ … မိပေါက်နဲ့ အတူတူပဲ"





"ဒါပေမဲ့ သက်သာက တစ်မျိုးကြီးလေ … ယောက်ျားတွေအပေါ်မှာ အထင်ကြီးတဲ့ ပုံလည်း မပေါက်ဘူး … လူတွေအပေါ်လည်း အယုံအကြည်မရှိသလိုပဲ … ဟိုဒင်း … ဘာနဲ့တူလဲဆိုရင်တော့ စက်ရုပ်ကြီးတစ်ရုပ်လိုပဲကွာ … သူနဲ့ဆို ပျော်စရာကောင်းမှ မဟုတ်ဘူး … ငါ့ကိုလည်း တန်ဖိုးထားမှာ မဟုတ်ဘူး … "

မိပေါက်နဲ့ဆိုလျှင်တော့ သူ့ကို အလိုလိုက်မည်၊ ဂရုစိုက်မည်၊ အထင်ကြီးမည်၊ ပျော်အောင်ထားမည်ပေါ့။

"ဘာကြောင့်ပဲဖြစ်ဖြစ် မိပေါက်အပေါ် မင်း သစ္စာရှိမယ်ဆိုရင် မင်းတို့ ကိစ္စကို ငါအားပေးမယ်"

"သစ္စာ … အင်း … သစ္စာဆိုရင် ဘယ်လိုပြောရမလဲ … တစ်သက်လုံး မြဲပြီး ရိုးမြေကျပေါင်းတာမျိုးကို ဆိုလိုတာလား … "

"ဒါပေါ့ကွ"

"အဲဒါတော့ … ဘယ်လိုလုပ် အာမခံနိုင်မလဲ … လူတစ်ယောက်နဲ့တစ်ယောက်တစ်သက်လုံးလက်တွဲသွားနိုင်မသွားနိုင်ဆိုတာက အခြေအနေတွေ၊ အဖြစ်အပျက်တွေ၊ ကံတရား



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ် အများကြီးမူတည်တဲ့ဟာ”

“ဖြစ်သင့်ဖြစ်မိထိုက်တာဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ မင်းဘက်က အသစ်မြင်လို့ အဟောင်းကို ပစ်တာမျိုး ... သူ့ထက်သာတာတွေ့လို့ အကြောင်းရှာပြီး အဆက်ဖြတ်ပစ်တာမျိုး မလုပ်ဖို့ တားချင်တာ”

ဒီကောင် ဘယ်လိုဖြစ်နေပါလိမ့်။ မိပေါက်ကိုများ သူ့နှမကျနေတာပဲ ကာကွယ်နေလိုက်တာ။

ငါကလည်း ငါပါပဲလေ။ ဒီလောက်သည်းသည်းလှုပ် ဖြစ်မဲ့ ကောင်ကိုမှ သွားတိုင်ပင်မိရတယ်လို့။ ဘုန်းမိုတို့ သော်တာညီ တို့ကို တိုင်ပင်မိလျှင် သူတို့အလုပ်နဲ့သူတို့ရှုပ်ကာ ကိုယ့်ကိစ္စကို ကြာကြာခေါင်းစားမခံနိုင်တာနဲ့ဘဲ “တောင်းတယ် ... ချကွာ”ဆိုပြီး အားပေးမှာ။

ဘယ်သူ့ကိုမှ ... မတိုင်ပင်လည်း ဖြစ်တာပါပဲလေ။ အရင်ရည်းစားတွေတုန်းကရော ဘယ်သူ့ကို တိုင်ပင်ပြီး ဘယ်သူ့ သဘောတူညီချက်ကို ယူဖူးတာမှတ်လို့။ ဒီလိုပဲ ကိုယ့်စိတ် ကိုယ့် သဘောနဲ့ ဆုံးဖြတ်ခဲ့တာ။

မိပေါက်ကျတော့ သူငယ်ချင်း အရင်းအချာဖြစ်နေ





ဘာမို့ ကိုယ့်လိပ်ပြာ ကိုယ်လုံနိုင်အောင် တိုင်ပင်ဖော် တိုင်ပင်ဖက် အစ်ယောက်ရှာမိတာ။ ကံကဆိုးချင်တော့ ကိုယ့်သူငယ်ချင်းကို ... အသက်ပေး ကာကွယ်မည့် အမျိုးကောင်းသားကိုမှ လာတိုင်ပင်မိ ချက်သား ဖြစ်နေပါလေရော။

“မင်းနဲ့ မိပေါက် ရင်းနှီးသွားသလိုပဲ ... ငါနဲ့ မိပေါက်လည်း သူငယ်ချင်းအရင်းကြီးပါကွာ ... မိပေါက်အပေါ် မင်းစိတ်ပူ သလို ငါလည်း စိတ်ပူတာပါပဲ ... မင်းထင်သလောက်တော့ လည်း ပစ္စလက္ခတ်ကြီး မလုပ်လိုက်ပါဘူး”

“အေးပါကွာ ... မင်းဆင်ခြင်မယ်ဆိုရင်တော့ ငါက ဝမ်းသာ အားရ ထောက်ခံရမှာပေါ့ ... မိပေါက်ကလည်း ဖျော် ... အဲ ... မင်းကိုဆို ငြင်းမှာမဟုတ်ပါဘူး”

“မင်းကရော ကူညီမှာလား”

“ကူညီမှာပေါ့ကွာ ... ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်တွေ ပဲဟာ”

သိပ်တောင်ကူညီစရာလိုမယ် မထင်ပါဘူး။ မထွက် ...က ညွတ်ချင်ချင်ဖြစ်နေလောက်မဲ့ မိပေါက်ကို“ချက်ချင်းကြီး ...ဖြေမပေးလိုက်နဲ့”ဆိုပြီးတော့ပဲ ဆွဲထားရမဲ့ ပုံပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူငယ်ချင်း လူရင်းတွေပဲမို့ မီးလျှံက လည်း ... သူပြောသလို ပစ္စလက္ခတ်တော့ လုပ်ပစ်မှာမဟုတ်ပါဘူး။ တခြားတစ်ယောက်ယောက်ထက်စာလျှင်တော့ မီးလျှံဟာမိပေါက် အတွက် အကောင်းဆုံးဖြစ်မှာပါ။

မီးလျှံအတွက်လည်း တစ်ယောက်ပြီးတစ်ယောက် အဆင်မပြေနိုင်တိုင်း ခြံစုန်ရွှေ့ပြောင်းနေမည့်အစား မိပေါက် တစ်ယောက်နဲ့တင် ငြိမ်သက်အခြေကျနိုင်ပါစေတော့။





"ကလင် ... ကလင် ... ကလင်"

မျက်လုံးနှစ်လုံး သေသေချာချာ မဖွင့်ရသေးခင် ဲတိုးဝင်လာသည့် စက်ဘီးဘဲလ်သံဟာ မိပေါက်ရဲ့စက်ဘီးသံ ာ စိုးစံက တန်းခနဲပြောနိုင်သည်။

သူ့အိမ်နှင့် မိပေါက်တို့အိမ်က တစ်လမ်းပဲခြားတဲ့ ချိန်မရွေး ကူးသန်းသွားလာဖို့လွယ်သည်။ ဒါကြောင့်ပဲ စိုးစံ ည်း အကြောင်းရှိလျှင် မိပေါက်ကို အရင်ဆုံးသွားပြောတတ် မိပေါက်ကလည်း ဘာအရေးပဲကြုံကြုံ စိုးစံဆီ အရင်ဆုံးပြေး တ်တာ ဖြစ်လိမ့်မည်။

စိုးစံက အိပ်ရာကနေ ကမန်းကတန်းထပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



အပြင် လမ်းမကို တန်းမြင်နိုင်သည့် သူ့အခန်းရှေ့ဝရံတာကို ပြေး သွားလိုက်သည်။

"နိုးပြီလား ... အိပ်ပုတ်ကြီး"

"နိုးပါပြီဟ ... ညက ဂိမ်းဆော့ရင်း ညဉ့်နက်သွားလို့ပါ"

"နင့်ကို အထူးအဆန်းပြောစရာ ရှိတယ် ... "

မိပေါက်မျက်နှာလေးက အဝေးက လှမ်းမြင်နေ တာတောင် ဝင်းလက်ကြည်စင်ပြီး တော်တော်လေး ပျော်ရွှင်နေမှန်း သိသာလှသည်။

ချက်ချင်းပဲ သူမရဲ့ 'အထူးအဆန်း'ဟာ ဘာဖြစ်လိ မည်ဆိုတာ စိုးစံက သဘောပေါက်လိုက်ပါသ်။

"အေး ... အေး ... ငါ လာခဲ့မယ် ... "

"ငါ လမ်းထိပ်မုန့်ဟင်းခါးဆိုင်က စောင့်နေမယ်"

"မုန့်ဟင်းခါး မစားချင်ဘူး ... လက်ဖက်ရည်ဆိုင်က စောင့် ... "

"အေး ... အေး ... ပြီးရော"

မိပေါက် စက်ဘီးလေးနင်းကာ ထွက်သွားလျှင် စိုး က မျက်နှာသစ်သွားတိုက်ခြင်းအမှုကို ခပ်မြန်မြန်ပဲလုပ်ရပါသည်





ညကဇတ်အိပ်သည့် တီရှပ်က သိပ်ပြီးမတွန့်မကြေ အကောင်း အတိုင်း ရှိသေးတာမို့ မလဲတော့ဘဲ ညဝတ်အိပ်သည့် ဘောင်းဘီ ရှည်ပွကြီးကိုသာ ဒူးတစ်ဝက်ရှိမည့်ဂျင်းဘောင်းဘီနှင့် လဲဝတ်လိုက် သည်။

ဂိုဒေါင်ထဲက စက်ဘီးကိုထုတ်ပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို အမြန်နင်းခဲ့ရသည်။ ဒါတောင် စိုးစံ ရောက် သွားတော့ မိပေါက်က လက်ဖက်ရည်တစ်ခွက်နဲ့ ပဲပလာတာတစ်ပွဲ စားလို့ပြီးနေပြီ။

"နင် ဘာစားမှာလဲ ... ပဲအီကြာလား ... နံပြားထောပတ် သုတ်လား ... လက်ဖက်ရည်လား ... အိုဗာတင်းလား"

"စားပွဲထိုး မေးပါစေဟာ ... နင်ကြားထဲက ဝင်မေးရတာ ပါးစပ်သြောင်းပါတယ် ... လက်ဖက်ရည်ကျဆိမ့်တစ်ခွက်နဲ့ နန်းကြီးသုပ်တစ်ပွဲပေးဟေ့ ... "

"ဟယ် ... ဟုတ်သား ... နန်းကြီးသုပ်စားဖို့ မေ့နေတယ် တော့ ... ငါ့လည်း တစ်ပွဲပေး ... အအီပြေအောင် သံပရာ ရည်ပါ ယူခဲ့ဦး ... "

"မိပေါက် ... စောစောကပဲ ပဲပလာတာနဲ့ လက်ဖက်ရည်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားပြီလဲ ... ”

“ဗိုက်ထဲမှာလေ ... ”

“အဲဒါကို နန်းကြီးသုပ်က ထပ်စားဦးမယ် ... ပြီးကျတော့ သံပရာရည်က သောက်ဦးမယ် ... ”

“နန်းကြီးသုပ်က အီတယ်လေ ... သံပရာရည်လေးနဲ့ အအီဖြေမှ ... ”

“နင် ဒီလောက်စားနေရင် နေ့ချင်းညချင်း ဝတုတ်ပြဲကြီး ဖြစ်သွားလိမ့်မယ် ... ”

“ဘာလဲ ... နဂိုတည်းကမှ ကြိုက်မဲ့သူမရှိတဲ့ကြားထဲ ဝတုတ်ကြီးဖြစ်ရင် ပိုဆိုးမယ်လို့ ပြောချင်တာလား ... ”

အောင်မယ် ... ။ ဒီတစ်ခါ မျက်နှာထားက အထီးကျန်ဟန် နာတဲ့ပုံဖြစ်မသွားပါလား။ ခံနိုင်ရည်ရှိလာတာဝေ ့ မဖြစ်နိုင်။ အားကိုးရှိလို့ မမှုတော့တာဘဲ ဖြစ်ရမည်။

ပုံစံကြည့်ရတာတော့ မီးလျှံက သူမကို ဖွင့်ပြောလိုက်တဲ့ပုံပဲ။ မိန်းကလေးဆန်သော ဂုဏ်ယူမာန်ဝင့်မှုတွေက မိပေါက်ရဲ့မျက်နှာပေါ်မှာ အထင်းသား။

ကောင်းပါတယ်လေ ... ။ မိပေါက်မှာ ကိုယ့်ကိုယ်





ကိုယ် အထင်ကြီးတဲ့စိတ်ကလေး ရှိလာတာကောင်းပါတယ်။ ဒါမှသည်း ကိုယ့်ကိုယ်ကိုယ် လေးစားသမှုနဲ့ တည်တည်တံ့တံ့နေမှာ။ မိပေါက်ရဲ့ ခုန်ဆွခုန်ဆွ ဣန္ဒြေမရတဲ့ အမူအရာ၊ ဟီးဟီးဟားဟား အာကျယ်ပါကျယ် ပြောတတ်သည့်လေသံ၊ နေရာတကာ စပ်စပ်စုစု ဟိုပါဒီပါလုပ်တတ်တဲ့အကျင့်အကြံ အဲဒါတွေက သူမကိုတန်ဖိုးလျော့ကျစေတာ။ ကိုယ့်ကို ကြိုက်မဲ့လူတစ်ယောက်ရှိလာလျှင် အိုက်တင်လေးနဲ့ ထိန်းထိန်းသိမ်းသိမ်းလေး နေလာတတ်မှပဲ လူပြောခံရစရာအဖြစ်က ကင်းလွတ်မှာ။

“ဝတယ်ဆိုတာ ... ကြိုက်မဲ့လူမရှိတော့တာ တစ်ခုတည်း အတွက်ပဲမကောင်းတာ မဟုတ်ဘူးလေ ... ကိုယ့်အလှအပ အတွက် ... အဝတ်အစားအတွက် ... ကျန်းမာရေးအတွက် ဘာတစ်ခုမှ မကောင်းဘူး”

“အေးပါဟ ... ငါကလည်း တစ်ခါတလေမှ စားတာပါ ... စိတ်ကြည်နေတဲ့အခါမျိုးပေါ့”

ပြောပြီးပြုံးစိစိ လုပ်နေလိုက်သေးသည်။ စိုးစံက ‘နင်ဘာကြောင့် စိတ်ကြည်နေတာလဲ’လို့ မေးစေချင်သေးသည့်ပုံ။ စိုးစံက မေးလိုက်တော့မှ ‘ဘာကြောင့်’ ဆိုတာကြီးကို အရသာခံကာ

www.burmeseclassic.com



ပြောချင်သေးသည့်ပုံ။

စိုးစံက နည်းနည်းညစ်ချင်စိတ် ပေါက်လာကာ မမေးဘဲ ထားလိုက်သည်။ တစ်သက်လုံး သောက်နေကျဆိုင်က လက်ဖက်ရည်ကိုပဲ တစ်ခါမှ မသောက်ဘူးသလို အရသာခံကာ သောက်နေလိုက်သည်။

"ဟဲ့ ... မေးလေ"

"ဘာကိုမေးရမှာလဲ ... နင် အိမ်သာတက်ခဲ့ပြီးပြီလား၊ လား ..."

"ဟာ ... ပေါက်ကရ ညစ်တီးညစ်ပတ်တွေ ... ဒီလောက် ကျက်သရေမင်္ဂလာရှိနေတဲ့နေ့မှာများ ..."

"ဒါ ... ညစ်ပတ်တာ မဟုတ်ဘူးဟ ... လူတစ်ယောက်ရဲ့ ကျန်းမာရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍကိုမေးတာ"

"ကဲပါဟယ် ... နင် လျှောက်ပြောနေတာနဲ့ပဲ ငါပြောချင် တာတွေ မပြောရတော့ပါဘူး"

"ငါ လျှောက်ပြောနေတာ မဟုတ်ဘူး ... ထိုင်လျက်ပြော နေတာလေ ..."

"တော်တော့ဆို ... ငါ့မှာအရေးကြီးတဲ့ပြောစရာ ရှိတယ်_





နင် စိတ်ပါလက်ပါ နားထောင်စမ်းဟာ ..."

"ကဲ ... ပြော ... ပြော"

"မနေ့ညက ငါ့ဆီကို မီးလျှံ ဖုန်းဆက်တယ် ..."

"အင်း ..."

"သူက ဘာပြောသလဲသိလား ..."

"သုံးစရာပြတ်လို့ ပိုက်ဆံချေးတာလား ..."

"အဲဒါထူးဆန်းလို့လား ... သူကလေ ... သူကပြောတယ်၊ အဟီး ... သူက ... အဟဲ ... ဟိုဒင်းလေဟာ ... ဟိုဥစ္စာ ဟိ ... ဟိ ..."

ရယ်သံမျိုးစုံနဲ့ စကားကိုကောင်းကောင်း မပြောနိုင် ဖြစ်နေသည့် မိပေါက်ကို စိုးစံက တော်တော်လေး အမြင်ကတ်သွား မိသည်။

"နင် ဘာဖြစ်နေတာလဲ ... တဟီးဟီး ... တဟိဟိနဲ့ ... ငှက်ဖျားထနေတာလား ..."

"ငါ ပြောပါရစေဦး ... မီးလျှံကလေ ... ငါ့ကိုချစ်လို့တဲ့ ... ဟီး ... ဟိ ... မထူးဆန်းဘူးလားဟင် ... ဟဲ ... မုန့် ကောက်စားမနေပါနဲ့ဟဲ့ ... နင် မအံ့သြသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မိပေါက် … နင့်အသံ နည်းနည်းတိုးစမ်း … ဘေးဝိုင်းက လူတွေက နင့်ဝမ်းခေါင်းသံကြီးနဲ့ တဟီးဟီးပြောနေတဲ့ အသံကိုကြားသွားရင် ဘယ်လောက်ရှက်စရာကောင်းလိုက် မလဲ … "

"ဘာရှက်စရာရှိလို့လဲ … ငါက မကောင်းတဲ့အကြောင်း လည်း ပြောနေတာမဟုတ် … "

"ကောင်းတဲ့အကြောင်းပြောတိုင်း မရှက်ရဘူးမှ မဟုတ် တာ … သမီးရည်းစားကိစ္စဆိုတာ လူကြားထဲလျှောက် ပြောနေစရာလား … "

"သူကလေ … အဟဲ … သူက ငါဟာ သူ့အတွက်တန်ဖိုး ထားရမဲ့မိန်းကလေးပါတဲ့ … အစက အဲ့ဒါကို သတိမထား မိသေးဘူး … တဖြည်းဖြည်းနဲ့ သူသိလာတာတဲ့ … သူ့ အရင် ရည်းစားတွေ သူ့အပေါ်ထားတဲ့ သဘောထားတွေ ကို သူ လုံးဝမကြိုက်ဘူးတဲ့ … ငါကတော့ သူ့ကို စိတ်ချမ်း သာအောင် ထားနိုင်မဲ့မိန်းကလေးဆိုတာ သေချာလို့ ငါ့ကို ရွေးလိုက်တာတဲ့ … သူစိတ်ချမ်းသာနေသမျှ ကာလပတ် လုံး ငါ့အပေါ် သစ္စာရှိနေပါ့မယ်လို့လည်း ကတိပေးတယ်"





တော်တော်ဆိုးတဲ့ကောင်။ ရည်းစားစကားပြော တာများ အကျောကြီးနဲ့ 'ငါ့ကိုစိတ်ချမ်းသာအောင်ထား … ငါစိတ် ချမ်းသာနေသမျှ ကာလပတ်လုံး နင့်ဆီမှာမြဲနေမယ်' ဆိုတဲ့သဘော ကြီးနဲ့ ပြောရသလား။

ဒီအရူးအပေါမကလည်း နားကိုမလည်တတ်ပါဘူး။ သက်သာလိုမိန်းကလေးသာဆို ဒီတစ်ဝက်လောက်ပဲ ရင့်သီးပါစေ ဦး ဆတ်ဆတ်ခါအောင်နာမှာ။

"သူက နင့်ကိုချစ်တယ်လို့ပြောလား … "

မိပေါက်က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ စဉ်းစားဟန်ပြုလိုက်ရင်း …

"အင်း … ချစ်တယ်လို့ တိုက်ရိုက်ပြောတာကြီးတော့ မဟုတ် ဘူးပေါ့ … ဘယ်လိုပြောရမလဲ … သူငယ်ချင်းလို ပေါင်းနေ ကြတာဆိုတော့ဟာ … အဲဒီစကားလုံးကြီး သုံးရမှာ သူ လည်း ရှက်ရမှာပေါ့ … ဒါနဲ့ပဲ ကွေ့ဝိုက်ပြီး … အိုဟာ … ငါလည်း စိတ်လှုပ်ရှားနေတာနဲ့ သူ့စကားလုံးတွေကို အတိ အကျတောင် မမှတ်မိတော့ပါဘူး … "

သေချာတာပေါ့။ မီးလျှံဟာ 'နင့်ကို ငါချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



လို့တော့ ပြောမှာမဟုတ်။ တကယ်လည်း ချစ်မှမချစ်တာ။ သူ့အတွက် သင့်ကော် အဆင်ပြေမယ်ထင်လို့သာ ရည်းစားအဖြစ်နဲ့ ရွေးချယ်တာ။

ကျေးဇူးဟင်ရမှာ တစ်ခုကတော့ တကယ်မချစ်ဘဲနဲ့ ဘယ်လောက်ကြီးချစ်ပါတယ်၊ ခင်ပါတယ်ရယ်လို့ လိမ်ညာဖြီးဖြန်း မပြောတာကိုပဲ။ အမှန်အတိုင်း ပြောထားတော့ မိပေါက်ရဲ့အသိအာရုံထဲမှာလည်း 'အချစ်' ဆိုသည့်စကားလုံးဟာ နက်နက်ရှိုင်းရှိုင်း ပျော်ဝင်မနေတော့ဘူးပေါ့။

"နင်က အဖြေပြန်ပေးမှာလား ... "

"နင် ဘယ်လိုသဘောရလဲဟင် ... "

"ငါကတားရင်ကော နင် နားထောင်မလား ... "

"အင်း ... ဟိုဒင်း ... သူငယ်ချင်းတွေဆိုတော့ သူ့ကိုငြင်းလိုက်ရင် အားနာစရာများ ကောင်းမလား"

"သေချာတာပေါ့ ... နင် သူ့ကိုမငြင်းနိုင်ဘူး မဟုတ်လား။ ငါ မပြောနဲ့ သိကြားမင်းဆင်းတားတောင် မရဘူးလေ"

"ငါက နင့်ထင်မြင်ချက်ကို သိချင်တာပါ ... "

"ဘာလုပ်ဖို့လဲ ... ငါက ဘယ်လိုဘယ်ပုံ ... ဘာညာကွိကွ





ဆိုပြီး အကျိုးသင့် အကြောင်းသင့် ဖွင့်ဆိုရှင်းပြပြီးတော့ရော နင်က အကြောင်းပြချက် အမျိုးမျိုးပေးပြီး ပြန်လက်ခံမှာပဲ မဟုတ်လား ... "

မိပေါက်က သွားဖြဲလေးနဲ့ ရယ်နေသည်။

အင်း ... မိပေါက် မိပေါက်။ တစ်ဘက်ကကောင်က မီးလျှံဖြစ်နေလို့သာ တော်တော့တာ။ မသင့်မတော်ကောင်မျိုးက ရည်းစားစကား လာပြောလို့များ တားချင်ဆီးချင်ရင်တောင် တားမနိုင်ဆီးမရမဲ့ အဖြစ်မျိုး။

"နင် အဖြေပေးချင်လည်း ပေးပါ ... မီးလျှံနဲ့ဆို ငါကလည်း သဘောတူပါတယ် ... ဒါပေမဲ့ တစ်ခုပဲရှိတာက သိပ်ဈေးမပေါသွားစေနဲ့ဟာ ... "

"ငါလည်း ဒီလောက်တော့ သိပါတယ် ... ချက်ချင်းအဖြေမပေးသေးပါဘူး ... ယောကျ်ားလေးတစ်ယောက်က ကိုယ့်ကို လိုချင်လို့ ပိုးပန်းခံနေရတဲ့ဘဝက ဘယ်လောက်ကြည်နူးစရာကောင်းသလဲလို့ ... အဲဒီဘဝလေးကို နည်းနည်းတော့ အရသာခံကြည့်ဦးမှာပေါ့ ... "

ပြောချင်တာကတစ်မျိုး။ သူယူဆတာကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မီးလျှံကို ချက်ချင်းအဖြေမပေးသေးဘဲ တင်းထားဦးမည်ဆိုတာ တစ်ခုကိုတော့ ကျေးဇူးတင်ရဦးမည်။

ဟူး ... ။ မောလည်းမောပါ့။ ဒါကြောင့် ရှေးလူကြီးတွေကပြောတာ 'သမီးတစ်ကောင် နွားတစ်ထောင်' တဲ့။ စိုးစံမှာတော့ သမီးမဟုတ်သေးပေမဲ့ ချစ်သူငယ်ချင်းလေးကို မျက်နှာမငယ်၊ လူအထင်မသေးရအောင် စောင့်ရှောက်ကာကွယ်နေရတာနဲ့တင်ပဲ နွားတစ်ထောင် မဟုတ်တောင် နွားငါးဆယ်လောက် ထိန်းရသလိုမျိုး စိတ်မောလှပါပြီ။





သက်သာက ဖုန်းခွက်ကို ဆောင့်ကြီးအောင့်ကြီး ...ခ်ချလိုက်သည်။

ဖေဖေဟာ ဒီလိုပဲ။ သက်သာရဲ့တောင်းဆိုမှုမှန်သမျှ (ငွေကလွဲလို့) ဘာမှလိုက်လျော ဖြည့်ဆည်းပေးတာမရှိ။ သက်သာ...လည်း ဖေဖေ့ကိုမှ အမှတ်မရှိ သွားသွားတောင်းဆိုမိလေခြင်း။

သက်သာရဲ့မွေးနေ့မှာ ညနေစာလေးလောက်တော့ ...သားစုနဲ့အတူ ပြန်စားပေးဖို့ ကောင်းတာပေါ့ ဖေဖေရယ်။ မေမေ...နဲ့ ဘယ်လောက်ပဲ မျက်နှာချင်းမဆိုင်ချင်ဘူးဆိုဆို သက်သာတို့ဟာ ...သားစုတွေလေ။ ဒီလောက်လေးတော့ တာဝန်ကျေသင့်တယ်...ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးဟာ သက်သာအတွက် ဘယ်တော့မှ စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်းဆိုတာကို မပေးအပ်တော့ဘူးထင်ပါရဲ့။

"သက်သာရေ ... သက်သာ"

အောင်မယ်လေး။ အရေးထဲ မိပေါက်အသံပါလား။

အသံကိုက သိပ်ပျော်ရွှင်တက်ကြွနေမှန်း သိသာသည့် အသံ။

အဲဒီ မိပေါက်တစ်ယောက်ဟာ လောကကြီးထဲမှာ ဘာကြောင့်များ ဒီလောက်တောင် ပျော်ရွှင်နေနိုင်သလဲဆိုတာ စဉ်းစားလို့ကိုမရ။

တစ်ခါတစ်ခါတော့လည်း အတိုင်းထက်အလွန် ပြည့်စုံလွန်းသည့် မိပေါက်ရဲ့ဘဝကို သက်သာက တော်တော်ကြီးပဲ မနာလိုဖြစ်မိသည်။

မိပေါက်ရဲ့မိဘတွေဟာ သူတို့ချင်းလည်း ချစ်လိုက်ကြတာအလွန်။ ပျော်တတ်နောက်တတ်ပြီး ဒီအသက်အရွယ်အထိ တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ကြင်နာကြတုန်း။

သားသမီးတွေကိုဆိုလည်း ချစ်နိုင် ဂရုစိုက်နိုင်တာ သူတို့အပြင် နှစ်ယောက်မရှိ။ အပျိုလူပျိုကျန်သည့် မိပေါက်နဲ့





မိပေါက်အစ်မကို ဖယ်ထား၊ အိမ်ထောင်ကျသွားသည့် မိပေါက်အစ်ကိုကိုတောင် အတူခေါ်ထားကာ ကလေးပေါက်စလေးတွေလို ချစ်တုန်း။ ချွေးမကိုတောင်မှ ကြည်ကြည်ဖြူဖြူ၊ လိုက်လိုက်လှဲလှဲနဲ့ ဝိုင်းချစ်ကြသေးတာ။

မိဘတွေက သားသမီးမို့ ချစ်သလို မိပေါက်ရဲ့အစ်ကိုနဲ့ အစ်မကလည်း သူတို့ညီမကိုဆို ဖူးဖူးမှုတ်၊ မိပေါက် ဘာလိုချင်သလဲ၊ ဘာလုပ်ချင်သလဲ ဖြည့်ဆည်းပေးဖို့ အဆင်သင့်။

မိသားစုအရင်းအချာ အချင်းချင်း ချစ်ကြတာကို အသာထား မိပေါက်ရဲ့အဘိုးအဘွားတွေ၊ ဦးလေး အဒေါ်တွေ၊ ဝမ်းကွဲမောင်နှမတွေ၊ တူ၊တူမတွေဟာလည်း အချင်းချင်း ချစ်လိုက်ကြတာ။ သူတို့အမျိုးတွေဟာ အားအားရှိတစ်ယောက်ကိုတစ်ယောက် ချစ်ဖို့၊ အလိုလိုက်ဖြည့်ဆည်းပေးဖို့ပဲ စိတ်ထဲရှိကြသလားတော့ မသိ။

ငွေကြေးချမ်းသာပြီး ကိုယ်ရောက်သည့်နေရာတိုင်းမှာ အောင်မြင်ထူးချွန်ကြတာအပြင် မိပေါက်တို့ဆွေစုမျိုးစုဟာ သိပ်ကို စည်းလုံးချစ်ခင်ကြသည့်နေရာမှာလည်း နာမည်ကြီးသည်။

ကြည့်ပါလား။ သူတို့သမီး၊ သူတို့မြေး၊ သူတို့တူမ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီမ ရှူးပေါပေါကိုတောင် အထင်တကြီးနဲ့ ပိုင်းပြီးမြှောက်စားလိုက်ရတာ။

ငွေကြေးစည်းစိမ် ပိုင်ဆိုင်မှုမှာ မိပေါက်ကို မယှဉ်နိုင်ဘူးဆိုပေမဲ့ အတင်းကြီးကြိုးစားနိုင်းယှဉ်လျှင် ရနိုင်လောက်သေးသည်။ စိတ်ချမ်းသာ ပျော်ရွှင်ရမှုမှာတော့ သက်သာဟာ မိပေါက်ကို ဘယ်လိုမှမယှဉ်နိုင်။ ကံအကျိုးပေးခြင်းဟာ ရွှေနဲ့ကျောက်ခဲလို အဟပ်ကွာလွန်းလှသည်။

သူငယ်ချင်းအချင်းချင်း မကောင်းစိတ် မမွေးသင့်ဘူးလို့ ဘယ်လိုပဲ သဘောထားထား မိပေါက်သိပ်ပျော်နေတာမြင်လျှင် သက်သာက ရင်ထဲ ခုခုခံခံကလေး ဖြစ်မိတာအမှန်ပဲ။ တစ်ခါတစ်ခါများ မိပေါက်တစ်ယောက် ငါလိုစိတ်ညစ်တဲ့အချိန်လေးများ ရှိဖူးစေချင်ရဲ့လို့တောင် မကောင်းစိတ်မွေးမိသေးသည်။

ခုလည်း ကိုယ်စိတ်ညစ်နေခိုက် သူက ပျော်ပျော်ရွှင်ရွှင်ကြီးဖြစ်နေတာကို သက်သာက အလိုလို အမြင်ကတ်နေနှင့်ပြီ။

"ဟဲ့ ... ဒီနေ့ နင့်မွေးနေ့မဟုတ်လား ... ငါက လက်ဆောင်လာပေးတာ ... စံစံ လာမပေးရသေးဘူး မဟုတ်လား ...





သူ့ထက်အရင်ဦးအောင် ... "

စိုးစံက ငါ့မွေးနေ့ကို မနက်ဖြန်လို့ပဲထင်နေတာ ... ငါက မွေးနေ့ဆို တစ်ရက်နောက်ကျမှ ကျွေးနေကျဆိုတော့ သူက အလွဲမှတ်ထားပုံရတယ် ... "

"ဟွန့် ... ညံ့လိုက်တဲ့ကောင် ... အေးပါ ... သူ့ကိုအသာထား ... ငါ့လက်ဆောင်ကိုကြည့်ဦး ... နင် ကြိုက်သွားမှာ"

"အေးပါဟာ ... ငါ နောက်တော့ကြည့်ပါမယ် ... "

"အခု ဖွင့်ကြည့်ပါဆို ... ပေးတဲ့သူက ဒီလောက်တောင် တိုက်တွန်းနေတာကို ... "

"ညကျမှ ကြည့်တော့မယ်လေ ... ဖေဖေနဲ့ မေမေ့ဆီက လက်ဆောင်တွေလည်း မရသေးလို့ ... "

အဖေအမေပါ့ပါလာတော့လည်း မိပေါက်တို့မပြောသာ။ တကယ်တမ်းကျတော့ ဖေဖေက သက်သာမွေးနေ့ကို သိတောင်မှ သိရဲ့လားမဆိုနိုင်။ မေမေကတော့ နောက်သုံးလေးရက်နေမှ လမ်းကြုံလျှင် တစ်ခုခုဝယ်လာပေးဖြစ်မည်။ မွေးနေ့ရယ်လို့ အခုတ်တရ ကြိုတင်စီစဉ်ပေးထားတာမျိုးတော့ ဘယ်တုန်းကမှ မရှိဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ခပ်ရှုပ်ရှုပ်ဖြစ်နေတာနှင့် ကိုယ့်ကိုမွေး
လက်ဆောင်လာပေးသည့်သူ ဖြစ်ပေမဲ့ သက်သာက မိပေါက်
စကားကောင်းကောင်းမပြောမိ။ တစ်ခုခုစားပါ သောက်ပါဦး
တောင်မှ ဧည့်မခံဖြစ်။

မိပေါက်ကလည်း တော်ယုံနဲ့ သူများမျက်နှာ
မျက်နှာကဲကြည့်ကာ အလိုက်မသိတတ်သူပီပီ ချက်ချင်းပြန်မသွား
တစ်ခုခုပြောစရာရှိနေသေးသလို မျက်နှာလေးက ပြုံးမလိုလို၊ တ
မလိုလို၊ နှုတ်ခမ်းလေးက ဟမလိုလို၊ စူမလိုလို။

ဘာနဲ့တူသလဲဆို လိပ်ခေါင်းကျုံနေတာပဲ။ ဝင်
လို၊ ထွက်မလိုလို ဖြစ်နေတာလေ။ ပုံစံက မလုံမလဲနဲ့ အမြင်
ချင်စရာ။

"တော်သေးတယ်သိလား ... သက်သာမွေးနေ့က
ဖြစ်ပေမဲ့ မနက်ဖြန်မှ လိုက်ကျွေးတာလေ"

ဘာဖြစ်လို့လဲ သက်သာက ပြန်မမေးပါ။ သိ
စိတ်လည်း မရှိ၊ မေးချင်စိတ်လည်း မရှိ။

"ဘာဖြစ်လို့လဲဆိုတော့လေ ... ဒီမှာကြည့်စမ်း ..."

မိပေါက်က တစ်ဘက်သားတော့ သိပ်ကိုစိတ်





တစား အထူးအဆန်းဖြစ်သွားမှာပဲဆိုသည့် ပုံစံမျိုးနဲ့ အင်္ကျီအိတ်ထဲ
ထည့်လာသော ကတ်သေးသေးလေးကို ထုတ်ပြလိုက်သည်။

"ဖတ်ကြည့်ပါ ... ရပါတယ်"

သက်သက်သာက စိတ်မဝင်စား၊ ယူလည်းမကြည့်
တာကို မိပေါက်က တစ်ဘက်သားကိစ္စ စပ်စုရမှာအားနာလို့ ကြည့်
ချင်ပါလျက်နဲ့ တောင်းမကြည့်ရတာလဲလို့ အထင်ရောက်လျက်
အတင်းပေးဖတ်နေသေးသည်။

"မိပေါက် ...

ညနေတွေ့ရအောင် ကန်ဘောင်ကိုလာခဲ့"

BURMESE CLASSIC

အောက်က လက်မှတ်ထိုးမထားသော်လည်း တော်
တော်ကြီး မြင်ဖူးနေသောလက်ရေးပင်။ သက်သာက သိပ်စိတ်မဝင်
စားပေမဲ့ အလိုက်အထိုက်ပင်။

"ဒါက ဘာစာလဲ ... "

"ချိန်းတဲ့စာလေ ... မိပေါက်ကိုကြိုက်မဲ့လူ ရှိနေပြီ ... သိပ်
ထူးဆန်းတာပဲ ... ဘယ်သူလဲသိလား ... "

"အသိထဲကပဲ ... ဘယ်သူလဲ ... "

"မီးလျှံ ... "



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။

ဒီတစ်ခါတော့ စိတ်မဝင်စားဘဲ နေလို့မရတော့ပါ

တော်တော်ကြီး ထူးဆန်းအံ့သြဖွယ် အဖြစ်အပျက်တွေက ဖြစ်ပျက်

လို့ လာခဲ့ပြီ မဟုတ်လား။

မီးလျှံဆိုတာ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးပြီး

တော်ယုံမိန်းကလေးလောက်ကို အနားကပ်မခံချင်သည့်ကောင်

သာမန်မိန်းကလေးတစ်ယောက်က သူ့ကိုအကြိုက်ခံရလျှင်တောင်

မခံချင်တတ်သည့် ဘဝင်မြင့်မြင့် အတန်းအစားထဲက။

မိပေါက်ဆိုတာက ဘယ်ယောက်ျားလေးကမှအရေး

လုပ်ကာ ကြိုက်ချင်စရာလို့ကို သဘောမထားကြသည့်မိန်းကလေး

ဘယ်ဘက်ကမှ ချို့ယွင်းချက်ရှိလို့ မဟုတ်ပေမဲ့ ခပ်ပေါပေါနေတတ်

သည့် အကျင့်ကြောင့်ကို မိပေါက်ဆိုလျှင် လူတွေက ရယ်စရာလို့

သဘောထားကြတာ။

မီးလျှံလိုကောင်က မိပေါက်ကို ကြိုက်တယ်ဆိုတာ

ရေပေါ်မှာ နွားလှည်းသွားသလို ယုံချင်စရာမကောင်းလှသည့်ကိစ္စ

အို ... လုံးဝလုံးဝကို မဖြစ်နိုင်။ လောကကြီးမှာ မဖြစ်နိုင်ဆုံးတို့

ပြောပါဆိုလျှင် ဒီကိစ္စကို ပြောပြလို့တောင်ရသည်။





သို့သော် မိပေါက် လိမ်ပြောနေတာလို့လည်း ထင်

လို့မရပေ။ မိပေါက်က ဘယ်တော့မှလိမ်ညာပြောတတ်တာမဟုတ်။

ပြီးတော့ အခုမှ သေချာသိလိုက်ရတာက ကတ်ပြားပေါ်က လက်

ရေးဟာ မီးလျှံရဲ့လက်ရေးဆိုတာပင်။ ငယ်ပေါင်းသူငယ်ချင်းတွေ

ဆိုတော့ မီးလျှံရဲ့လက်ရေးကို သက်သာက သိနေသည်။

နည်းနည်းတော့ မခံချင်သလိုလို ဖြစ်သွားသည်။

တကယ်ဆို ... မီးလျှံလို ဘဝင်မြင့်၊ ဇီဇာကြောင်၊

အကောင်းကြိုက်သည့် ကောင်မျိုးဟာ သက်သာလိုနှာမည်ကြီး

တွင်းရသည့် မိန်းကလေးမျိုးကိုပဲ ကြိုက်ရမှာပေါ့။

မီးလျှံက သက်သာကို မကြိုက်တာဟာ ငယ်ပေါင်း

သူငယ်ချင်းအရင်းကြီးမို့ မရိုးမသားစိတ် မမွေးရဲတာလို့ပဲ သက်သာ

က ယူဆထားသည်။ ခုကျတော့ သူက မိပေါက်ကိုတောင် ကြိုက်

နိုင်သေးတာ၊ သက်သာကိုကျ ဘာဖြစ်လို့ မကြိုက်ရမှာလဲ။

မီးလျှံကို သဘောကျလို့၊ ချစ်သူတော်ချင်လွန်းလို့

တော့ ဘယ်ဟုတ်မလဲ။ သက်သာက မီးလျှံကို ချစ်ကိုမချစ်ပါ။ သူ

က ကိုယ့်ကိုလာကြိုက်လျှင်တောင် သက်သာပြန်ငြင်းပစ်မှာ။

ဒါပေမဲ့ မိန်းမလှလေးတစ်ယောက်ရဲ့ အတ္တနဲ့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မီးလျှံကလည်း သက်သာကိုပဲ လာကြိုက်စေချင်သည်။ "နင့်ကို ငါသူငယ်ချင်းလိုပဲ ချစ်လို့ရတယ်" လို့ လှလှပပကလေး ငြင်းပယ်ခွင့်ရလိုက်ချင်သည်။

အခုတော့ မိပေါက်လို မိန်းကလေးက ကိုယ့်ထက်သာသွားရပြန်ပြီ။

တော်တော့်ကို အမြင်ကတ်စရာ ကောင်းနေပြီ။ မိပေါက်လုပ်ထားသည့် မှနို့တရို့ ရှက်စနိုး ပုံစံကိုက ကိုယ့်ကိုပဲ လာလှောင်ပြောင်နေသလိုလို၊ ကိုယ့်အပေါ်ပဲ ဂုဏ်ယူမာန်ဝင့်နေသလိုလိုပဲလို့ သက်သာက ထင်မိလေသည်။

သက်သာဟာ ဘယ်နေရာမှာမဆို မိပေါက်ကို ရှုံးနိမ့်ရမှာလား။ မိပေါက်လိုလူမျိုးကိုမှ ...။ တောက် ...။

"နင်တို့က ရည်းစားဖြစ်နေပြီလား ..."

"ငါက အဖြေမပေးရသေးဘူး ... သူကတော့ လိုချင်နေပြီပေါ့ဟာ ..."

ပုံစံကြီးက သူ့မှာပဲ 'မှူ'ခွင့် ကြီးကြီးမားမားရနေသလိုလို။ ဟိုကဖြင့် နှစ်ကြိမ်လောက် ကြိုးစားပြီးလို့ မအောင်မြင်ရင် သူ့ကို အသာလေးခေါက်ထားလိုက်မှာ။





နေစမ်းပါဦး ...။ မီးလျှံဟာ မိပေါက်ကိုတကယ်
င်တာရော ဟုတ်မှဟုတ်ရဲ့လား။ မီးလျှံလိုလူမျိုးဟာ လူတစ်
ာက်ရဲ့ ပြင်ပရုပ်ရည် အသွင်အပြင်၊ အပေါ်ယံပိုင်ဆိုင်မှုတွေကို
အရေးထားတတ်တာ။ မိပေါက်ရဲ့ဖြူစင်တဲ့ စိတ်ရင်းသဘော
ားကလေးနဲ့ အပြစ်ကင်းတဲ့ ရုပ်ရည် အလှစစ်ကလေးကို ရှာဖွေ
ှ့ရှိသွားလို့ အချစ်စစ်နဲ့ ချစ်သွားတာမျိုးများတော့ ဖြစ်ဖို့ဝေးစွ။

မီးလျှံဟာ အသုံးအဖြုန်းကြီးသည်၊ ငွေမက်သည်။
မိဘတွေကလည်း အခုတလော စီးပွားရေး သိပ်မပြေလည်ကြ
ဆိုပဲ။ အဲဒီအတွက် မီးလျှံဟာ အရင်ကလောက် မသုံးစွဲနိုင်သည့်
ပြင် အချေးအငှားပါ ပိုများလာသည်လို့ ပြောသည့်သူက ပြော
ြသည်။

မီးလျှံဟာ ငွေရပေါက်ချောင်အောင်၊ လည်ပင်းနင့်
အောင် ချေးထားသည့်အကြွေးတွေ ပြန်ဆပ်စရာမလိုတော့အောင်
ား မိပေါက်ကို ကြိုက်လိုက်တာလား။

ရှေးခေတ်က ချစ်တီးတွေတုန်းကတော့ ကြွေးမပေး
ိုလျှင် လူသိမ်းသတဲ့။ မီးလျှံတို့ကတော့ ကြွေးမဆပ်နိုင်လို့ လူကို
ထိုးအပ်လိုက်တာမျိုးလား။

www.burmeseclassic.com



သေချာပါတယ်။ ဒါပဲဖြစ်မှာ။ မီးလှျံလိုလူနဲ့ မိပေါက်လိုမိန်းကလေး ပေါင်းစပ်ဖို့ဆိုတာ အကျိုးအမြတ်တစ်ခု ကြားမှာဘဲ ဘယ်လိုမှမဖြစ်နိုင်။

"ကြည့်စမ်း ... ဘယ်လောက် စိတ်ကူးယဉ်သလဲလို့ ... သူငယ်ချင်း အချင်းချင်းတွေ့ဖို့ ချိန်းတာတောင် ဖုန်းဆက်ပြောလည်း ရရဲ့သားနဲ့၊ ကတ်ကလေးပေးပြီး ချိန်းရတယ်လို့ ... ကတ်လေးကလည်း မွှေးနေတာပဲ ... မီးလှျံက ဒီလောက် စိတ်ကူးယဉ်တတ်လိမ့်မယ်လို့ ထင်ကို ထင်မထားဘူး ... ဟီ ... ဟိ ... "

တစ်သက်မှာ တစ်ခါလေး အကြိုက်ခံရဖူးတာများ သသဲပိုပိုဖြစ်နေလိုက်တာ။ သက်သာက အမြင်ကတ်ကတ်ရှိတာနှင့်

"ရေမွှေးနံ့က အပေါစားအနံ့ပါ ... "

"အို ... ဒါတော့ ကတ်တွေမှာ ဆွတ်တဲ့ရေမွှေးနံ့က ဒါမျိုးတွေပဲဟာကို ... "

"အေးပါ ... သိပ်မထူးဆန်းဘူးလို့ ပြောတာပါ ... ငါ့ဆီမှာ တစ်နေ့တစ်နေ့ အဲဒီကတ်မျိုး သုံးလေးခုလောက် လွှင့်ပစ်နေရတာ ... "





"ဒါပေမဲ့ ... မီးလှျံပေးတဲ့ကတ်ကိုတော့ တစ်ခါမှ မရဖူးဘူး မဟုတ်လား ... "

မိပေါက်ကတော့ လူချင်းမတူဘူးရယ်လို့ ဆိုလိုရင်းနဲ့ ရိုးရိုးကလေးပြောလိုက်တာပါပဲ။

သို့သော် သက်သာအတွက်ကတော့ 'နင့်ကိုစာပေးတဲ့ကောင်တွေက အလကားတွေ၊ ငါ့လူကမှ တကယ့်အဟုတ်၊ ဒါမျိုးကျ နင်မရနိုင်ပါဘူး'လို့ ဂုဏ်မောက်မာန်ဝင့်ပြတာပဲလို့ ယူဆမိသည်။

သက်သာ ခါးကလေး ဆတ်ခနဲဆန့်ထွက်သွားကာ တစ်ကိုယ်လုံးက အကြောအချဉ်တွေ တောင့်တင်းသွားသည်။ နှလုံးခုန်နှုန်းတွေ မြန်ဆန်လာကာ ပါးစပ်ထဲမှာ ခါးတက်လာသည်အထိ ခါးသီးနာကျည်းမှုတွေ ပြည့်တက်လာသည်။

ဒင်းကများ။ ဒင်းလိုလူကများ။

မီးလှျံဆိုတာ ဘာမို့လို့လဲ။ တစ်လောကလုံးက ယောက်ျားတွေ ဝိုင်းကြိုက်ခံရတာတောင်မှ မီးလှျံတစ်ယောက်မပါတာနဲ့ဘဲ သက်သာရဲ့အဆင့်က မမြင့်ဘူးတဲ့လား။ သူ့လိုမိန်းကလေးကိုတောင် မမီဘူးလို့ မိပေါက်က အထင်အမြင်သေးတဲ့လေသံနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြောခံရတာလား။

ဟွန့် … ။ သိကြသေးတာပေါ့။

မီးလျှံရဲ့စိတ်ရင်းကို ရိပ်စားမိလိုက်ပေမဲ့ ခါတိုင်းလို စေတနာနဲ့ သတိပေးချင်စိတ် ကင်းမဲ့သွားသည်။ နဂိုတည်းက စိတ်မကြည်လင်ရသည့် အရင်းခံမှာ မိပေါက်ရဲ့လေသံကို 'ကျောသည်' လို့ ထင်မိတာကြောင့် ဖြစ်ချင်ရာဖြစ် ချောက်တွန်းပစ်လိုက်ချင်စိတ်သာ ပေါက်လာသည်။

"မီးလျှံက ငါ့ကို တကယ်ဂရုစိုက်တဲ့ပုံပါ"

"အင်းလေ … ဟုတ်မှာပါ … နင်ဟ ဝကယ်ပော့ ချစ်စရာကောင်းပါတယ် … "

"ဒီနေ့တွေ့ရင်တော့ သူက အဟင်းအပြေတောင်းမှာပဲ ထင်တယ် … ငါ ဘယ်လိုလုပ်ရချင် ကောင်းမလဲ … "

"ပေးလိုက်ပေါ့ … "

"သိပ်မြန်လွန်းအားကြီးသွားလေားဟင် … ငါ့ကိုအထင်များသေးသွားမလား … "

"မြန်တိုင်းလည်း အထင်သေးခံရတာတော့ ဘယ်ဟုတ်ပါ့မလဲ … တော်ကြာ နင်က အချိန်ဆွဲနေတော့ ဟိုတစ်ယောက်က စိတ်ကုန်သွားရင် ဘယ်လိုလုပ်မလဲ … "

မိပေါက်က မသိနားမလည်လှသည့် ရုပ်ကလေးနဲ့ ချက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ …

"ဟုတ်တော့ ဟုတ်တယ်နော် … မီးလျှံက ဒီလောက်ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ … တကယ်လို့ မိပေါက်က သူ့ကို မကြိုက်လို့ အချိန်ဆွဲနေတယ်ထင်သွားရင် သူနားမှာ နောက်တစ်ယောက်က အဆင်သင့်ရှိနေမှာ"

"ဒါပေါ့ … "

"ဒါဆို ငါ အဖြေပြန်ပေးလိုက်ရမယ်ပေါ့နော် … "

"ဒါတော့ ကိုယ့်သဘောနဲ့ကိုယ်ပဲလေ … ငါက သူများကိစ္စဝင်ပြီး မတိုက်တွန်းချင်ပါဘူး … အဆင်မပြေလာရင် ကိုယ့်တာဝန် ဖြစ်နေဦးမယ် … "

သက်သာက ကိုယ်နဲ့မဆိုင်သလို အသာလေးခေါင်းရှောင်နေလိုက်သည်။

သိပ်အများကြီးလည်း ပြောစရာမလိုဘူးလေ … ။ မိပေါက်လောက် ဉာဏ်ရည်ဉာဏ်သွေးနဲ့ မိန်းကလေးမျိုးကို 'နင်လိုချင် သူများယူသွားလိမ့်မယ်' လို့ ပြောလိုက်ရုံနဲ့ ပွဲပြတ်ပြီ။







www.burmeseclassic.com

www.burmeseclassic.com



မိပေါက်ဟာ သူများတွေကို အားကျပြီး ဒီလောက်ရည်းစားလိုချင်နေတာ။ စိတ်ထဲက တကယ်ပြန်ချစ်တာ မချစ်တာ အသာထား မီးလျှံလိုလူတစ်ယောက်ကိုတော့ ဘယ်လိုမှ ငြင်းပယ်မှာမဟုတ်တာ အသေအချာပဲလေ။





ပြည်လမ်း တံတားဖြူရှေ့ကို ကားနဲ့ဖြတ်မောင်းအသွား မြင်လိုက်ရသောမြင်ကွင်းတစ်ခုကြောင့် စိုးစံက မျက်လုံးပြူးသွားကာ ကားဘရိတ်ကိုဆောင့်ပြီးတော့တောင် နင်းလိုက်မိသွားသည်။

မြတ်စွာဘုရား ... ။ ကန်ဘောင်လှေကားထစ်တွေတနေ လက်ချင်းတွဲပြီး ဆင်းလာကြတာ မီးလျှံနဲ့မိပေါက်ပါလား။

ဒီနှစ်ယောက်က ဒီအခြေအနေတောင် ရောက်သွားပြီလား။ ကန်ဘောင်မှာ ချိန်းတွေ့ကာ လက်ချင်းတွဲထားတယ်ဆိုကတည်းက သူတို့နှစ်ယောက်ဟာ သမီးရည်းစားတွေဖြစ်နေပြီလို့ ကြော်ငြာကပ်စရာမလိုဘဲ သိသာထင်ရှားနေပြီ။

www.burmeseclassic.com



ကိုယ်တောင် မသိလိုက်ရသေးဘူး၊ အခြေအနေ
တိုးတက်မှုက မြန်ဆန်လှချည်လား။

အဝေးက လှမ်းမြင်ရတာတောင် မိပေါက်ပုံစံဟာ
သိပ်ကို သွက်လက်ပြီး ပျော်ရွှင်တက်ကြွနေမှန်း သိသာလှသည်
လှေကားထစ်တွေ ဆင်းတာတောင်မှ ရုပ်ရှင်ထဲက မင်းသမီးတွေ
လုပ်သလိုမျိုး ခုန်ဆွခုန်ဆွလေးနဲ့ ဆင်းလာတာ။

မီးလျှံပုံစံကတော့ အေးတိအေးစက်ပဲ (အဝေးက
လှမ်းမြင်ရတာဆိုတော့ တကယ် ဟုတ်ချင်မှတော့လည်း ဟုတ်
မည်။ စိုးစံ၏ စိတ်ထဲက ပျှောက်ထင်နေမိတာလား မပြောတတ်
လှေကားထစ်တွေ ဆင်းတာတောင် ခပ်ဖြည်းဖြည်း တစ်ထစ်ချင်း

တစ်ယောက်က ပြေးလွှားခုန်ပေါက်ဆင်းကာ တစ်
ယောက်က လေးတုန့်တုန့်၊ နှေးကန့်ကန့် ဆင်းလာတာဆိုတော့
ချိတ်တွဲထားသည့် လက်အစုံဟာ ဆန့်ခနဲတင်းသွားသေးသည်။

"ဟော့ ... လမ်းလယ်ကောင်ကြီးရပ်ပြီး ဘာလုပ်နေတာ
ကွ ... ဟေ"

"ကားစုတ်လို့ မမောင်းချင်တူးဆိုရင် လမ်းဘေးသွားရှ
ပစ်ဟော့ ... ကားတိုက်မှုဖြစ်အောင်တော့ မလုပ်နဲ့ကွ"





"ဘယ်လိုကောင်လဲကွ ... လမ်းလယ်ကြီးမှာရပ်နေတာ"

ဟွန်းသံကင်းမဲ့ဇုန်မို့ ကားဟွန်းသံ တတီတီမကြား
ရသော်လည်း အော်ဟစ်ကောင်းချီးပေးသံတွေက ကားဟွန်းသံ
ထက်တောင် ဆူညံဆိုးဝါးသေးသည်။

စိုးစံက ဒီတော့မှ သတိဝင်လာကာ ကားကိုဆက်
မောင်းလာခဲ့ရပါသည်။

စိတ်ထဲမှာတော့ ခပ်လေးလေး။ ဘာကိုအစိုးရိမ်ပို
မှန်းမသိ စိုးရိမ်နေမိသည်။

တကယ်တမ်း တွေးကြည့်လျှင်တော့ မီးလျှံဆိုတာ
လည်း သူနဲ့မိပေါက်လိုပဲ ငယ်သူငယ်ချင်းတွေပါ။ တစ်ယောက်ကို
တစ်ယောက် ဂရုစိုက်စောင့်ရှောက်လာကြတာ။ ဒီကိစ္စမှာ စိုးစံ
အနေနဲ့ ဘယ်သူ့ဘက်ကမှ ဝင်ပြီး ပူပင်နေစရာအကြောင်းမရှိ။

သို့သော် သူ့ရင်ထဲမှာ ပူပူကြီးဖြစ်နေသည်။ မိပေါက်
အတွက် စိုးရိမ်စိတ်ဟာ သူ့ခေါင်းကို ဘင်ထုသလို တဒုန်းဒုန်းလာပြီး
ထုနှက်နေသည်။

စိတ်ရှုပ်ရှုပ်နဲ့မောင်းလာပြီး ရှစ်မိုင်မီးပွိုင့်ကိုကျော်
သွားတော့မှ သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သာအတွက် လက်ဆောင်ဝယ်ဖို့ ဂျုန်းရှင်းအိတ်ကို ဝင်ရဦးမှာပဲ။

မနက်ဖြန် သက်သာမွေးနေ့ လက်ဆောင်ကောင်းကောင်းတစ်ခု ဝယ်ပေးရဦးမည်လို့ စိတ်ထဲမှတ်ထားတာ။

တစ်လောက ရွှေငါးနဲ့ကန်ကလေးကို တန်ဆာပလာအစုံနဲ့ ပေးထားပြီး မွေးနေ့လက်ဆောင် ထပ်မပေးတော့ဘူးဆိုပေမဲ့ လက်ထဲမှာ ပိုက်ဆံလေးနည်းနည်းရှိနေသေးတော့ တစ်ခုခုပေးချင်လာသည်။

အခုတလော သက်သာဟာ သူ့အပေါ် ဆက်ဆံရေးကောင်းလာသလိုမို့ စိုးစံက စိတ်ကူးလေးယဉ်မိချင်သား။ ခုနေ သူက ဖွင့်ပြောလိုက်လျှင် သက်သာ မငြင်းဘဲနေမလား။

ချက်ချင်းလက်ခံလိုက်တာ မဟုတ်လျှင်တောင် ပစ်ပစ်ခါခါကြီး ငြင်းပယ်တာမျိုးတော့ မဖြစ်နိုင်လောက်ပါဘူး။

သက်သာရဲ့အနားမှာ ကောင်လေးတွေ ဝိုင်းဝိုင်းလည်နေသည်ဆိုပေမဲ့လည်း ငွေကြေးပိုင်ဆိုင်မှုနဲ့ ဂုဏ်ဒြပ်ကိုဖယ်ထားလျှင် စိတ်နေသဘောထား၊ ရိုးသားဖြူစင်မှု၊ သက်သာနဲ့ ရင်းနှီးနွေးထွေးမှု စသည့်နေရာတွေမှာ စိုးစံကသာ အခွင့်အရေးအကောင်းဆုံး မဟုတ်လား။





တစ်ခါတစ်ခါတော့ သက်သာကို ဖွင့်ပြောမိတော့မတတ် စိတ်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်မိတာတွေလည်း ရှိဖူးပါရဲ့။

ပြောမိခါနီးတိုင်း မသိစိတ်ထဲက အသံတစ်ခုက စိုးစံကို ပြန်လည်တားဆီးတို့ဆွဲထားသည်။

သက်သာဟာ ချောလွန်းလှလွန်း နာမည်ကြီးလွန်းတာနဲ့ပဲ သူက ချစ်မိတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာလား။ သူ့အချစ်ဟာ အပေါ်ယံအရေပြား တစ်ထောက်စာကလေးပဲမဟုတ်ပါဘူးလို့ သူကိုယ်တိုင်ရော အာမခံနိုင်ရဲ့လား။

မပြောတတ်ပါဘူး။ ကိုယ့်စိတ်ကိုယ်တောင် သေသေချာချာ ပိုင်ပိုင်နိုင်နိုင် မရှိသေးတာ။ သက်သာကိုဖွင့်ပြောလိုက်ပြီးလို့ မတော်တဆ ဟိုကလက်ခံလိုက်ပြီးကာမှ ကိုယ့်အချစ်ဟာ ဘာကယ့်အချစ်မဟုတ်၊ ရေပေါ်မှာထင်တဲ့ လရိပ်ကို အစစ်မှတ်တာမျိုးဆို ဒုက္ခကရောက်ပြီ။

သက်သာဟာ အရင်းနှီးဆုံးသူငယ်ချင်းမိန်းကလေးလေ။ အချင်းချင်းကြားမှာ မျက်နှာပျက်လောက်စရာအဖြစ်မျိုးတော့ မလုပ်ဝံ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက သက်သာကို မျက်နှာပျက်အောင် မလုပ်

သလိုဘဲ မီးလျှံကလည်း မိပေါက်ကို မျက်နှာပျက်စရာတွေ လုပ်

မှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ သက်သာအကြောင်းတွေးနေရင်း

ကနေ မိပေါက်နဲ့ မီးလျှံအကြောင်းပဲ ပြန်ရောက်သွားကာ ရင်း

ပူတူတူ၊ နင်တင်တင်ဝေဒနာကြီးက မပျောက်ပျက်ဘဲကျန်နေပေ

သည်။





"ကြေးအိုးအရည်နဲ့သုံးပွဲ … ကြေးအိုးဆီချက်တစ်ပွဲ … ဝက်သားနဲ့လုပ်နော် … ဘာဘီကျူးတစ်ပွဲ … နောက်ပြီးတော့ အာလူးကြော်တစ်ပွဲ … အအေးက နောက်မှမှာမယ်ကွာ၊ အဲဒါအရင်လုပ်ပေး …"

အစားအသောက်ကို သူက ဦးဆောင်ပြီး တက်တက်ကြွကြွ မှာနေသော မီးလျှံရဲ့ပုံစံက ထူးခြားသလိုပဲလို့ စိုးစံက ထင်မိသည်။

ဟိုးအရင်ကလည်း မီးလျှံဟာ ဒီလိုပဲ နှုတ်ဖျာဖျာနဲ့ အစားစရာတွေကို ဦးဆောင်မှာနေကျပါ။ နောက်ပိုင်းမှာတော့ အချိုးပြောင်းသွားသည်။ အရင်လို နှုတ်သွက်အာသွက်နဲ့ ဟိုဟာမှာ ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



မှာ လုပ်တာမျိုး မရှိတော့သလို ပိုက်ဆံရှင်းလျှင်လည်း သူ့ကိုယ်
ဟိုင်းဘော့စ်ကြီးလိုလို ဘာလိုလိုနဲ့ ပက်ခနဲ ပက်ခနဲ ရှင်းပစ်တာ
တွေ လုပ်မလာတော့။ အားလုံးအတူစားကြ သောက်ကြသည်
အစားအသောက်တွေဟာ သူနဲ့ပဲ မသက်ဆိုင်သလိုမျိုး ခပ်ရှော
ရှောင်နေသည်။ ငွေရှင်းခါနီးဆို အိမ်သာထသွားရတာနှင့်၊ အ
တွေ့လို့ သွားနှုတ်ဆက်ရတာနှင့်၊ ကားသွားရွှေ့ရတာနှင့်၊ စားပွဲ
က အလုပနမ်းအိုးကပဲ စိတ်ဝင်စားစရာ ကောင်းရတာနှင့်။

စိုးစံတို့ သူငယ်ချင်းတစ်သိုက်ကလည်း မီးလျှံ
အခက်အခဲကို နားလည်သဘောပေါက်ကြပါသည်။ သူ့အိမ်စီးပွား
က ယိုင်နေတဲ့ဟာ အရင်လို ဘယ်သုံးနိုင်ဖွဲ့နိုင်ပါ့မလဲ။ သူ သုံး
တုန်းကလည်း တွယ်ကပ်ခဲ့တဲ့သူ မဟုတ်ဘူးဆိုတော့ သူအ
မပြေချိန်မှာ ကျန်တဲ့သူတွေက မသိဟန်ဆောင်ကာ ငွေရှင်း
ကြတာပါပဲ။ အခုနေ သူ့အတွက် ကိုယ်က စိုက်မရှင်းလည်း
ဆီက ပိုက်ဆံပြန်ချေးမှာပဲဆိုတော့ သိပ်မထူးဘူးလေ။

ဒီနေ့တော့ မီးလျှံကပဲ ကြေးအိုးသွားသော
အောင်ကွာလို့ ခေါ်လို့ ဆရာစံလမ်းထဲက ဝိုင်ကေကေအိုကို
ခဲ့ရတာ။ ရောက်တော့လည်း နဂိုလို သူ့အသံစာစာကို ပြန်

ခဲ့ပြီ။

"သိပ်အများကြီး မမှာနဲ့ကွ ... စောစောက ကော်ဖီနဲ့ကိတ်
မုန့်တွေစားထားသေးတော့ ရင်ခံနေတယ် ... "

"ဒီနေ့ ငါရှင်းမှာပါကွ ... "

သော်တာညီက မျက်လုံးပြူးပြလိုက်တာကို မီးလျှံ
သဘောပေါက်သလိုရယ်မောကာ ...

"စိတ်ချစမ်းပါကွာ ... မင်းဆီက ပိုက်ဆံချေးပြီးရှင်းမှာ
မဟုတ်ပါဘူး ... "

ထိုအခါ ဘုန်းမိုကလည်း တစ်စခန်းထ,လာကာ
"ညီညီဆီက မချေးဘူးဆိုတော့ ငါ့ဆီကများ ချေးမလို့လား၊
လက်ကုန်ရက်ကြီး ငါ ဘိုင်ကျနေတယ်နော် ... "

"ဘိုင်ကျလည်း ပြန်ကောက်တင်လိုက်ကွာ ... ငါ ဘယ်သူ့
ဆီကမှ မချေးဘူး ... ငါ့အိတ်ထဲက ပိုက်ဆံနဲ့ကျွေးမှာ ...
ဟုတ်ပြီလား ... "

"ကြည့်ရတာတော့ ငါတို့မဟုတ်တဲ့ တစ်ယောက်ယောက်
ဆီက သွားချေးလာပါပြီ ... မိန်းကလေးတွေဆီက သွား
ယူလာတာပဲဖြစ်ရမယ် ... "







www.burmeseclassic.com

www.burmeseclassic.com



"မိပေါက်ပဲ ဖြစ်မှာပေါ့ကွာ ... ဟား ... ဟား ... ဒီကောင်မလေးလည်း ဝဋ်ပဲပေ့ါ ... သူ့ဘာသာ မစားရက်မသောက်ရက်စုလိုက် ... မီးလျှံဆီ ပါသွားလိုက်"

"အောင်မယ် ... ဒီတစ်ခါ ငါ့ရည်းစားဆီက ချေးလာတာပါကွနော် ..."

"အလို ... တယ်ထူးဆန်းပါလား ... မင်းက ပိုက်ဆံမရှိရင် သူတောင်းစားဆီကပဲ သွားချေးချင်ချေးမယ် ... ကိုယ့်ရည်းစားဆီကတော့ ပြန်မချေးတတ်ပါဘူး ... ရှက်တယ်ဆိုကွ ... အခု ဘယ်လိုဖြစ်တာလဲ ..."

"အေးလေ ... ရည်းစားရှေ့မှာ ပိုက်ဆံကို မမှုသလို ရှပ်ခနဲ ထုတ်သုံးပြရတာပဲ အရသာဆိုကွ ... အခုတော့ ဘယ်လိုဖြစ်လို့ မျက်နှာငယ်ခံပြီး ရည်းစားဆီက ပိုက်ဆံချေးရတာလဲ ..."

"ရှင်းရှင်းလေးပဲကွာ ... အရင်ကရည်းစားအတွက် ပိုက်ဆံချေးရတယ် ... အခုတော့ ပိုက်ဆံချေးလို့ရမဲ့သူကို ရည်းစားတော်ထားလိုက်တော့တယ် ..."

အကြောင်းမသိကြသေးသော ဘုန်းမိုရ်နဲ့ သော်တာ





ညီက မျက်လုံးပြူးမျက်ဆန်ပြူးတွေနဲ့ စဉ်းစားမရရှိနေကြသည်။ း စံကတော့ ခပ်ရေးရေးသဘောပေါက်နေပြီ။

"ပိုက်ဆံချေးလို့ရတဲ့ ရည်းစားဆိုတော့ မင်းအကြောင်း အူမချေးခါးမကျန်သိတဲ့ သူပဲဖြစ်မှာ ..."

"ဒီကောင့်အကြွေးမှန်သမျှ လိုက်ရှင်းနိုင်လောက်အောင်လည်း ချမ်းသာဦးမှ ..."

ဘုန်းမိုရ်နဲ့ သော်တာညီ တစ်ယောက်တစ်ပေါက် န့်မှန်းနေသမျှ မီးလျှံက တပြုံးပြုံးပဲ လုပ်နေကာ နောက်ဆုံးကျ တော့မှ ...

"မင်းတို့စဉ်းစားကြည့်လေ ... ငါပိုက်ဆံချေးလို့ ရပါတယ် ဆိုမှ အဲဒီကောင်မလေးက ဘယ်သူဖြစ်မလဲ ..."

"စဉ်းစားလို့ မရပါဘူးဆို ..."

"ငါ့အရင်က ငွေလိုရင် ဘယ်သူ့ဆီက ပြေးဆွဲလဲ ..."

"စိုးဆီကလား ..."

"ဆွဲကွာ ... စိုးကို ငါက ဘယ်လိုလုပ် ရည်းစားတော်မလဲ ..."

"စိုးကို ရည်းစားတော်လိုက်ပြီလို့လည်း မပြောရသေးပါ



www.burmeseclassic.com

www.burmeseclassic.com



လား ... မင်းငွေလိုရင် ငစိုးဆီက ပြေးယူတယ်လို့ပဲ ပြောတာပါ ... ”

“ဒါပေမဲ့ ငါက ငွေလိုရင် ပြေးချေးနေကျ လူတစ်ယောက်ကို ရည်းစားတော်လိုက်ပြီလို့ ပြောတာပဲဟာ ... ”

“ငစိုးဆီက မဟုတ်ရင် သက်သာလား ... ”

“သက်သာဆီက ငွေချေးရတာ မသက်သာပါဘူးဟာ ... မျက်နှာက ရှစ်ခေါက်ချိုးကြီးနဲ့ ... လူကိုအထင်သေးချင်သလို ဆက်ဆံတာ ... သူ့ဆီငွေချေးရတာ မျက်နှာငယ်တယ် ... ”

“ဒါဆို ... ”

“မိပေါက်တော့ မဟုတ်ပါဘူးနော် ... ”

“အဟုတ်ပဲ ... ”

“ဟာ ... မဖြစ်နိုင်တာ ... ”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ ... ”

“မင်းနဲ့မိပေါက် ... ဟာ ... မနောက်စမ်းပါနဲ့”

ကာယကံရှင်က ဝန်ခံနေတာတောင် ဘုန်းမိုနဲ့ သော်တာညီက ဘယ်လိုမှမယုံနိုင်။ သူတို့စိတ်ထဲမှာ မိပေါက်ဟာ





မိန်းကလေးတစ်ယောက်ရယ်လို့ သတ်မှတ်နှစ်မြိုက်လောက်စရာ မဟုတ်ဘူးလို့ ထင်နေကြသလားမသိ။

“လုပ်ပါဦး ငစိုးရ ... ဝင်ကူပြောစမ်းပါဦး ... ဒီကောင်တွေ ငါ့ကိုမယုံနိုင်ဘူး ဖြစ်နေကြတယ် ... ”

“ဟုတ်ပါတယ် ... ”

“မဟုတ်ဘူးဆိုတာ ဟုတ်တယ်မဟုတ်လား ... ”

“အေးနော် ... ဟုတ်တယ်ဆိုတာ မဟုတ်ဘူးမို့လား”

“ရှုပ်နေတာပဲကွာ ... ဟုတ်တယ်ဆိုတာ ဟုတ်တယ် ... မဟုတ်ဘူးဆိုတာ မဟုတ်ဘူး”

“မင်းပြောမှ ပိုရှုပ်ကုန်ပြီ ... တကယ်ပဲ မီးလျှံနဲ့ မိပေါက် ကြိုက်နေကြတယ်ဆိုတာ ဟုတ်လား ... ”

“ဟုတ်တယ် ... ”

“မင်းက ဘယ်လိုလုပ်သိတာလဲ ... ”

“မီးလျှံက ငါ့ကို အရင်တိုင်ပင်တာကိုး ... ”

“ဒီကောင် နောက်နေတာရော မဖြစ်နိုင်ဘူးလား ... ”

“အေးလေ ... မယုံချင်စရာကြီးကွာ ... ”

ကာယကံရှင်တင်မက သက်သေပါခေါ်ပြီးပြောတာ



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ မယုံချင်ကြသေး။ စိုးစံရင်ထဲ တော်တော်လေးပဲ မကောင်း ဖြစ်သွားသည်။ မိပေါက်ဟာဒီလောက်မယုံနိုင်စရာကောင်းလောက် အောင်ပဲ အခြေအနေဆိုးနေပြီလား။ မိပေါက်လိုမိန်းကလေးက မီးလျှံရဲ့ချစ်သူဖြစ်ရတာဟာ မယုံနိုင်လောက်အောင် ထူးခြားအံ့သြဖွယ် ဖြစ်နေလေသလား။

"မိပေါက်က ဘာများဖြစ်နေလို့ မင်းတို့က ဒီလောက်မယုံနိုင်အောင် ဖြစ်နေရတာလဲ ..."

"မိပေါက်ကို ငါတို့တောင် မကြိုက်တာကွာ ... မီးလျှံလို ကောင်းပေ့ညွန့်ပေ ခေါင်ဆိုတာမတွေ့ ရနိုင်ဟဲ့ကောင်က ဘယ်ကြိုက်ပါ့မလဲ ..."

"အချစ်ဆိုတာ ကောင်းတာညံ့တာနဲ့ မဆိုင်ဘူးလေ ... မိပေါက်ကလည်း ငါတို့ လုံးပလက်ခံနိုင်စရာမရှိလောက် ... အောင် ညံ့ဖျင်းနေတာမှ မဟုတ်တာ ..."

"ဟုတ်တော့ ဟုတ်ပါတယ် ... လုံးဝအကြောင်းမသိတဲ့လူ တစ်ယောက်အတွက်ကတော့ မိပေါက်က မဆိုးဘူးပေါ့ ... ငါတို့ကျတော့လည်း ..."

"ငါတို့လည်းဘာဖြစ်လဲ ... အချစ်ဆိုတာ ..."







"ဟော့ကောင် ... အချစ် ... အချစ်နဲ့ ခဏခဏထည့်ပြော မနေနဲ့ကွ ... အော်ဂလီဆန်တယ် ... ငါ့မိပေါက်ကို ရည်းစားတော်ထားတာ အဲဒီစိတ်ကူးယဉ်ဆန်တဲ့ 'အချစ်'ဆိုတာ ကြီးကြောင့် မဟုတ်ဘူးကွ ..."

"ဒါဆို ဘာဖြစ်လို့လဲ ... မင်းမှာ တော်တော်ရှားသွားလို့ လား ..."

"ကောင်မလေးတွေက မရှားပါဘူး ... ရှားတာက ငါ့ကို ပံ့ပိုးမဲ့သူရှားတာ ... ပွင့်ပွင့်လင်းလင်းပြောရရင်ကွာ ... အဟီး ... ခုတလော ငါတော်တော် စီးပွားပျက်ကပ်နဲ့ကြုံ နေတာကွ ... မိပေါက်ဆီမှာဆိုရင် ကြွေးကလည်ပင်းခိုက် နေပြီ ... ပြန်မဆပ်ဘဲနေလို့ရပေမဲ့ အသစ်ထပ်ယူဖို့ကျတော့ မရတော့ဘူးပေါ့ ... ငါဆိုတဲ့ကောင်ကလည်း သုံးချင်ဖြုန်း ချင်ဆိုတော့ ထပ်ကလည်း လိုချင်သေးတယ် ... နောက်ဆုံး တော့ ကြွေးလည်းမဆပ်ရ ... နောက်ထပ်ကြိုက်သလောက် လည်း စပွန်ဆာရ ... ကြွေးယူလို့လည်း မျက်နှာမငယ်ရမဲ့ နည်းလမ်းကို ရှာတွေ့သွားတယ်ပဲဆိုပါတော့ ..."

"သြော် ... သြော် ... သဘောပေါက်ပြီ ... မင်းက ဘာ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖောက်လိုက်တဲ့သဘောပေါ့ ... ”

“သဘောပေါက်ပြီဟေ့ ... ဒီအတွက်တော့ မိပေါက်က အံကိုက်ပဲ ... ဘာမှမဟုတ်တုန်းကတောင် ဒီလောက် စေတနာကောင်းနေတာ ... မင်းသာ သူ့ရည်းစားဖြစ်သွား လို့ကတော့ သူစုထားသမျှ ရွှေတွေ မင်းဆီအကုန်ရောက် လာမှာပဲ ... ”

“မင်းတို့က ဘယ်လိုပြောကြတာလဲ ... မိပေါက်က ငါတို့ သူငယ်ချင်းအရင်းကြီးပါကွ ... အံဒီလို မတော်မတရား မြှောက်ပေးတာမျိုး မလုပ်သင့်ပါဘူး ... ”

“မြှောက်ပေးတာ မဟုတ်ပါဘူးကွ ... အပျော်သဘောပြော တာပါ ... ခါတိုင်းလည်း ငါတို့ကောင်တွေ ဒီလိုပဲ နောက် နေကျဟာ ... မင်းတောင် ပါပါသေးတယ် ... ”

“ငါက တခြားကောင်မလေးတွေကို ပြောတာကွ ... ”

“မိပေါက် တခြားကောင်မလေးတွေနဲ့ ဘာကွာလို့လဲ”

“သူက ငါတို့သူငယ်ချင်းလေ ... ”

“သူငယ်ချင်းဆိုပေမဲ့ မိန်းကလေးက မိန်းကလေးပဲ ... သိပ် မထူးပါဘူး ... ”





သဘောပေါက်ပြီ။ လက်စသတ်တော့ ဘုန်းမိုတို့ သော်တာညီတို့ မီးလျှံတို့ဟာ မိန်းကလေးတွေကို သူငယ်ချင်းပေါင်း ပေါင်းပေမဲ့ ရဲဘော်ရဲဘက်လို၊ သွေးသားရင်းချာလို၊ ကိုယ့်လူရင်းလို သဘောမထားဘူး။ မိန်းကလေးတွလိုပဲ သဘောထားတာကိုး။ သူတို့အတွက် မိန်းကလေးဆိုရင် အရင်းနှီးဆုံးသူငယ်ချင်းဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် သဘောသဘာဝအတူတူ ... လို့ ထားကြတာကိုး။

စိုးစံအတွက်ကတော့ သူငယ်ချင်းမိန်းကလေးတွေ ဆိုတာ အလေးထား စောင့်ရှောက်ရမဲ့၊ တန်ဖိုးထားရမဲ့ လူတန်းစား တွေလို့ ထင်သည်။ ကိုယ့်အစ်မ ညီမကလေးတွေလိုပေါ့။

အထူးသဖြင့်တော့ မိပေါက်။ ရှုးပေါပေါနဲ့ ဆင်ခြင် ဉာဏ်မရှိ၊ အတွေးအခေါ်မရှိ၊ လူတွေအကြောင်း နားမလည်။ တစ် လောကလုံးမှာ သဘောကောင်း ရိုးသားသည့်လူတွေနဲ့ ပျော်စရာ အဖြစ်အပျက်တွေပဲ ရှိနေသည်လို့ ထင်နေရှာသည့် ကောင်မလေး။ ဒီအသက်အရွယ် ရောက်တာတောင် ဉာဏ်ရည်က ကလေးတစ် ယောက်လိုပဲဆိုတော့ ဘေးလူကမှ ဝိုင်းပြီးမစောင့်ရှောက်လျှင် ဒုက္ခ တွေ့သွားနိုင်တာ။

အခုတော့ သူငယ်ချင်း အရင်းခေါက်ခေါက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က မစောင့်ရှောက်မကာကွယ်သည့်အပြင်အပျော်သဘော သက်သက် အသုံးချချင်နေကြသည်။ မိပေါက်ရဲ့ရိုးသား ဖြူစင်မှုကို ပေါ်းလားဝါးလား လှောင်ပြောင်ရယ်မောစရာအဖြစ်နဲ့ ထင်နေကြ သည်။

"မင်းတို့ကောင်တွေ မဟုတ်ကို မဟုတ်သေးဘူး ... မိပေါက် ကို ငါတို့က ဝိုင်းစောင့်ရှောက်ရမှာ ... ငါတို့ကိုယ်တိုင်က တန်ဖိုးမထားရင် ဖြစ်ပါ့မလား ... "

"ငါတို့က ဝိုင်းစောင့်ရှောက်နေရအောင် မိပေါက်က ဘာ ချို့ယွင်းနေလို့လဲ ... ခွံ့အနားမကြားလား ... မသန်မစွမ်း လား ... ကျပ်မပြည့်လို့လား ... ရောဂါသည်လား ... ဒါမှ မဟုတ် မိသားစုပရော်ဘလမ် ရှိနေလို့လား ... သေချာတွေး ကြည့်ဦး ... မိပေါက်က ငါတို့ထဲမှာ အချမ်းသာဆုံးကွာ... သူ့မိသားစုတစ်ဆွေလုံး တစ်မျိုးလုံးဟာ မြန်မာပြည်မှာ အချမ်းသာဆုံး နာမည်ကြီးတွေစာရင်းထဲပါတယ် ... ပညာ အရည်အချင်းက ငါတို့နဲ့အတူတူ ... အသက်ကအငယ်ဆုံး ဆိုပေမဲ့ ဒီကောင် ဘုန်းမိုထက် တစ်လခွဲလားဝဲ ငယ်တာ ကွာ ... ရှုယ်တူပဲ ... ကဲ ... သူ့ဘာသာ ရှုးပေါပေါနေပေမဲ့





တကယ့်အရူးမှ မဟုတ်တာ ... ဘာများ ငါတို့ထက်နိမ့်ကျ နေလို့ ငါတို့က စောင့်ရှောက်ရမှာလဲ ... "

သော်တာညီ ပြောတော့လည်း ဟုတ်သလိုလို။ ဒါ ပေမဲ့ စိုးစံကလည်း လက်မခံနိုင်။ မိပေါက်ကိုဆို စောင့်ကို စောင့် ရှောက်ချင်နေတာ။

"မင်းတော့ သိပ်မဟုတ်တော့ဘူး ထင်တယ် ... "

"ဘာလဲကွ ... ငါက ဘာဖြစ်လို့လဲ ... "

သော်တာညီက တစ်မျိုးကြီးကြည့်ပြီး ပြောလာတာ ကို စိုးစံက နားမလည်နိုင်။ သူ့အကြည့်ခံရတာကြီးကိုသာ ရင်ထဲ ကျလိကျလိနဲ့ အခံရခက်နေသည်။

"ငါလည်း သေချာတော့ မပြောတတ်သေးဘူး ... တစ်ချိန် ကျရင်တော့ တစ်ခုခုသိလာမလားဘဲ ... "

သူပြောပုံကလည်း မရေမရာ။ သူ့ဟာနဲ့သူတောင် တက်တက်ကြွကြွ ပိုင်ပိုင်နိုင်နိုင်မရှိလှတာမို့ စိုးစံတို့အားလုံးကလည်း သူ့စကားကို စိတ်ဝင်တစား ဆက်လက်ဆွေးနွေးခြင်း မရှိကြတော့ ချေ။



www.burmeseclassic.com

www.burmeseclassic.com









"ကြာတယ်ဟာ ... နင်ရွေးနေတာ ပြီးပဲမပြီးနိုင်တော့ဘူး"

"ခဏလာဦးဟ ... နင့်အကူအညီလိုတယ် ..."

"ငါ့အာသာ အမေ့ဆိုင်မှာ ဝင်ကူနေတာကိုဟာ ... နှောင့်နှောင့်ယှက်ယှက် လှမ်းခေါ်ပြီး ဘာလုပ်ဦးမလို့လဲ ..."

အေတူဇကော်ဆိုင်ထဲမှာတစ်နာရီလောက်ကြာအောင်လှည့်ပတ်လှုပ်ရှားနေသော မိပေါက်ကို စိုးစံကသိပ်စိတ်မရှည်တော့။

အစကတည်းက ... သူဟာ အားအားယားယားမဟုတ်ချေ။ ကျောင်းပိတ်ရက်အတွင်း မေမေ့ရဲ့ ရွှေဆိုင်မှာထိုင်ကာဝင်လည်းကူရင်း ပညာလည်းသင်နေတာ။

ဖေဖေ့ရဲ့ကားထုတ်လုပ်ရေးလုပ်ငန်းကို ဝိဇ္ဇာဝင်



www.burmeseclassic.com

www.burmeseclassic.com



စားပေမဲ့လည်း ဖေဖေ့လုပ်ငန်းထဲမှာက အားကိုးရသည့် ဦးလေးတစ်ယောက်ရှိတာမို့ စိုးစံ ဝင်လုပ်စရာမလို။ မေမေ့ရွှေဆိုင်ကတော့ မေမေတစ်ယောက်တည်း သိပ်စိတ်မချရသော၊ စောင့်ကြည့်နေမှ တန်ကာကျသော လက်ထောက်နှစ်ယောက်ကို အုပ်ချုပ်လုပ်ကိုင်နေရတာမို့ အကူလူလိုသည်။

"နင်က အားအားယားယားသမားဆိုတော့ အချိန်ရတယ်ဟ ... ငါက ကျောင်းပြီးတာနဲ့ အလုပ်ထဲတန်းဝင်ရမှာ"

"အောင်မယ်လေး ... ဂုဏ်ဖော်ပြီး ပြောနေရပြန်ပြီ ... ငါလည်း ကျောင်းပြီးရင် အန်တီလေး အထည်ဆိုင်မှာ ဝင်လုပ်မလို့ပါဟ ... နင်သိတယ်မို့လား ... အန်တီလေးက ထိုင်းနဲ့ ဟောင်ကောင်က ရယ်ဒီမိတ်တွေမှာပြီး ဒီမှာ ဆိုင်ခွဲတွေအများကြီးဖွင့်ထားတာလေ ... အခု အသစ်ဖွင့်တဲ့ ဂမုန်းပွင့်မှာ ဆိုင်ခွဲတစ်ခုထပ်ဖွင့်ရင် ဆိုင်ကိုကွပ်ကဲဖို့ လူတစ်ယောက်လိုတာ ... အဲဒါငါဝင်လုပ်မလို့ ... "

"ကောင်းတယ် ... ကောင်းတယ် ... နင့်မိဘချမ်းသာပေမဲ့ နင့်ကိုယ်ပိုင်အလုပ်နဲ့ ကိုယ်ပိုင်ဝင်ငွေရှိတော့ ပိုကောင်းတာပေါ့ ... "





"ကိုယ်ပိုင်ဝင်ငွေကလည်း မရှိလို့ မဖြစ်ဘူးဟ ... "

မိပေါက်က စကားကို အဓိပ္ပာယ်ပါပါလေးပြောပြီး ...ေစ့စေ့လုပ်နေသည်။

"ဘာလို့သဲ ... "

"ရည်းစားတစ်ယောက်ထားမိတော့ သုံးဖို့စွဲဖို့ကလိုလာပြီလေ ... မိဘပိုက်ဆံနဲ့ ရည်းစားကို ပံ့ပိုးနေတယ်ဆိုရင် ငါ ရဲကြီးမှာစိုးလို့ ... အခုကတော့ အလုပ်မရှိသေးတော့ မတတ်သာဘူးပေါ့ ... ကြာလာကျော့ မကောင်းဘူးလေ"

လက်စသတ်တော့ ဒီလိုကိုး။

ကောင်းကွာ။ ရည်ရွယ်ချက်ကတော့ သိပ်ကောင်း။ ...ည်းစားကို ထောက်ပံ့ဖို့ ငွေရှာရမတဲ့။ မိဘတွေသိလို့ကတော့ ...ချီးမည်။

...ာယက်ရှင်ကဖြင့် ကိုယ်တိုင်ငွေရှာဖို့ စိတ်မကူးဘဲ ...စွဲရချောင်အောင် ရည်းစားထားတာ။ မိပေါက်ကတော့ ကိုယ် ... အလုပ်မလုပ်ဘဲ တစ်သက်ထိုင်စားလို့ရပါလျက် ရည်းစား ...က်နဲ့ အလုပ်လုပ်ရှာမှာ။

မတန်လိုက်တာ။ မီးလျှံလိုကောင်ကို မိပေါက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ပြန်ကြိုက်ခဲ့ရပါလိမ့်။ သူကရော ဘာကြောင့်များ ဒီကိစ္စ ထောက်ခံအားပေးမိခဲ့ပါလိမ့်။

စိုးစံက အခုမှပဲပြဿနာရဲ့အတိမ်အနက်ကိုသဘော ပေါက်လာကာ အချိန်မီ မထိန်းသိမ်းနိုင်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးတော့ချေ။

"လာဦး ... ဒီစပို့ရှပ်လက်ရှည်လေးဝတ်ကြည့်စမ်း ..."

"မိပေါက်နော် ... ငါ့ကို အဲဒီလောက်တန်ဖိုးကြီးတာကြ တွေ မပေးနဲ့ ..."

"ဘာလဲဟ ..."

"ငါသိပြီ ... နင် ငါမွေးနေ့ကျ လက်ဆောင်ပေးမလို့ တော်မတော် ဝတ်ခိုင်းနေတာ မဟုတ်လား ..."

"ဟီး ... ဟီး ..."

မိပေါက်က ရှက်သလိုနဲ့ တဟီးဟီးရယ်နေပြီးမှ

"ဒါ နင့်အတွက် မဟုတ်ဘူးဟ ... မီးမီးအတွက် ... နင် မီးမီးက အရွယ်အစားချင်း မတိမ်းမယိမ်းဆိုတော့ နင် တော်ရင် သူနဲ့လည်း တော်မှာပဲ ... ဒါကြောင့် ဝတ်ခိုင်း နင့်မွေးနေ့လက်ဆောင်အတွက်လည်း ငါမေ့တော့ မေ





ပါဘူးဟာ ... ဒီမှာ တီရှပ် မီးခိုးရောင်လေး ရွေးထားပြီး သား ..."

မိပေါက်က စိုးစံအတွက် ရွေးထားသည့်တီရှပ်ဆိုတာ ိုင်းအောက်သွားလို့ ဒစ်(စ်)ကောင့်(ထ်)ပုံထဲ ရောက်နေသည့် ထဲက ရွေးထားတာ။

ဪ ... ။ ဘဝချင်း ဒီလောက်တောင်ကွာသလား။ သာပေါင်းညာစားအကောင်း မီးလျှံကျတော့ ဆိုင်မှာ အသစ်ဆုံး တန်ဖိုးအရှိဆုံးအကျီ။ စိုးစံအတွက်ကျတော့ အဟောင်းဆုံးနဲ့ ဖိုးအနည်းဆုံး။

ရင်ထဲတစ်မျိုးကြီးဖြစ်သွားသော ခံစားချက်ကို စိုးစံ ခပ်မြန်မြန်ပဲ ချေဖျက်ပစ်လိုက်ပါသည်။ ဘာဆိုင်လို့လဲ။ သူတို့ သမီးရည်းစားတွေပဲဟာ။ ငါတောင်မှ သူငယ်ချင်းချင်းအတူတူ သက်သာအတွက်ကျတော့ မတန်တဆ ပိုတန်ဖိုးကြီးတဲ့လက် ဆောင်ကို ပေးခဲ့သေးတာပဲ။

"မီးလျှံကလေ သူ့ကိုလက်ဆောင်တွေ ဝယ်ပေးတာကို သိပ် သဘောကျတာဟ ... ငါကလည်း သူပျော်နေတာကို မြင် ချင်တာနဲ့ပဲ ကြုံတိုင်း လက်ဆောင်ဝယ်ဝယ်ပေးနေရတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကျီ ငါနဲ့အတော်ပဲ ... နင်ဝယ်ချင်တယ်ဆို ဝယ်လိုက်
ဒါပဲ မဟုတ်လား ... "

"ဟိုလေ ... ဘောင်းဘီတစ်ထည်လောက် ... "

"အကျီတင် သုံးသောင်းခွဲလောက်ရှိပြီ ... ဘောင်းဘီ
သုံးသောင်းကျော်ဦးမှာ ... နင် စုစုပေါင်း ခြောက်သောင်း
ခွဲ ခုနစ်သောင်းနီးပါး ရှင်းရမှာနော် ... "

"အေး ... အဲဒါလည်း ... ဓဏာနေဦးဟာ ... ဘောင်း
ဘီတစ်ထည်လောက် ဝတ်ကြည့်စမ်းပါဦး ... ပြီးမှ ငါ
မယ် ... "

မိုးစံက စိတ်ကိုလျှော့ကာ ဘောင်းဘီတစ်ထည်
ရွေးပြီးဝတ်ပြလိုက်ရပါသည်။ အကျီဘောင်းဘီ တစ်စုံစာအဆင်
ပြီး ငွေရှင်းထွက်လာတော့မှ ...

"နင်တို့ဆိုင်မှာ ငါ ရွှေဒင်္ဂါးတစ်ပြားလောက် ရောင်းချင်
ဘယ်စျေးဖြစ်နေပြီလဲ ... "

"ရွှေဒင်္ဂါး ... ဘယ်သူရောင်းခိုင်းတာလဲ ... "

"ငါ့ဘာသာ ရောင်းမှာပါ ... "

"နင့်ဉစ္စာလား ... "





"အေးပေါ့ ... "

"နင်က ရောင်းမယ်ဆို ... နင့်မှာ ဒီလောက်ဒင်္ဂါးပြားတွေ စု
ချင်တဲ့ ဝါသနာကြီးနေတာကို မရောင်းဘဲရောင်းထုတ်မယ်ဟုတ်
လား ... "

"တစ်ပြားတလေပါ ... "

"ဘာလို့လဲ မိပေါက် ... နင် အသုံးဖို့လိုနေလို့လဲ ... လို
တာရှိရင် ငါ့ဆီကယူလေ ... "

"များတယ်ဟာ ... နှစ်သိန်းကျော်လောက်လိုမှာ ... "

"အာတဲ ... အလှူပ်လုပ်ဖို့အရင်းအနှီးလား ... "

"မဟုတ်ပါဘူး ... မီးလျှိုကို မွေးနေ့ပွဲလုပ်ပေးမလို့ ... "

"ဘာ ... "

မိုးစံအသံက ကျယ်ကျယ်လောင်လောင်ထွက်သွား
တာမို့ မိပေါက်သာမက အေးနားက ဖြတ်သွားဖြတ်လာတွေတောင်
အကဲခတ်ကြည့်သွားကြရသည်။

"နင်ကလည်း အလန့်တကြားနဲ့ အော်ထည့်လိုက်တာများ။
မီးလျှိုကို မွေးနေ့လုပ်ပေးမလို့ပါဆို ... အဲဒါ ဘာဖြစ်လို့လဲ
ဟဲ့ ... ရှေ့အပတ်ထဲကျ မီးလျှိုမွေးနေ့ရှိတာ နင်လည်းသိ



www.burmeseclassic.com

သားပဲ ... ”

“သိတယ်လေ ... မွေးနေ့လက်ဆောင် ပေးဖို့ နင်ဝယ်နေတာလည်း တွေ့သားပဲဟာ ... လက်ဆောင်ခြောက်သောင်းခွဲကျော်ဖိုး ဝယ်တာတောင် ငါကတော့ လွန်လှပြီထင်တာ၊ နင်က ပွဲတောင်လုပ်ပေးဦးမယ်ဆိုတော့ ... ”

“သူ့ကိုပျော်စေချင်လို့ပါ ... ”

“သူက လုပ်ပေးခိုင်းတာလား ... ”

“သူကတော့ ဘယ်ခိုင်းမလဲ ... ဒီလောက်တော့ မရိုင်းပါဘူး ... ဒါပေမဲ့ မျက်နှာငယ်လေးနဲ့ ဒီနှစ်မွေးနေ့ပွဲလုပ်ဖို့ ပိုက်ဆံမရှိဘူး ... လို့ ညည်းညည်းနေတာတွေ့တော့ ငါလည်း စိတ်ထဲ ဘယ်ကောင်းပါ့မလဲ ... ”

“မရှိမလုပ်နဲ့ပေါ့ ... ”

အလကား ... ။ မီးလှိုင်ဟာ ပါးစပ်က ‘နင်လုပ်ပေး’ လို့ ဖွင့်ပြီးတော့သာ မတောင်းဆိုတာ။ မိပေါက်ကို အဲဒီသဘောမျိုး နားလည်လာအောင် လုပ်ပြနေတာလေ။

ယောကျ်ားလေးတစ်ယောက်ဟာ ဒီလောက်ကြီးအထိတော့ အောက်တန်းမကျသင့်ဘူး ထင်သည်။ ရည်းစားဆီက





ပေါ်ပေါ်ထင်ထင် ပိုက်ဆံချေးတာ၊ ပစ္စည်းဝယ်ပေးဖို့ ပူဆာတာကိုထား။ တစ်ဖက်လှည့်နဲ့ အခွင့်အရေးရအောင် တောင်းတာကတော့ သိက္ခာမဲ့လွန်းသည်။ ပြီးတော့ သူငယ်ချင်းအချင်းချင်းတွေ။

“မိပေါက် ... နင် သူ့ကို မွေးနေ့လုပ်ပေးမယ်လို့ပြောထားပြီးပြီလား ... ”

“အတိအကျတော့ မဟုတ်ဘူး ... ဒါပေမဲ့ မီးမီးမွေးနေ့ကျရင် ဖြစ်ချင်တဲ့ဆန္ဒတွေပြည့်ရမှာပါလို့တော့ ပြောထားတယ်”

“မလုပ်ပေးနဲ့ကွာ ... ”

“အို ... ဘယ်ဖြစ်မလဲ ... သူက မျှော်လင့်နေမှာပေါ့”

“ယောကျ်ားလေးပဲ ... မွေးနေ့ပွဲမလုပ်ရလို့လည်း ဘာမှ မဖြစ်ဘူး ... ငါဆိုလည်း ငါ့မွေးနေ့မှာ နင်တို့သူငယ်ချင်းတွေကိုပဲကျွေးတာ ... အိမ်မှာတောင် အမေက အထူးအဆန်းတစ်ခုခု ချက်ကျွေးတာပဲ စားဖြစ်တယ် ... ပွဲလမ်းတော့ မလုပ်ပါဘူး ... ”

“ဒါကတော့ ငွေအကျုင့်နဲ့ နင်ကိုး ... သူက အဲဒီလို ပွဲလမ်းလုပ်ပြီး ကြွားရဝါရတာ ပျော်ရတာကို သိပ်သဘောကျတာ”

“အေး း အေး ... နင်ပဲသိ ... နင်ပဲ စေတနာကောင်း ...

www.burmeseclassic.com



မိပေါက် ဟိုကောင်ကလေ ... နင့်ကို ... ”

စိုးစံက ဆက်မပြောရက်တော့သလို စကားကိုရပ်ထားလိုက်ရသည်။

ဒါတောင် ခမ်ညွှံ့ညွှံ့ကောင်မလေးက ဆက်ပြောလိုက်သေးရဲ့ ...။

“အူမပျှော်အောင် လုပ်ပေးနေရတာ ငါ့အတွက် ဖော်စရာပါပဲဟာ ... ” တဲ့။





သူ့ကိုယ်သူ နပိုလီယံကိုရထားသည့် ဂျိုဇက်ဖင်းလိုများ ထင်နေသေးလားမသိ။ မီးလျှံမဘားမှာ တပူးပူးဖာတွဲတွဲကပ်ပါနေသည့် မိပေါက်ရဲ့မျက်နှာဟာ သိပ်ကိုဂုဏ်ယူမာန်ဝင့်နေသည့်မျက်နှာ။

သူငယ်ချင်း အယောက်အစိတ်လောက်ကိုပဲ ဖိတ်သည့် မီးလျှံရဲ့မွေးနေ့ ညစာစားပွဲကို သူမတို့နှစ်ယောက်ရဲ့မင်္ဂလာဧည့်ခံပွဲများ အထင်ရောက်နေသေးလားမသိ။ ပြင်ထားလိုက်တာလည်း အကျ။ ခေါင်းမှာ စိန်ပွင့်လေးတွေခြယ်ထားသည့်ဘီးခရောင်းလေးကိုတောင် ဆောင်းထားလိုက်သေး။

“ သို့ရဲ့သူငယ်ချင်း(ဟုထင်ရသော) ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်သိုက်က မိပေါက်ကို ကြည့်ကာ ရှုံ့ရှုံ့မဲ့မဲ့နှင့် အချင်းချင်းလက်တို့ အတင်းတုပ်နေကြသည်။

"ရုပ်ကဖြင့် ဘာပုံမှန်းကို မသိဘူး ... မပြင်တတ်မဆင်တတ် လိုက်တာလည်းလွန်ရော ... ခေါင်းပေါ်မှာ ကရောင်းက စွပ်ထားသေးတယ် ... ဟီဟိ ... ဇီးကွက်မျက်ပြူ ရေထဲ ဆွဲချဆိုတာ ဒါမျိုးထင်တယ် ..."

"အောင်မယ်လေး ... ဒါ တော်သေးတယ်နော် ... အရင်က ဒီလောက်တောင် မထွက်ဘူး ... အခုလို ချောလှနေဖို့လေ ဟိုမော်ဒယ်လေး သိလား ... တစ်လောက လက်ထပ်သွား တာဟာ ခက်ဖြာညီလေ ... သူ့ရဲ့ပင်တိုင်အလှဖန်တီးရှင် မာမီစံဆိုတာကို ခေါ်ပြင်ထားရသေးတာဟ ..."

"အလိုလေး ... လူအယောက်အစိတ်သုံးဆယ်လောက် ဖိတ်တဲ့ မွေးနေ့ပွဲကိုတက်ဖို့ အလှပြင်ဆရာခေါ်ပြင်တယ်၊ ဘောစိပဲ ..."

"တကယ့်ဘောစိတော့ ဘောစိအစစ်နော် ... မီးလှျံကိုလည်း သူပဲ စပွန်ဆာလုပ်နေတာတဲ့ ... သူတို့မိသားစုက ဟိုကိုရီး ယားကားတွေထဲက ဘာလုပ်ငန်းအဖွဲ့တို့ ဘာအုပ်စုတို့ဆို





ပြီး ဆွေမျိုးစုလိုက် နာမည်တပ် ချမ်းသာတာမျိုးလိုလေ ... အဲဒီလို မိသားစုနာမည်နဲ့ကို လုပ်ငန်းတွေပိုင်ပြီး ချမ်းသာ ကြတာတဲ့ ... နင်ကြိုက်တဲ့ သူဌေးတစ်ယောက်နာမည် ပြောလိုက် ... အဲဒါ သူနဲ့ ဘာတော်လဲဆိုတာ ငါပြောပြ မယ် ..."

"ဒါဆို ပြောမယ် ... သူဌေးကြီး ဦးကပ်စီး ... ဟီး ... ဟီး"

"ဟား ... ဟား ... ဟား ... ဒါတော့ ငါလည်း မသိတော့ ဘူး ..."

"သူ့အဘိုး သုံးဝမ်းကွဲရဲ့ယောက်ဖ တော်ချင်တော်မှာ"

သူများပွဲကိုလာပြီး သူများအတင်းတွေ ဝက်ဝက်ကွဲ အောင် ပြောနေကြသော ကောင်မလေးအုပ်စုထဲက အသံတွေကို ကျောခိုင်းလျက် အနေအထားကနေ စိတ်ဝင်တစား နားထောင် နေသူ နှစ်ယောက်ရှိပါသည်။

စိုးစံကတော့ မိပေါက်အစား ရင်နာနာနဲ့ မခံချင် ဖြစ်နေတာ။ ဘူဖေးခင်းကျင်းထားသည့် စားသောက်ဖွယ်ရာတွေ ကို ထယူသူယူ၊ လုသူလု၊ ကိုယ့်နေရာကိုယ် ပြန်ထိုင်စားသူစားနဲ့ အလုပ်ရှုပ်နေကြပေမဲ့ စိုးစံရဲ့ရှေ့ကလိမ္မော်ရည်ခွက်ကလေးကတော့



www.burmeseclassic.com

www.burmeseclassic.com



အရာတောင် မယွင်းဘဲ ငုတ်တုတ်။

စားပွဲပေါ် တံတောင်ထောက်ကာ ခပ်ဖွဖွအုပ်ထားသည့် လက်သီးဆုပ်ပေါ် မေးတစောင်းတင်လျက် ငိုင်ငေးငေးပုံစံနှင့် ငြိမ်နေမိတာ ဘယ်လောက်တောင် ကြာပြီလဲမသိ။

ရင်ထဲက တနုံ့နုံ့ခံစားချက်သည် ဘယ်သူ့ကိုဦးတည်ဖြစ်ပေါ်နေတာမှန်းမသိ။ ဘေးနားက ရောင်စုံစာကလေးမတွေကိုလား၊ စိတ်ဓာတ်သိမ်ဖျင်းလှသည့် မီးလျှံကိုလား၊ ညှိုးဖျင်းထုံအလွန်းသည့် မိပေါက်ကိုပဲလား။

ကိုယ့်ကိုယ်ကိုတောင် နားမလည်နိုင်တော့ပါဘူး။

ကာရာအိုကေတက်ဆိုနေကြသည့် ... ဘုန်းမိုနဲ့သော်တာညီ့ကိုလည်း လှမ်းကြည့်မိပါရဲ့။ သူငယ်ချင်းချင်း အတူတူ သူတို့ကျတော့ ဖာသိဖာသာ နေနိုင်ပါလျက် သူ့ကျမှ ဘာလို့ ကိုယ့်စရိတ်ကိုယ်စားပြီး မိပေါက်အတွက် ဒီလောက် ပူပင်ပေးနေရတာပါလိမ့်။

စိုးစံမှာဖြင့် စားချင်သောက်ချင်စိတ်တောင် မရှိ။ ပွဲတိုင်း သီချင်းလေးတော့ တက်ဆိုလိုက်ရမှ နေသာထိုင်သာရှိသည့် အကျင့်တွေလည်း ဘယ်ရောက်နေလဲမသိ။ စိတ်ထဲမှာတစ်ယောက်





ယောက်ကိုသာလည်ပင်းညှစ်သတ်ချင်နေသည်။ ဘယ်တစ်ယောက်ဲဆိုပြန်တော့လည်း မသေချာ။ ခုနေ 'မင်းစိတ်ကြိုက်တစ်ယောက်ယောက်ကို သတ်ခွင့်ပေးမည်' ဆိုလျှင်တောင် ဘယ်သူ့ကိုရွေးရမှန်းသိ။

စိုးစံက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေစဉ်မှာက်သက်သာကလည်း ကိုယ့်စိဘ်ကူးနဲ့ကိုယ်။

မီးလျှံသူငယ်ချင်း ... ကောင်မလေးတွေရဲ့အတင်းအားတွေကို သက်သာလည်း ကြားသည်။

သက်သာကတော့ စိုးစံလိုမျိုး စိတ်မဆိုးသည့်အပြင်ကျနပ်သလိုလိုပါ ရှိမိသား။

မိပေါက်လို အရာရာပြည့်စုံနေသည့် မိန်းကလေးစ်ယောက်မှာလည်း အဲဒီပြည့်စုံခြင်းအတွက်ပဲ အလျှောင်အပြောင်တာလေးလောက်တော့ ရှိဦးမှပေ့ါ။ မဟုတ်လျှင် လောကကြီး သိပ်ကို တစ်ဘက်စောင်းနင်း ကျလွန်းအားကြီးသွားမှာပဲ။

အလျှောင်ခံရမှာပေ့ါ။ သူ့မှာ ဦးနှောက်မှ မရှိတာ။လျှံလိုကောင်မျိုးကိုများ။

အလို။ နေပါဦး။ ဒါက ဘာဖြစ်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်အားရသလိုဖြစ်နေမိရာက သက်သာကို မြင်ကွင်းတစ်ခုက လှုပ်နှိုးလိုက်သလိုဖြစ်သွားသည်။

စိုးစံ။

စားပွဲပေါ်လက်ထောက် မေးတင်ကာ ငိုင်ငေးငေးကြီး။ သူ့မျက်လုံးတွေရဲ့ စူးနက်နေမှု၊ မေးကြောတွေရဲ့တောင်းတင်းနေမှုကို ကြည့်လိုက်လျှင် သူဟာ တစ်ခုခုကို အကြီးအကျယ် မကျေမနပ်ဖြစ်နေမှန်း သိသာထင်ရှားလှသည်။

စားပွဲပေါ်မှာ မသောက်ရသေးသည့် အအေးခွက်တစ်လုံးနှင့် ဒီလောက်ငြိမ်သက် အေးစက်နေသည့် ပုံစံဟာ စိုးစံရဲ့ပုံမှန်ပုံစံ မဟုတ်ပါဘူး။

စိုးစံ ဘာကြောင့် ဒီပုံဖြစ်နေရတာလဲ။ သူရောက်လာတာက ဒီလောက်အခြေအနေ မဆိုးသေးပါဘူး။ ကြည့်ရတာနောက်ပိုင်းက မိန်းမတွေစကားကို နားထောင်ရင်း စိတ်ဆိုးနေတာပဲ ဖြစ်ရမယ်။ မျက်လုံးကလည်း မိပေါက်နဲ့ မီးလျှံကို စိုက်ကြည့်နေလိုက်တာများ။

မိပေါက်အတွက်နဲ့ စိုးစံဟာ ဒီလောက်တောင်ခံစား





နေရသလား။ သက်သာဘက်ကိုတောင် တစ်ချက်မှလှည့်မကြည့်နိုင်တော့လောက်အောင်လေ။

တစ်ခါတစ်ခါတော့ စိုးစံဟာ သက်သာကို ချစ်တာများ ဟုတ်ရဲ့လားလို့ သံသယဝင်ဖူးသည်။

အားလုံးက ဝိုင်းပြီးနောက်ပြောင်ကြသည့် အချိန်မှာ သူကငြိမ်ပြီး ကျေနပ်နေသလိုလို ဘာလိုလိုလုပ်နေတာနဲ့ပဲ၊ တစ်ခါတစ်ရံမှာ တခြားသူငယ်ချင်းတွေထက် သက်သာကိုပါ ဦးစားပေးရစိုက်ပြတာနဲ့ပဲ စိုးစံဟာ သက်သာကိုချစ်နေတယ်လို့ တမ်ဘက်သက် ယူဆခဲ့ရတာ။ ခုထက်ထိ စိုးစံထံက တရားဝင်ဖွင့်ပြောစကားကိုတောင် ကြားခဲ့ရတာ မဟုတ်။ သူ့ကိုယ့်ကို တကယ်ချစ်မချစ်သည်း သေချာတပ်အပ်မပြောနိုင်သေး။

စိုးစံနဲ့ပတ်သက်လို့ စိတ်ကူးလေးယဉ်ခဲ့မိတာတွေကိုတောင် ရှက်လာသည်။ ခုလို သေွးချင်းကပ်ထိုင်နေရသည့်အချိန်မှာ သက်သာကို ရှိတယ်တောင် မထင်ဘဲ တခြားမိန်းကလေးတစ်ယောက်ကို အာရုံနှစ်စိုက်စွာ ငေးကြည့်နေတဲ့ စိုးစံဟာ သက်သာကို ချစ်နေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။

ဘုရားစူးရစေ့။ သက်သာက စိုးစံကို မချစ်ပါ။ သင့်



www.burmeseclassic.com

www.burmeseclassic.com



တော်သူတစ်ယောက်အဖြစ် သတ်မှတ်လက်ခံလို့ရသည့်တိုင် မိုး
ကို မရလျှင် စိတ်ထိခိုက်ခံစားရမှာမျိုးတော့ မဟုတ်။

သို့သော် ကိုယ့်ကို ချစ်နေလိမ့်မည်လို့ ယုံကြည်ယုံ
ထားရသည့် လူတစ်ယောက်က တခြားမိန်းကလေးတစ်ယော
ကို ငြိတွယ်သွားမှာကိုတော့ မိန်းကလေးတစ်ယောက်ရဲ့အတွ
လက်သင့်မခံနိုင်ချေ။

"မိုးစံ ... ဟဲ့ ... မိုးစံ ... နင် ဘာဖြစ်နေတာလဲ ..."

"ငါ ... အဲ ... ဘာဖြစ်လို့လဲ ... ဘာမှမဖြစ်ပါဘူး ..."

"စားစရာတွေလည်း ထမယူသေးပါလား ..."

"မဆာသေးလို့ ..."

"ဘုန်းမိုတို့နဲ့ ကာရာအိုကေလည်း သွားမဆိုဘူး ..."

"ငါလည်းချောင်းနာနေတယ်ဟ ... အသံကြီးက ကောင်း
မဟုတ်ဘူး ... မဆိုချင်ပါဘူး ..."

တိုက်ရိုက်မေးလို့တော့ မရတော့ဘူး။ နည်းနည်
လောက်တော့ စကားအစ်ကြည့်ဦးမှ။

"နောက်ပိုင်းက မိန်းမတွေပြောတာ နားထောင်ပြီး န
စိတ်ဆိုးနေတယ် မဟုတ်လား ... သူတို့ကလည်း သူမ





ကျေးတာစားပြီး အားမနာပါးမနာ ပြောနေလိုက်ကြတာ
နော် ..."

"ဟုတ်တယ် ... အတင်းပြောတဲ့ ကောင်မလေးတွေကို ငါ
သိပ်မုန်းတာပဲ ... မိပေါက်က ဘာများချို့ယွင်းနေလို့ သူတို့
က လျှောင်ချင်ကြတာလဲ ... ငါ့သူငယ်ချင်းက သူတို့ထက်
အဆတစ်သိန်းလောက် ပိုပြီးစိတ်ထားဖြူစင်တယ် ...
တခြားစီပဲ ..."

"ဒါပေမဲ့ မိပေါက်နဲ့မီးလျှံက ပုံစံချင်းတော့ ကွာတယ်လေ"

"မိပေါက်ကို မလှဘူးလို့ထင်တာလား ..."

"အင်းပေါ့ ..."

"အခုမှ သေသေချာချာကြည့်မိတယ် ... မိပေါက်က မချော
ပေမဲ့ သိပ်ချစ်စရာကောင်းတယ် ... သူ့မျက်နှာမှာ သူ့ရဲ့
ကြည်လင်နေတဲ့ စိတ်ကလေးကိုက ထင်ဟပ်နေတာ ...
တကယ့်စမ်းရေအိုင်လေးတစ်ခုလို ကြည်လင်အေးမြနေတာ
ပဲ ... အမြဲတမ်းပျော်နေ အပူအပင် ကင်းနေပုံလေးက
တကယ့်ကလေးငယ်ငယ်လေး တစ်ယောက်လိုကြည့်ရတာ
အေးချမ်းတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြော။ ဒီလောက်တောင် ဖြစ်နေမှကိုး။

သက်သာက စိုးစံရဲ့အတွင်းစိတ်ကို သဘောပေါက်လိုက်သည်။ ဒါကို ကာယကံရှင်တောင် သတိထားမိချင်မှ ထားမိဦးမည်။

"မိပေါက်က သနားဖို့ကောင်းပါတယ်ဟာ ... သူက လူတိုင်းကို သူ့စိတ်နဲ့နှိုင်းပြီး ဖြူစင်တယ်ချည်းပဲ ထင်နေတာ ... လူတွေဟာ တကယ်တမ်းကျ မရိုးသားဘူးဆိုတာ သူမသိရှာဘူး"

အေး။ ဟုတ်တယ်ပေါ့။ မရိုးသားဘူး။ အားလုံးထဲမှာ မရိုးသားဆုံးက နင့်အေးမှာရှိနေတဲ့ငါပဲ။

သက်သာရင်ထဲ အတွင်းကြိတ် ပေါက်ကွဲသွားကာ လှလှပပ ပြုံးနေသော မိပေါက်ကို စိတ်ထဲကနေ စိန်ခေါ်နေမိတော့သည်။

❀ ❀





"သက်သာ ... သက်သာ ... နင့်ကို ငါတစ်ခုမေးစရာရှိလို့"

ချောကလက်သုံးလေးပြားပါသည့် ကော်ဘူးကြည်ကြည်လေးကို ရွှေရောင်ဖဲကြိုးစနဲ့ ပတ်ချည်ထားသည့် အထုပ်လေးကို ကိုင်ကာ မိပေါက်က အရေးတကြီးလာပြောသည်။

ဒီမိန်းကလေးဟာ ဘဝမှာ အထိနာခြင်း၊ ပင်ပန်းဆင်းရဲခြင်းဆိုတာတွေကို မကြုံဘူးတော့ မဖြစ်စလောက်ကိစ္စလေးတွေကိုပဲ ရေးကြီးခွင်ကျယ်လုပ်နေရတာ။

အမြင်ကတ်စရာလည်းကောင်း၊ သနားစရာလည်းကောင်းပါရဲ့။ မိပေါက်ဟာ ဇော်တော်လေးနဲ့တော့ ရင့်ကျက်တည်ငြိမ်သည့် လူသားတစ်ယောက် ဖြစ်လာနိုင်မှာ မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မေး ... မေး ... ငါ့မေမေ့ဆီလိုက်သွားရဦးမယ် ... မေး စရာရှိတာ မြန်မြန်မေး ... "

"ကိုယ့်ချစ်သူကို သိပ်တန်ဖိုးမရှိတဲ့ လက်ဆောင်ပေးတာ ဟာ မသိနားမလည်တာလား ... အရေးမထားတာလား ဟင် ... "

အရေးမထားတာ ... ။

သက်သာ စိတ်ထဲက အလျှင်အမြန် ပြန်ပြောလိုက် ပြီးသား ဖြစ်သွားသော်လည်း ပါးစပ်ကတော့ ထင်တိုင်း အသံထွက် မလာပါ။

"အမျိုးမျိုးဖြစ်နိုင်တာပဲ ... မိပေါက်က ဘယ်လိုထင်လို့လဲ"

"မိပေါက်ကတော့ ဘာမှမသိပါဘူး ... မီးလျှံက ဗယ်လင် တိုင်းဒေးအမှတ်တရဆိုပြီး ဒီချောကလက်တွေဝယ်ပေးတာ၊ အဲဒါ စံစုံကိုပြမိတော့လေ အဲဒီကောင်က အဲဒါအပေါ်စား တွေတဲ့ ... ထောင့်ငါးရာ ခြောက်ရာလောက်ပဲပေးရမှာ တဲ့... ဒီလို အပေါစားမျိုးပေးမဲ့အစား မပေးတာကမှ လူကို လေးစားရာရောက်သေးတယ်တဲ့ ... "

သိပ်မှန်တာပေါ့ ... ။ စိုးစံတို့ကတော့ သူ့ရင်ထဲက





တောင်မလေးအတွက် သိပ်ကိုသိတယ်၊ နာတတ်မှာပဲ။

"သက်သာက ဘယ်လိုထင်လဲဟင် ... "

"တန်ဖိုးရှိတယ် မရှိဘူးဆိုတာက အရေးမကြီးပါဘူး ... သတိတရရှိတာ မရှိတာကသာ အရေးကြီးတာ မဟုတ်ဘူး လား ... "

မိပေါက်ရဲ့မျက်လုံးတွေဟာ စိန့်ဝှင်းကြီးတစ်တွင်း ကို ရှာဖွေတွေ့ရှိသွားသူတွေရဲ့ မျက်လုံးလိုမျိုး တဖျပ်ဖျပ်လင်း သက်တောက်ပသွားကြတာ ...

"ဟယ် ... သိပ်ဟုတ်တာပဲ ... သက်သာက တွေးတတ် လိုက်တာနော် ... စံစံလာပြောတုန်းက သက်သာ့သာရှိ ရင် ချက်ချင်းတုံ့ပြန်လို့ရမယ် ... "

သနားစရာကောင်းလိုက်တာ။ သက်သာက အမြင် ဘတ်ကတ်နဲ့ ချောက်တွန်းလိုက်တာကိုတောင် သဘောမပေါက် နိုင်ဘဲ အထင်တကြီးတွေကိုဖြစ်လို့။

"ဒါဆို မီးလျှံက မိပေါက်ကို တကယ်တန်ဖိုးထားပါတယ် နော် ... "

"အင်းပေါ့ ... "



www.burmeseclassic.com

ကိုယ်တိုင်မယုံကြည်သည့်ကိစ္စမို့ သက်သာရဲ့အသံက သိပ်ပြီးတက်တက်ကြွကြွမရှိ။

"ကျေးရူးတင်လိုက်တာ သက်သာရယ် … မီးလျှံဘက်က လိုက်ပြောပေးလို့ … စန်းစန်းငင်းတို့ ရီလှဲ့တို့ကလည်းလေ မိပေါက်ကို မယုံသလို ပြောကြတယ် … မီးလျှံသူငယ်ချင်း ကောင်မလေးတွေကလည်း မိပေါက်ကို သောင်စရာကြီးလို တင်နေကြတာ … မိပေါက် တကယ်ပဲ စိတ်မကောင်းဖြစ်တယ် … "

ဩ … ။ ဒီလိုလည်း ရှိသေးသလား။ မိပေါက် တစ်ယောက်လည်း မီးလျှံနဲ့ချစ်သူဖြစ်မှ စိတ်ညစ်စရာတွေ ကြုံနေရပြီပေါ့လေ။ ရှေ့လျှောက် ဒီထက်စိတ်ညစ်ရအောင် ပညာပေးလိုက်ဦးမှ။

"မီးလျှံက မိပေါက်ကိုပစ်ပြီး တခြားတစ်ယောက်နောက် ပါသွားမှာပဲလို့ရော ထင်သလားဟင် … "

"ဒါကတော့ ဖြစ်နိုင်ချေ ရှိတော့ရှိတာပေါ့ … ယောကျ်ားလေးတွေဆိုတာ စိတ်ချထားလို့မှ မရတာ … "

"ဖြစ်နိုင်ရင် မီးလျှံကို သံကြိုးနဲ့သာခတ်ထားလိုက်ချင်တော့





တာပဲ … မိန်းကလေးတွေကလည်း သူ့ကိုဆိုဝိုင်းဝိုင်းလည်၊ နာမည်ကြီးတဲ့ကောင်လေးတစ်ယောက်နဲ့ ရည်းစားဖြစ်ရတာ တော်တော်စိတ်ပင်ပန်းတယ် … သက်သာ … စိတ်ကူးမလွဲနဲ့နော် … ရည်းစားထားရင် သိပ်မချောတဲ့ နာမည်လည်း သိပ်မကြီးတဲ့ကောင်လေးမျိုးကိုပဲရွေး … သိလား … စံစံဆိုရင် သိပ်ကောင်းတာပဲ … သူ့ကို ဘယ်ကောင်မလေးကမှ သဘောမကျတော့ … "

"စိုးစံကိုထည့်မပြောနဲ့ … "

သက်သာက ယောင်ပြီးအော်ပစ်လိုက်မိသည်။ စိုးစံ၊ စိုးစံနဲ့ အားလုံးက စိုးစံဟာ သက်သာရဲ့လူလို့ပဲ ထင်နေကြတာ။ တကယ်တမ်းတော့ အဲ့ဒီ စိုးစံဟာ မိပေါက်အတွက် အသက်တောင်စတေးရဲလောက်သည့်သူ ဖြစ်နေတာ ဘယ်သူမှမသိကြ။

"ဘာလို့လဲ … စံစံနဲ့ အဆင်မပြေဘူးလား … အင်းလေ … ဒီကောင်ကလည်း ဒီကောင်ပဲ … သက်သာကိုခုထက်ထိ ကို ဖွင့်မပြောနိုင်သေးဘူး … သက်သာလည်း ဘယ်စိတ်ရှည်ပါတော့မလဲနော် … နည်းနည်းတော့ တွန်းပေးဦးမှ"

ခပ်ပြောမတတ်တော့ ဆဲသလိုတဲ့။

www.burmeseclassic.com



မိပေါက်ရဲ့ မသိနားမလည်စွာ ပြောလိုက်သည့် စကားလုံးတွေဟာ သက်သာကို တမင်တကာ တိုက်ခိုက်နေသလို ပင်။

သက်သာကပဲ စိုးစံက ဖွင့်ပြောမှာကို မျှော်တော်ဇောနဲ့မောနေရသည့်ပုံမျိုး။ ပြီးတော့ သက်သာကို စိုးစံကဖွင့်ပြောဖို့ကိစ္စမှာ သူမတိုက်တွန်းပေးတော့မှပဲ အောင်မြင်တော့မည့်ပုံမျိုး။

ဒီသဘောပြောနေတာ မဟုတ်မှန်းသိသည့်တိုင် ဒီပုံစံမျိုး ဖြစ်နေ၍ သက်သာက တော်တော်ပဲ နစ်နစ်နာနာခံစားလိုက်ရရှာသည်။

မိပေါက်၊ မိပေါက်။ နင့်ရဲ့အဆင်ခြင်ကင်းမဲ့မှုတွေအတွက် တစ်နေ့မှာ နင် ကောင်းကောင်း ပြန်ဖြေပေးဆပ်ရတော့မယ်နော်။

"ရပါတယ် ... ကိုယ့်အတွက်ပဲ ကိုယ်လုပ်ပါ ... သူများကိစ္စတွေကို ဝင်ပြီး အာရုံရောက်မနေနဲ့"

သက်သာလေသံက မာနေသည်။ ဒါတောင်မှ အရိုးခံ မိပေါက်ကတော့ နားမလည်သေး။

"မိပေါက်ကိစ္စက ဒီလောက်အရေးမကြီးပါဘူး ... သက်သာ





နဲ့ စံစံ အမြန်ဆုံး အဆင်ပြေသွားဖို့က အရေးကြီးတာ"

ပုံစံကဖြင့် ခုချက်ချင်းကောင် ပြေးပြောဦးမည့်ပုံ။ ပြောပြန်လျှင်လည်း ပညာသားပါပါ သွယ်ဝိုက်တိုက်တွန်းတာမျိုး လုပ်မှာမဟုတ်။ သက်သာကဖြင့် နင့်ကို အဖြေပေးချင်လွန်းလို့ စောင့်နေပြီ၊ နင်ကမြန်မြန်သွားပြောလိုက်လေလို့ ဗြောင်ကျကျကြီး တိုက်တွန်းပစ်လိုက်မှာ၊ အရှက်ကိုကွဲရော။

"မိပေါက် ... ငါ သေချာမှာထားမယ် ... နင် စိုးစံကို တစ်ခုခု သွားပြောလို့ကတော့ အဲဒီကောင်ကို ငါ တစ်သက်မခေါ်တော့ဘူး ... အဖြေပြန်ပေးဖို့ဆိုတော့ ဝေးစွပဲ ..."

"အင်းပါ ... အင်းပါ ... ငါ မပြောပါဘူး ..."

"တိုက်ရိုက်ရော သွယ်ဝိုက်ရော ဘာမှကိုသွားမပြောရဘူးနော် ..."

"မပြောပါဘူးဆိုဟာ ..."

ဒါတောင် သိပ်စိတ်ချရသေးတာ မဟုတ်။ မိပေါက်ရဲ့ မျက်ဝန်းထဲမှာစိုး်အားထက်သန်မှု အရောင်လက်လက်ကလေးကို တွေ့နေရသေးသည်။

နင်က ငါ့ကိုထိခိုက်အောင် လုပ်မယ်ဆိုရင် ငါက



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို အဆများစွာ ပိုပြီးထိခိုက်အောင် လုပ်လို့ရတယ်ဆိုတာ မြဲမြဲ မှတ်ထားလိုက်ဦး မိပေါက်ရေ။

❦ ❦





သဏ်သက်သာကို တော်တော်လှတဲ့မိန်းကလေးပဲလို့ မီးလျှံက သိပြီးသားပါ။ ဒါပေမဲ့ တစ်သက်မှာတစ်ခါမှ သက်သာရဲ့မျက်နှာကို သေသေချာချာမကြည့်ဘူး။

အခုတော့ ကင်မရာမျက်နှာပြင်မှာ ပေါ်နေသည့်မျက်နှာလေးဟာ ဖူးနု ဥညက်ပြီး လှပလိုက်တဲ့ဖြစ်ခြင်း။

အခုတလောမှာ အချိန်ကာလအတော်များများကို မိပေါက်ရဲ့ အသားညိုညို၊ ဆံပင်ကောက်ကောက်၊ အပြင်အဆင်အခြယ်အသမတတ်၊ မလှမပမျက်နှာကိုကြည့်ရဖန်များနေလို့ပဲလားမသိ။ မိန်းကလေး အတော်များများကို သူ့မျက်စိထဲ လှတယ်လို့ကို ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သာများဆိုပြောစရာကိုမရှိတော့။နဂိုကတည်းက အလှဘုရင်မအဖြစ်နဲ့ နာမည်ကြီးလှသော မိန်းကလေးဟာ ခေတ်ပုံရိုက်ခံမှာမို့ အလှဆုံးပြင်ဆင်ထားသည့်အခါ တအားတအားကိုပဲ လှပကြော့မော့နေတော့တာ။

မိပေါက်နဲ့မျှားတော့ ကွာပွဲ။ မိပေါက်ဟာ နဂိုရုပ်ရည်က သိပ်မလှရသည့်ကြားထဲ ပြင်လိုက်ဆင်လိုက်လျှင် ဘယ်လိုများ ကြည့်မကောင်းတော့သလဲကိုမသိ။ အသားအရည်က ပြာတာတာ၊ ညစ်တစ်တစ်နဲ့ မျက်လုံးကြီးတွေက အနက်ရှည်တွေရစ်ဝိုင်းပြီး မဲသဲညိုပြုံးနေသေးသည်။ အရောင်အဆင်းက ထွက်တော့ထွက်လာပါရဲ့။ ညိုတိုတို၊ ပြာတာတာနဲ့ မျက်ခွံက အပြာရောင်တို့ အစိမ်းရောင်တို့၊ ပါးပေါ် အတုံးလိုက် အတစ်လိုက် တင်ထားသည့် ပါးနီပန်းရောင်တို့၊ နှုတ်ခမ်းနီ အနီရဲရဲတို့ စတဲ့အရောင်အဆင်း ပြူးပြူးပြဲပြဲကြီးတွေဟာ မျက်နှာပေါ်မှာ တစ်တုံးတတစ်ကြီး ထင်းနေတော့တာ။

သက်သာ ပြင်ထားတာဆိုရင် ကြည့်စမ်း။ မျက်နှာပေါ်က အရောင်တွေဟာ သဘာဝနဲ့လည်း သိပ်မကွာ။ တစ်ရောင်နဲ့တစ်ရောင် ကူးသန်းရောယှက်သွားပုံဟာ မသိမသာဟလေး။ ခြေ





ပြေညက်ညက်ကလေး။

အဝတ်အစား ဝတ်ပုံကိုလည်းကြည့်။ မိပေါက်တို့မျှား ဘယ်လောက်အဖိုးတန်တာ ဝတ်ဝတ်၊ ပုံကိုမထွက်။ သက်သာမှာတော့ ခပ်ပေါ့ပေါ့ပါးပါး၊ ရှင်းရှင်းလင်းလင်းကလေး ဝတ်ထားတာတောင် အဆင့်အတန်းမြင့်ပြီး လှပရှင်းသန့်နေလိုက်ကာ။

သက်သာက ငါ့ကို ခေတ်ပုံရိုက်ပေးဖို့ကန်တော်ကြီးကို လိုက်ခဲ့ပါလို့ အဖော်ခေါ်တုန်းက ဘာကြောင့်များ ငါ့ကိုမှရွေးခေါ်လာတာပါလိမ့်လို့ မကျေမနပ် တွေးမိသည့်အတွေးတွေတောင် မီးလျှံခေါင်းထဲမှာ မရှိတော့။

"ငါက ဒီနားလေးမှာ ရိုက်ချင်တယ်ဟ ... နေဦး ... နင်လိုက်တင်ကောင်းမဲ့နေရာကို အရင်ရွေး ... ငါက ပြီးမှ အိုက်တင်လုပ်မယ် ..."

"အေး ... အေး ..."

သက်သာတို့များ ရုပ်ကလေးလှရုံသာမက နေဟတ်ထိုင်တတ် အိုက်တင်လုပ်တတ်တာကလည်း အလွန်ပါလား။ ပန်းပင်လှလှကလေးရှေ့မှာ ခြေနှစ်ချောင်း ဖျတ်ခနဲခွဲကာ ခါးကလေးလိမ်ပြီး ပန်းခက်ကလေးတစ်ခက်ကို ဖျတ်ခနဲဆွဲကိုင်လိုက်ပုံက သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်စရာမလိုဘဲနဲ့ကို အဆင်ကိုပြောလို့။

"ကဲ ... ရိုက်လို့ရပြီလား ... နှင်းချိန်နေတာကလည်း အကြာကြီးပဲ ... ဘာလဲ ... အဆင်မပြေဘူးလား ... "

"အဆင်ပြေပါတယ် ... ငါ ဖိုးကပ်(စ်)လေး နည်းနည်းချိန်နေတာပါ"

အဆင်ကပြောတာမှ သိပ်ပြေ။ လှလွန်းလို့ ခလုတ်လေးတစ်ချက်နှိပ်ဖို့တောင် နှောင့်နှေးနေမိသည်။ ချောက်ခနဲ ခလုတ်နှိပ်လိုက်ပြီးလျှင် ဒီရှုခင်းမြင်ကွင်းလေးကို စိတ်တိုင်းကျ ထိုင်ကြည့်ခွင့်လေး ဆုံးရှုံးသွားမှာစိုးရသည်။

"ဟိုးရှေ့နားက တောင်ကုန်းစောင်းလေးမှာ သွားရိုက်ချင်သေးတယ် ... နည်းနည်းစောင်းစောင်းကလေး ယူပြီးရိုက်ပေး ... တခြား ဘာမှမပါစေနဲ့ ... မြက်ခင်းစိမ်းစိမ်းလေးပဲ နောက်ခံပါပစေ ... "

ကုန်းစောင်းဆင်ခြေလျှောလေးမှာ ခြေထောက်တစ်ချောင်းဆန့် တစ်ချောင်းကွေး အနေအထားနဲ့ ဘေးတစောင်းလှဲအိပ်နေသည့်ပုံစံလေး။

"ကောင်းတယ် ... အဲဒီအနေအထားလေး မိုက်တယ်ဟ ...





နင်က ဘဲလင့်(န်)ရှိတယ်နော် ... မော်ဒယ်(လ်)တစ်ယောက်လိုပဲ နေတတ်ထိုင်တတ်တယ် ... ဒါနဲ့နေပါဦး ... နင် ဓာတ်ပုံရိုက် ဝါသနာပါတယ်လို့လည်း တစ်ခါမှမကြားဖူးပါဘူး ... အခုမှ ဘာလို့စွတ်ရိုက်နေရတာလဲ ... "

မကြားဘူးဆို ဝါသနာလည်းတကယ်မှမပါတာကိုး။ အခုက အကြောင်းရှိလို့ ရိုက်တာ။ ပွင့်ပွင့်လင်းလင်းပြောရရင် မီးလျှံနဲ့ နှစ်ယောက်တည်း ရင်းနှီးမှုရချင်လို့ရယ် ... သက်သာ ဘယ်လောက်လှသလဲဆိုတာ မီးလျှံ သတိပြုမိစေချင်လို့ရယ်ကြောင့်သာ 'ဓာတ်ပုံရိုက်ခြင်း' ဆိုတာကို အကြောင်းပြချက်တစ်ခုအနေနဲ့ ဆွဲယူလာတာ။

"ငါ့ဦးလေးတစ်ယောက်က မီလန်မှာ ... အဲဒါ သူ့ဆီမှာ မော်ဒယ်(လ်)လုပ်ချင်လား ... လုပ်ချင်ရင် အလှဓာတ်ပုံဆယ်ပုံလောက် ပို့ပေးလိုက်ပါဆိုလို့ ... "

"မီလန်ဆိုတာ ရုပ်ရှင်ကုမ္ပဏီအသစ်လား ... မော်ဒယ်အေဂျင်စီအသစ်လား ... "

"ဘယ်ကသာ ... မီလန်ပါဆိုမှ အီတလီကိုပြောတာပေါ့ဟဲ့ အီတလီကမြို့လေ ... နင် မကြားဖူးဘူးလား ... အေး



www.burmeseclassic.com

www.burmeseclassic.com



မီလန်တို့ အင်တာမီလန်တို့ ဘောလုံးအသင်းတွေတောင် ရှိသေးတာ ... "

"ဘောလုံးအသင်းတော့ သိတာပေါ့ ... နင်ပြောတဲ့ အီတလီက မီလန်လည်း သိတယ်လေ ... ဒါပေမဲ့ နင်က မော်ဒယ်လုပ်မှာဆိုတော့ အဲဒီလောက်အထိ မထင်လိုက်မိဘူးပေါ့"

"သိပ်အထင်မကြီးဘူးပေါ့လေ ... "

"အဟဲ ... "

"ငါက ဖြစ်နိုင်ရင် ခပ်မြင့်မြင့်ပဲ မှန်းချင်တာ ... လူတိုင်းလုပ်နေတဲ့ အလုပ်မျိုးနဲ့တော့ ရောကောသောကောမပါချင်ဘူး ... "

"ကောင်းတယ်ဟ ... နင့်ရည်မှန်းချက်က မြောက်တယ်"

"ဘာ ... နင်က ငါ့ကိုမျောက်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး ... နင့်ရည်ရွယ်ချက်က မြင့်မားတယ်လို့ ပြောတာပါ ... "

"ငါ အောင်မြင်သွားရင် နင့်ကျေးဇူးတွေ မမေ့ပါဘူးဟာ ... နင့်ကိုလည်း ငါ့ပင်တိုင်ဓာတ်ပုံဆရာအဖြစ်နဲ့ ခေါ်ပြီး မြေတောင်မြှောက်ပေးမှာပေါ့ ... "





"မြေတောင်မြှောက်ရအောင် ငါက သစ်ပင်မှမဟုတ်တာ"

"နာမည်ကြီးအောင် လုပ်ပေးမယ်လို့ ပြောတာပါဟယ်"

"နာမည်ကြီးအောင်ဆိုရင် စာလုံးကြီးကြီးနဲ့ ရေးပေးလိုက်ရုံပေါ့ ... ငါက ဒါမျိုးတွေ မလိုပါဘူး ... နင် ငါ့ကိုမမေ့ရင်ပြီးရောပေါ့ ... "

ဘယ်မေ့ပါလိမ့်မလဲ။ သက်သာကဖြင့် ဘယ်မှထွက်[illegible]းဖို့မှမရှိတာ။ ဦးလေးတစ်ယောက် မီလန်မှာရှိတာအမှန်ဖြစ်ပေ[illegible] အဲဒီဦးလေးနဲ့က အဆက်အသွယ်ပြတ်နေတာကြာပြီ။ အဆက်[illegible]သွယ်ရှိတော့ရော ဟိုက အရပ်ခြောက်ပေနီးပါး၊ အရိုးအဆစ်ငေါ[illegible] ပါးရိုးထောင့်ကျယ်ကျယ်၊ မျက်ကွင်းဟောက်ဟောက်၊ ဆံပင်[illegible]ကြမ်းကြမ်းတွေနဲ့ ရင့်ရင့်မားမား ရုပ်ကြီးတွေကြားမှာ သက်သာ[illegible]အရပ်က ငါးပေသုံးလက်မ၊ ပေါင်ချိန်က ကိုးဆယ့်ရှစ်ပေါင်၊ မျက်[illegible]ာ လုံးလုံးသွယ်သွယ်၊ ခန္ဓာကိုယ်က သွယ်လျလျ ချောချော[illegible]မွတ်ကလေးနဲ့ ခပ်ညှက်ညှက်ကောင်မလေးတစ်ယောက်က[illegible]သို့ဝင်ဆန့်ပါမည်တဲ့လား။

မီးလျှံကတော့ အဲဒီလောက်အထိ လိုက်တွေးမနေ။ [illegible]ာ်ခင်းတစ်ခုလုံး သက်သာကို ဓာတ်ပုံတွေ လိုက်ရိုက်ပေးနေ[illegible]

www.burmeseclassic.com



ပြီး နေ့လယ်စာစားချိန်ရောက်တော့ ကန်တော်ကြီးထဲက ရှန်ဒ
အိန္ဒိယအစားအသောက်ဆိုင်မှာ သက်သာလိုက်ကျွေးသည့် သံပ
ထမင်းနဲ့ ကြက်သားဟင်းကို စားခဲ့ရတာကပဲ အရေးကြီးသည့်
အမှတ်တရဖြစ်နေလေပြီ။





မီးလှုံတို့ ညှော်ခန်းထဲမှာ အကျအနရောက်နေသော
ကန်ကို စိုးစံက မြင်ဖူးသလိုပဲလို့ မျက်မှောင်ကုတ်ကာ ကြည့်နေ
သည်။

ဟုတ်လောက်ပါတယ်။ ငါးကန်ရဲ့ ထောင့်ချိုးလေး
ကို ချုပ်ထားသည့် တြိဂံပုံ မှန်ဖြတ်စလေးတွေဟာ အပြာရောင်
ဖြစ်နေတာရယ်၊ ငါးကန်အောက်က သဲမြေပေါ်မှာ ဖြန့်ခင်းထားတဲ့
ကျောက်ခဲလေးတွေရယ်၊ ပိုပြီးတိကျ သေချာတာကတော့ ကန်ထဲ
က ငါးရဲ့ရုပ်။

ခေါင်းထိပ်မှာ အထုခံထားရလို့ ဘုသီးထွက်နေ
သလိုမျိုး အနီရောင်အဖု အဖောင်းတွေနဲ့ ရွှေရောင်ကိုယ်ထည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော ငါးကလေးဟာ သူကိုယ်တိုင် အပင်ပန်းခံပြီး ရွေးဝယ်ထား သည့် ငါးကလေးမို့ စိုးစံက ကောင်းကောင်းကြီးမှတ်မိနေသည်။

ဒါ သက်သာကို သူ လက်ဆောင်ပေးထားသည့် ငါး ကန်နဲ့ ငါးကလေးပဲ။ ဘယ်လိုလုပ်ပြီး မီးလျှံဆီရောက်နေရပါ လိမ့်။

မီးလျှံကတော့ ထိုငါးကန်ဟာ စိုးစံပေးထားတာ ဆိုတာကို မသိ။ သက်သာအိမ်မှာ တွေ့ဖူးနေကျ ငါးကန်ကို မှတ်မိနေတာပဲထင်လျက် ...

"အဟဲ ... အဲဒါ သက်သာရဲ့ငါးကန်လေးလေ ... ငါသဘော ကျတယ်ဆိုလို့ သူက လက်ဆောင်ပေးထားတာ ..."

"ဟုတ်လား ... ဘာအထိမ်းအမှတ်နဲ့လဲ ... "

"ဘာအထိမ်းအမှတ်မှ မဟုတ်ပါဘူး ... ငါက သူ့ကိုစာ တွေရိုက်ပေးလို့ ကျေးဇူးတင်တဲ့အနေနဲ့ ပြန်ပေးတာပါ ... ကျေးဇူးဆပ်တဲ့သဘောကြီးတော့လည်း မဟုတ်ပါဘူး ... ငါက လိုချင်တယ်ဆိုလို့ ပေးလိုက်တဲ့သဘောမျိုးပါ"

သူလိုလူကတောင်းလျှင် ဘာမဆို ရ,ရမယ်လေ။ အဲဒီလိုသဘောနဲ့ ကြွားဝံ့ဂုဏ်တင်ချင်နေသည့် မီးလျှံရဲ့ရုပ်ကြီး





အမြင်ကတ်စရာ။

ဒီကောင်ကလည်း ဘယ်လိုလဲ။ အစကတော့ သက်သာနဲ့ ပတ်သက်မိရင်ပဲ အထင်လွဲခံရမှာ ကြောက်လို့ ရှောင်နေ သလိုလို ဘာလိုလိုနဲ့။ အခု သူ့အနားမှာ မိပေါက်တစ်ယောက်လုံး ရှိကာမှ ...

"မင်းက သူ့ကို စာတိုက်ပေးတယ် ... ဟုတ်လား ... ဘယ်တုန်းကလဲ ... "

"သိပ်မကြာသေးဘူး ... မီလန်က သူ့ဦးလေးက မော်ဒယ် လုပ်ချင်ရင် ကူညီမယ် ... ဓာတ်ပုံပို့ပေးလိုက်ဆိုလို့ ကန် တော်ကြီးမှာ သွားရိုက်ကြတာ ... "

"နှစ်ယောက်တည်းလား ... မင်းကိုမှ လိုက်ရိုက်ပေးဖို့ သက်သက်ခေါ်တာလား ... "

"အေးကွ ... ငါက ဓာတ်ပုံရိုက်တာ တဲလင့်ရှိတယ်ဆိုပြီး တော့ ခေါ်တာ ... နှစ်ယောက်တည်းဆိုတာကတော့ကွာ လူပိုခေါ်ရင်လည်း ရှုပ်တာပဲ အဖက်တင်မှာဆိုတော့ ... "

ရှုပ်တာပဲ ... ။-ရှုပ်တာမဲ့တဲ့လား။

သက်သာဟာ ဓာတ်ပုံရိုက်ဖို့အတွက် သူ့ကိုခေါ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်းရှည်။ မီးလျှံရဲ့ခေတ်ပုံပညာဟာ သူ့ရဲ့ခေတ်ပုံပညာထက် ဘယ်လောက်မှ မသာဘူးလို့ စိုးစံက ကျိန်တွယ်ပြောရဲသည်။

နောက်ပြီး မီးလျှံကိုခေါ်မှဖြစ်မယ်ဆိုလည်း မီးလျှံရဲ့ ရည်းစားလည်းဖြစ်၊ သူမရဲ့ သူငယ်ချင်းလည်းဖြစ်သည့် မိပေါက်ကို ခေါ်ပါတော့လား။ မိပေါက်ပါလို့တော့ ဘယ်သူ့အကွက်မှ အနှောင့် အယှက်ဖြစ်မှာ မဟုတ်လောက်ပါဘူး။

"မိပေါက်ကိုခေါ်သွားလည်း ရသားပဲကွာ ... "

"အာ ... မိပေါက်ပါရင် တကယ့်အရှုပ်ကွ ... ဟိုလိုနေဝါ လား ... ဟိုလိုဝတ်ပါလား ... ဟိုနားရိုက်ပါလားဆိုပြီး ဝင် ဝင် ဩဇာပေးမှာ ... သူ့အကြံဉာဏ်တွေက တစ်ခုမှလည်း ဟုတ်တာ မဟုတ်ဘူး ... ပြီးတော့ သူ့ရုပ်ကြီးနဲ့ ဓာတ်ပုံက ဝင်ရိုက်ချင်ဦးမယ် ... အချိန်ကပိုကုန်ရော ... "

ပြောရက်လိုက်တာများ။ကိုယ့်ရည်းစားအရင်းခေါက် ခေါက်ကြီးကို 'သူ့ရုပ်ကြီး' တဲ့ 'တကယ့်အရှုပ်' တဲ့။

မီးလျှံဟာ သူသိပ်နှစ်သက်လှပုံမရသည့် သက်သက် သာကိုတောင်မှ အရေးတယူ တန်ဖိုးထားလှသည့်ပုံ ပေါက်နေပါ လျက် မိပေါက်ကိုကျတော့။





"မင်း မိပေါက်တို့ သဘောထားပုံကို ငါမကြိုက်ဘူးကွာ ... ကိုယ့်ရည်းစားကိုယ် တလေးတစား တန်ဖိုးထားမှ ဖြစ်မှာ ပေါ့ ... "

"မင်းကလည်း သိသားနဲ့ ... မိပေါက်ကို ငါ ဘာကြောင့် ရည်းစားတော်ထားသလဲဆိုတာ ... ဟား ... ဟား ... ဒီ လောက်တော့ အပြောခံရမှာပေါ့ကွာ ... သူ့ရုပ်ကြီးနဲ့ ငါလို ရုပ်မျိုးကို ရထားတဲ့ဟာ ... "

*"မင်းလိုရုပ် ... မင်းလိုရုပ်က ဘာမို့လို့လဲ ... ကိုယ့်ကိုယ် ကိုယ် ကင်းခွေဘာတွေဆိုပြီး အထင်တကြီးဖြစ်မနေနဲ့ ... အနှစ်မရှိတဲ့တောမို့ ကြက်ဆူပင်က မင်းမူနေနိုင်တာ ... ပြီးတော့ မင်းရဲ့ကလိန်ကကျစ်၊ အဆင့်အတန်းနိမ့်တဲ့ ရုပ်မျိုး ထက် မိပေါက်ရဲ့ ကြည်လင်ရှင်းသန်းတဲ့ ရုပ်ကလေးက ပိုပြီး သာတယ်ကွ ... "*

စိုးစံက စိတ်ထဲကနေ အော်ဟစ်ရန်တွေ့နေမိပေမဲ့ ယောက်ျားလေးချင်း ဒီလိုစကားမျိုးလည်း ပြောဖို့မကောင်းပေရာ အပြင်ပန်းမှာတော့ ဘာမှမဖြစ်သလို အောင့်ခံနေရလေသည်။

"ဟိုင ် ယောက်ကလည်း ဘာ ... မော်ဒယ်(လ်)ရပ်ဖို့...



www.burmeseclassic.com

ဟုတ်လား … ဘယ်မှာသွားလုပ်မှာ … ”

“မီလန်တဲ့ … ”

“ဟား … ဟား … မီလန် … ဟုတ်လား … ဒီကလေးဓ တော့ ကိုရီးယားကားတွေကြည့်ပြီး စိတ်ကူးအယဉ်လွန်ပြ နဲ့တူတယ် … ဒါမှမဟုတ် အီတလီက နာမည်ကြီးဘောလုံး သမားတွေကိုကြည့်ပြီး စိတ်ကူးယဉ်နေတာများလား မသိ ပါဘူး … သူလိုပုတုတု ပိန်ညှက်ညှက်နဲ့ ဖလံကလေးကများ အီတလီသွားပြီး မော်ဒယ်(လ်)လုပ်ဦးမယ် … ဟိုး … ဟိုး ကြောင်လိုက်တဲ့ အတွေးအခေါ်ကွာ … ဒါမှမဟုတ် မင်းကို သက်သက်နောက်လိုက်တာများလား”

“မင်းကလည်းကွာ … ငါကျတော့ မိပေါက်ကို ဘယ်လို ပြောတယ် ညာလိုပြောတယ်နဲ့ … မင်းကျတော့ သက်သာ ကို နှိမ်နေလိုက်တာ … ”

“အခြေအနေချင်းမှ မတူတာ … ”

“မင်းက သက်သာကိုကြိုက်နေတာ မဟုတ်ဘူးလား”

“မဟုတ်ဘူး … ”

ဘာကြောင့်များ သူ့ရဲ့အငြင်းစကားဟာ ဒီလောက်





ပြတ်သားတိကျပြီး သွက်လက်မြန်ဆန်ရပါလိမ့်။

ကိုယ့်ခံစားချက်ကို ရှက်လို့မဟုတ်ဘဲ တကယ် မဟုတ်လို့ကို ငြင်းဆန်လိုက်မိသည့်ပုံစံမျိုး။

“တကယ်နော် … ဒါဆို သက်သာ ဘယ်သူနဲ့ပဲ အဆင်ပြေ ပြေ မင်းစိတ်မပူဘူးပေါ့ … ”

“လူကောင်းသူကောင်း … သူ့အပေါ် လေးစားတန်ဖိုးထား တဲ့သူဖြစ်ရင် စိတ်မပူဘူးကွာ … ”

မီးလျှံက စိုးစံကို အကဲခတ်ကြည့်လိုက်သည်။ ဒီ ကောင်ပုံစံကတော့ တကယ့်ကို အခိုင်အမာ အမှန်အကန်ပြောနေ သည့်ပုံစံပဲ။ စိုးစံဟာ ပလီပလာလည်း သိပ်မပြောတတ်တာမို့ သူ့ စကားကို အမှန်လို့ပဲ ယူဆနိုင်သည်။

စိုးစံတစ်ယောက်တော့ တစ်ခုခုတော့ တစ်ခုခုပဲလို့ မီးလျှံက တွေးနေသည်။ တစ်ချိန်တည်းမှာပဲ မီးလျှံဟာ ပုံမှန်စိတ်ချ ထားလို့ရလောက်သည့် အနေအထားမှာ မရှိတော့ဘူးလို့ စိုးစံ ကလည်း တွေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com









အစည်းလိုက်ရောက်လာသည့် အင်္ကျီဒီဇိုင်းအသစ်တွေကို အမျိုးအစားမတူ၊ အရောင်မတူ၊ အရွယ်အစားမတူတာလေးတွေ တစ်ထည်စီရွေးလျက် ဟန်ဂါနဲ့ချိတ်ပြီး ဆိုင်ရဲ့မြင်သာထင်သာနေရာတွေမှာ ရှိုးပြဖို့ လိုက်ချိတ်နေရင်း မိပေါက်ရဲ့ မျက်လုံးအစုံက ဆိုင်အပြင်ဘက် မှန်တံခါးကို ဖြတ်ကာ လမ်းမပေါ်ရောက်သွားသည်။

သိပ်တော့ ဆန်းသည့်မြင်ကွင်းမဟုတ်ဘူးပေါ့။ ကားတစ်စင်းပေါ်ကနေ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်တို့ ဆင်းသက်လာကြသည့်မြင်ကွင်း။

အသစ်ဖွင့်တဲ့ ဂမုန်းပွင့်ရှော့ပင်းစင်တာမှာ မိပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အန်တီလေးက ဖက်ရှင်ဆိုင်တစ်ခု ဖွင့်ထားတာ။ အဲဒီဆိုင်မှာ မိပေါက်က ရှယ်ယာတစ်ဝက်ဝင်ပြီး ကိုယ်တိုင်လည်း ဆိုင်ထိုင်နေတာ။

ဆိုင်ဖွင့်တာ ငါးရက်လောက်ပဲရှိသေးပေမဲ့ဒီဆိုင်ကြီးကိုက ဖွင့်ကာစမို့ လူတွေစိတ်ဝင်စားကား တရုန်းရုန်းလာကြည့်ကြနိုက်မို့ မိပေါက်တို့ဆိုင်လည်း တော်တော်ရောင်းရသည်။ ဆိုင်ထဲဝင်လာပြီး ဘာမှမဝယ်သည့်တိုင် လျှောက်ကြည့်၊ မေးမြန်း၊ ဟိုဟာပြနိုင်း၊ ဒီဟာပြနိုင်း၊ ဈေးဆစ်လုပ်ကြသည့် ကောင်မလေးတွေကမနည်းမနောမို့ မိပေါက်နဲ့ အကူမိန်းကလေးနှစ်ယောက်တို့မှာ တော်တော်လေး အလုပ်ရှုပ်နေခိုက်ဖြစ်သည်။

ကားပေါ်က ဆင်းလာသည့် မီးလျှံနဲ့ သက်သာတို့နှစ်ယောက်ဟာ ခရီးကြုံလမ်းကြုံ အတူလာကြသည့် သူငယ်ချင်းတွေနဲ့မတူ။ သမီးရည်းစားစုံတွဲတွေနဲ့ပဲ တူနေသည်။ တစ်ယောက်ကို တစ်ယောက် တွန်းလိုက်တိုက်လိုက်နဲ့ ရယ်မောလျှောက်လာလိုက်ကြတာများ။

အရင်က ဒီနှစ်ယောက်ဟာ ဒီလောက် မရင်းနှီးပါဘူး။ တစ်ယောက်ကလည်း ကင်း၊ တစ်ယောက်ကလည်း ကွင်းဆို





တော့ သူငယ်ချင်းတစ်အုပ်စုတည်း ဖြစ်ပေမဲ့သည်း ကိုယ့်စတယ်လေးနဲ့ကိုယ် နေကြတာ။

အခု ... ဒီပုံဖြစ်နေတာဟာ ကိုယ့်မျက်လုံးတောင်ကိုယ်မယုံချင်။

“မပေါက် ... မပေါက် ... ဒီအင်္ကျီက လည်စည်းမဟုတ်ဘူးလား ... ခါးမှာစည်းလို့မရဘူးလေ ...”

“အေးပါဟ့ ... ငါသိပါတယ် ... ခါးစည်းနဲ့ဆို ဘယ်လိုနေမလဲ စည်းကြည့်တာ ...”

အကူအရောင်းဝန်ထမ်းကောင်မလေးပုလဲကတော့ ‘စည်းကြည့်တာ’ဆိုပေမဲ့ လက်ကသာ အင်္ကျီမှာရှိနေပြီး မျက်လုံးကတော့ ဆိုင်ပြင်သို့သာ ကျော်ငေးကြည့်နေသည့် မိပေါက်ကို သိပ်ပြီးယုံကြည်နိုင်ခြင်း မရှိပေ။

“လည်စည်းက သိပ်မှမရှည်တာ ... အင်္ကျီအလွတ်ကြီးကိုတော့ ခါးသေးသေးလေး စုသွားအောင် အတင်းဆွဲစေ့လို့ရချင်ရမယ် ... လူကိုယ်မှာ ဝတ်ထားရင်တော့ ခါးတစ်ပတ်စာမိမှာ မဟုတ်ဘူး ...”

“ငါသိပါတယ်ဆိုမှဟယ် ... ဒီဖိုင်းတစ်မျိုးများ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ပါ ... ငါက ဒီအင်္ကျီတွေရောင်းရင်းနဲ့ ဒီဇိုင်နာပါ တွဲလုပ်ချင်ပို့ လေ့လာနေတာ ... ”

ပါးစပ်ထဲ တွေ့ရာတွေ လျှောက်ပြောနေပေမဲ့လည်း မပေါက် တကယ်မဟုတ်ဘူးဆိုတာတော့ ပုလဲက သိနေပြီးသား။

“ဩော် ... မပေါက် ... ဟို ခါကစ်ဝက် ပိုးတစ်ဝက်ခါးရှည် အင်္ကျီလေးကလေ ... အန်တီပြောတော့ သုံးသောင်းခွဲဆို တာ ... အဲဒါဆိုင်ဖွင့်ပွဲ အထူးဒစ်(စ်)ကောင့် အနေနဲ့ သုံး သောင်းနှစ်ထောင် လျှော့ရောင်းပါတဲ့ ... နောက်ပြီး ပိုး လည်စည်းနဲ့တစ်တွဲပါတဲ့ အပွင့်ကျားလေးတွေဟာလေ ... အဲဒါလေးဝယ်ရင် ပိုးလည်စည်းကိုစုထိုးဖို့ ရင်ထိုးလေးတွေ လည်း လက်ဆောင်ပေးလိုက်ပါတဲ့ ... သက်သက်ရောင်း မနေနဲ့တဲ့ ... ”

“ဩော် ... ပုလဲရယ် ... အဲဒါများ စောစောကပြောရော ပေါ့ ... ”

ခုမှပြောတော့ ဘာဖြစ်သေးလို့လဲ ... ။ ဆိုင်ကဖွင့် ခင်းတောင် မခင်းရသေးတဲ့ဟာ။ ဘယ်သူ့ကိုမှလည်း ဈေးတင်ပြီး မရောင်းမိသေးပါဘူး။ သူမရဲ့ဆိုင်ရှင်ဟာ နဂိုစိတ်က ဖရိုဖရဲဖြစ်နေ





ာကို ဘုံးကွယ်ဖို့အတွက် ပါးစပ်ထဲတွေ့ကရာတွေ လျှောက်ပြော ာတော့တာပဲဟု ပုလဲက တွေးနေသည်။

မီးလျှံနဲ့ သက်သာတို့က ဆိုင်ရှေ့ကိုဖြတ်လာနေပြီ။ ပေါက် ဒီမှာဆိုင်ဖွင့်နေတယ်ဆိုတာ မိပေါက် အခု ဘာလုပ်နေ ာလဲလို့ အမြဲစပ်စု စောင့်ကြည့်နေတတ်သည့် စိုးစံတစ်ယောက် ည်းပဲသိတာ။

ဒီနှစ်ယောက်က မိပေါက်ရှိလို့ လာတာဆိုရင်တော့ ကြောင်းမဟုတ်သေး။

သူတို့ဘာသာလာကြတာဆိုရင် ...

အို ... ။

သူငယ်ချင်း အရင်းခေါက်ခေါက်တွေကို မတွေး ာင်းတဲ့ အတွေးတွေ မဝင်စမ်းပါနဲ့။

မိပေါက်တစ်ယောက်တည်း အတွေးတွေရှုပ်နေစဉ် မီးလျှံနဲ့ သက်သာတို့နှစ်ယောက်ကတော့ တစ်ဆိုင်ဝင်တစ်ဆိုင် ာ်ကြည့်ရင်း မိပေါက်ဆိုင်နား‌ကို မသိလိုက် မသိဘာသာပဲ ာက်လာတော့သည်။

အသစ်ဖွင့်သည့် ဂုမုန်းပွင့်မှာ မိပေါက်ဆိုင်ဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတာ စိုးစံကတစ်ဆင့် သက်သာက သိထားပါသည်။ မီး[illegible]
ကတော့ မသိ။ သိများသိလျှင် ဒီနေရာကို သက်သာနဲ့ နှစ်ယော[illegible]
တွဲကာ လာရဲမလား မလာရဲဘူးလား ဆိုတာတော့ မသိနိုင်[illegible]
သက်သာကတော့ မသိဟန်ဆောင်ကာ တမင်တကာကို ခေါ်[illegible]
ခဲ့တာ။

Wear and fair ဆိုသည့် ဆိုင်းဘုတ်ရှေ့နားရောက်[illegible]
သက်သာက ခပ်ဆိုင်းဆိုင်းလုပ်လိုက်ကာ ...

"ဒီဆိုင်က နာမည်ကြီးပဲ ... ခဏဝင်ကြည့်ရင်ရမလား ...
ဆိုင်ဖွင့်ပွဲအထူးပရိုမိုးရှင်း ရှိတယ်လို့ သတင်းရထားလို့"

"နင်တို့မိန်းကလေးတွေကတော့လေ ... "

မီးလှုံ့အသံက စိတ်မရှည်သည့်အသံ။ သက်သာ[illegible]
အိမ်အပြန် လမ်းကြုံလိုက်ပါရစေဆိုပြီး လိုက်လာခဲ့တာ။ ဒီ[illegible]
ရောက်တော့ ဂမုန်းပွင့်အသစ်ဖွင့်တာ ဝင်ကြည့်ချင်သေးသည်[illegible]
အခွန့်တက်ပြန်ရော။ အထဲရောက်တော့လည်း ခပ်မြန်မြန်ကြ[illegible]
မဟုတ်။

ကောင်မလေးတစ်ယောက် အကျီဆိုင်ထဲရော[illegible]
သွားလျှင် (အထူးသဖြင့် ပရိုမိုးရှင်းရှိတယ်လို့ ကြော်ငြာခံထား[illegible]





ဆိုင်) တော်ရုံနဲ့ ပြန်ခေါ်လို့မရတတ်တော့တာ ကိုယ်တွေ့ကြုံဖန်
များလို့ မီးလှုံ့ကသိနေပြီ။

"မေမေက ငါ့ကို သူကိုယ်တိုင်ပဲ ဝယ်ပေးတာဟ ... ဆိုင်
တွေ သိပ်လိုက်ပို့တာ မဟုတ်ဘူး ... ပို့လည်း ဗိုလ်ချုပ်ဈေး
ပဲပို့တာ ... ဒီလိုစူပါမားကတ်တွေ ရှော့ပင်းစင်တာတွေဆို
ငါ သိပ်ရောက်ရတာ မဟုတ်လို့ပါ ... "

ဒီစကားကတော့ အမှန်ပြောတာ။ မီးလှုံ့ကလည်း
မှန်မှန်းသိသည်။

သက်သာရဲ့အမေဟာ သူ့သမီးကို ဘယ်လောက်
ချုပ်ချယ်သည်ဆိုတာ သူငယ်ချင်းတွေအားလုံးအသိ။

"ငါက သွားစရာဘာရှိသေးလို့ဟ ... "

"ဂိမ်းစင်တာပဲ မဟုတ်လား ... "

"ဟဲ ... ဟဲ ... "

မီးလှုံ့က သွားဖြဲကာ ရယ်ပြလိုက်စဉ် သက်သာက
လည်း ဘာမှရယ်စရာ မဟုတ်သော အကြောင်းအရာလေးတစ်ခု
ကိုပဲ တဟားဟားရယ်မောပစ်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့
ဆိုင်ရှေ့နားမှာ ထွက်ရပ်နေသော မိပေါက်ကို လှမ်းတွေ့နေရပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ။

"ဟယ်တော် ... "

ရယ်နေရင်းက စွေစောင်းချောင်းမြောင်းနေရသော သက်သာရဲ့မျက်ဝန်းတွေက မိပေါက်မျက်လုံးနဲ့ တန်းခနဲဆုံလိုက်မိပြီဆိုမှ သူခိုးလူမိသော ရှက်ကိုးရှက်ကန်း၊ မနေတတ်မထိုင်တတ် နိုက်တင်ကို ပစ်ချိုးလိုက်ကာ ...

"ရှေ့ကဆိုင်ထဲမှာ မိပေါက်တော့ ... "

သက်သာက ပြုံးပြုံးပျာပျာ လုပ်ပြလျှင် မီးလျှံကလည်း မိပေါက်နဲ့တွေ့တာဟာ အရေးတကြီး ပြေးရပုန်းရမည့်ကိစ္စလိုပဲ လန့်လန့်ဖျပ်ဖျပ်ကြီး ဖြစ်သွားကာ ...

"ဘယ်မှာလဲ ... ဘယ်မှာလဲ ... "

"ရှေ့ကဆိုင်ထဲမှာ ... လာလေ ... တွေ့နှုတ်ဆက်သွားနှုတ်ဆက်ကြရအောင် ... "

"ငါ မလိုက်ချင်ဘူး ... "

"ဘာဖြစ်လို့လဲ ... "

"မသိဘူး ... မိပေါက်နဲ့ မတွေ့တာလည်း တော်တော်ကြာနေပြီ ... သူနဲ့ခုနေစကားပြောရင် ကြာနေမှာပေါ့ ... "





"လာပါဆို ... ခဏပဲပြောပြီး ပြန်ကြတာပေါ့ ... လာခဲ့ပါ"

သက်သာက မီးလျှံကိုဆွဲပြီး မိပေါက်ရဲ့ဆိုင်ထဲကို ခေါ်လာခဲ့လိုက်သည်။

မိပေါက်ကတော့ သူတို့နှစ်ယောက် ဘာတွေပြောလို့ ဘာတွေဖြစ်နေကြမှန်းလည်း မသိ။ ကိုယ့်ဆိုင်ရှိရာဘက်ကို သူတို့နှစ်ယောက် တန်းတန်းမတ်မတ် လျှောက်လာတာတွေ့လို့ ဘာလုပ်ရမှန်း မသိလောက်အောင် ပျာပျာလောင်လောင်ဖြစ်သွားရလေသည်။

"ပုလဲရေ ... ပုလဲ"

"ဘာလဲ မပေါက် ... ဘာဖြစ်လို့လဲ"

"ဟိုဒင်း ... ဟိုလေ ... ဘာ ... ဘာမှ မဟုတ်တော့ဘူး"

ဘာမှသာ မဟုတ်တယ် မျက်လုံးအစုံက ပြူးထွက်လျက် လူက တုန်တုန်ရီရီနဲ့။ ကြွေးရှင်ကပဲ လိုက်လာသလား။ ဒါမှမဟုတ် သူဆိုင်ထိုင်နေတာကို မတွေ့စေချင်သူနဲ့ပဲ တွေ့နေရပြီလား မသိ။

ပုလဲက အင်္ကျီအိတ်တွေကို ဗီရိုတွေထဲ စနစ်တကျ ထည့်သိုနေရာက လှမ်းကြည့်လိုက်လျှင် ဆိုင်ထဲသို့ စုံတွဲတစ်တွဲဝင်

www.burmeseclassic.com



လာတာကို တွေ့လိုက်ရလေသည်။

"မိပေါက် တစ်ယောက်ဘည်းလား ... "

အပြစ်ကျူးလွန်သူနဲ့ ကျူးလွန်ခံရသူနှစ်ယောက်မှာ ကျူးလွန်ခံရသူ မိပေါက်က ရက်ရက်နဲ့ ခေါင်းကြီးစွက်ငုံ့ထားပြီး သက်သာကတော့ ကြောင့်ကြောင့်မော့မော့ သက်သောင့်သက်သာ နဲ့ပဲ နှုတ်ဆက်နိုင်လေသည်။

"မဟုတ်ဘူး ... ပုလဲရှိတယ် ... ချိုချိုလည်း ခဏနေရင် လာတော့မှာ ... "

ငါ့ဖလုပ်ရှင်မမဟာ တော်တော်အူကြောင်ကြောင် နိုင်တာပဲဟု ပုလဲက တွေးလိုက်မိသည်။

တစ်ဘက်လူမေးလိုက်ပုံက ဒီဆိုင်မှာဈေးလာဝယ် နေတာ အထင်နှင့် တစ်ယောက်တည်းလာတာလား၊ အဖော်နဲ့လား လို့မေးလိုက်သည့်ပုံ။ မိပေါက်ပြန်ဖြေလိုက်တာကတော့ ဒီဆိုင်ထိုင် တာ သူတစ်ယောက်တည်းမဟုတ်၊ အကူနှစ်ယောက်ရှိပါသေးသည် တဲ့။ ရယ်စရာမကောင်းဘူးလား။

"မီးလျှံနဲ့ လမ်းကြုံလိုက်လာတာလေ ... ဒီနားကဖြတ်တော့ ဆိုင်အသစ်ကိုရောက်ဖူးအောင်ဆိုပြီး ... "





"ဟုတ်လား ... ဒါ ငါ့ဆိုင်လေ ... "

"နင့်ဆိုင် ... နင်က ဆိုင်တွေ ဘာတွေဖွင့်လို့ ... ဟုတ်လား"

"အမှန်ကတော့ ငါ့အဒေါ်ဆိုင်ပါ ... ဆိုင်ခွဲတွေအများကြီး ရှိတယ်လေ ... ဒီမှာဆိုင်သစ်ဖွင့်တော့ ငါလည်းရှယ်ယာဝင် ပြီး ကိုယ်တိုင်ဝင်ထိုင်တာ ... "

"တယ်ဟုတ်ပါလား ... နောက်ဆို မေမေ့ကိုပြောပြီး နင့် ဆိုင်ကို လာဝယ်ရမယ် ... "

"ခုလည်း ကြုံတုန်းကြည့်သွားလိုက်ဦးလေ ... မီးမီးလည်း ခဏထိုင်ပါလား ... "

"နင်တို့ပဲ ကြည့်ကြဦးပေါ့ ... ငါ ခဏသွားဦးမယ်"

"နေပါဦးလား မီးမီးရယ် ... ငါတို့မတွေ့ရတာတောင် ကြာ ပြီ ... နင့်ကို ငါဆိုင်ဖွင့်မဲ့အကြောင်းတောင် မပြောရသေး ဘူး ... "

စိတ်ရှုပ်နေသည့်မီးလျှံက ကိုယ့်အပြစ်ကို သူ့အပြစ် ...ပ်ရအောင် ရှောင်ထွက်ဖို့လမ်းစတွေ့သွားသည့်ပုံနှင့်။

"နင်က ငါ့ကိုတောင်မတိုင်ပင်ဘဲ လုပ်တုန်းက လုပ်ထား ပြီးတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက အန်တီလေးနဲ့ တွဲပြီးအလုပ်လုပ်ဦး[illegible]
လို့ နင့်ကို ငါပြောထားဖူးပါတယ် ... ခုတလောက ဆိုင်[illegible]
ဖို့ အဆင်သင့်ပြင်ရတာရော ... အထည်တွေမှာရ ရွေး[illegible]
ရော အလုပ်တွေမျိုးစုံရှုပ်နေတာနဲ့ ... ညဘက်အားလို့ [illegible]
ဆီ ဖုန်းလှမ်းဆက်ရင်လည်း ဖုန်းပိတ်တာနဲ့ အိမ်ဖုန်း[illegible]
တော့လည်း နင်အိပ်နေတာကတစ်မျိုး ... ပြန်မလာ[illegible]
ဘူးဆိုတာကတစ်မျိုး ... "

"သြော ... ငါ့အပြစ်ပဲပေါ့ ... "

"နင့်ကို အပြစ်မတင်ပါဘူး ... ငါမပြောဖြစ်တဲ့အကြောင်း[illegible]
ရှင်းပြတာပါ ... ပြီးတော့ ဒါ ကောင်းရောင်းကောင်း[illegible]
အလုပ်,လုပ်တာပဲဟာ ... နင့်ကို မတိုင်ပင်ဘဲလုပ်[illegible]
လည်း အပြစ်ဖြစ်မယ်လို့ ငါကမထင်ပါဘူး ... "

"တိုင်ပင်စရာမလိုဘူးလို့ ဆိုလိုတာပေါ့ ... "

"ဒီလောက်ကြီးလည်း မပြောရသေးပါဘူးဟယ် ... "

"အေးလေ ... မီးလျှံကလည်း မိပေါက်က အကောင်း[illegible]
ခဲနေတာကို အကောင်းနားထောင်မှပေါ့ ... "

မီးလျှံက မျက်နှာကို တမင်လွှဲထားလိုက်သည်။





တကယ်တော့ သူ့မှာရန်ဖြစ်ချင်စိတ် ကြီးကြီးမားမားမရှိပါ။ မိပေါက် ဆိုင်ဖွင့်တာမဖွင့်တာကို စိတ်မဝင်စားသလို သူ့ကိုတိုင်ပင်တာ မတိုင်ပင်တာကိုလည်း ဂရုမစိုက်ပါ။

ဒါဖြင့် ဘာကြောင့် အလကားသက်သက် ရစ်ကြောရှည်နေရသလဲဆိုလျှင် မိပေါက်နဲ့သူစကားကောင်း သိပ်မပြောချင်တော့လို့ပါပဲ။

မိပေါက်လိုမိန်းကလေးကို ချစ်သူတော်ထားရတာ ပျင်းလာပြီ။ ရုပ်ရည်လေးကကြည့်လို့ ကြည့်နူးစရာမကောင်းရသည့်ကြားထဲ သူများတကာလို ချွဲချွဲနွဲ့နွဲ့ တီတီတာတာလည်းမရှိ။ အသံက ရူးရူးပျာပျာနဲ့ စကားပြောလည်း တုံးတိတိ။

မိပေါက်ရဲ့ပိုက်ဆံတွေကလည်း မီးလျှံကို ဖြားယောင်းနိုင်တော့။ ပိုက်ဆံစုံ့စုံ့ပို့ပို့လေး သုံးရဖို့အတွက် မိပေါက်လိုမိန်းကလေးတစ်ယောက်ကို သည်းခံနေရမည့်အစားတော့ သူငယ်ချင်းတွေကြားမှာ မသုံးနိုင်မစွဲနိုင်၊ ချွေးချွေးတာတာနေရသည့်ငမွဲကောင်ဘဝနဲ့နေပြီး ကိုယ်ကြိုက်ရာကောင်မလေးကိုပဲ လွှတ်လွှတ်လပ်လပ် တွဲလိုက်ချင်တော့သည်။

"နား[illegible] ခင်ချင်တာပဲ ... သူကမှ ငါ့ကိုမှဂရုမစိုက်[illegible]ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကန့်ကွက်ချင်လို့လား ..."

တကယ်ကတော့ ကန့်ကွက်ဖို့ ထောက်ခံဖို့ မီးလျှံမှာဘာစိတ်ကူးမှမရှိ။ သို့သော် အခုနေကန့်ကွက်လိုက်လျှင် မိပေါက်က ကြိုက်မှာမဟုတ်တာမို့ အငြင်းအခုန်တွေဖြစ်ရမည်။ ပြဿနာတစ်ရပ်ကို ဖန်တီးချင်နေခိုက်မို့ မီးလျှံက ...

"ဒါပေါ့ ... နင်အလုပ်လုပ်မှာကို ငါမကြိုက်ဘူး ..."

"ဟင် ... ဘာဖြစ်လို့လဲ ... ငါ့မှာ ကိုယ်ပိုင်ဝင်ငွေရှိလာတော့ ပိုမကောင်းဘူးလား ... နင့်အတွက် လက်ဆောင်ဝယ်ချင်တာကအစ နင်နဲ့ဆိုင်ထိုင်ရင် ငွေရှင်းဖို့ကအစ မိဘဆီက တောင်းမသုံးဘဲ ကိုယ့်ဝင်ငွေနဲ့ကိုယ် သုံးရတော့ ပိုလိပ်ပြာသန့်တာပေါ့ ..."

ကြည့်စမ်း ... ။ မိပေါက်ဟာ ငါ့ကို သက်သာရှေ့မှာ ဒေါက်ဖြုတ်လိုက်တာများ၊ ပြောနေပုံကိုက မီးလျှံနဲ့အတူသွားလျှင် ကုန်ကျသမျှ စရိတ်အားလုံး သူမပဲ ကျခံရသည်လို့ တည့်တည့်ခြောမချလိုက်ရုံတမည်ပဲ ကျန်တော့သည်။

ဒါတောင် ...

"နင်ယူသုံးဖို့ ပိုက်ဆံလည်း ပိုထွက်တာပေါ့ ..."





ဆက်ပြောလိုက်သေးများ။ မီးလျှံကို နည်းနည်းလေးမှ အသုံးမကျတဲ့ကောင် ဖြစ်သွားအောင် သေသေချာချာကြီးပြောပစ်လိုက်တာပဲ။

သက်သာကို သူငယ်ချင်းတစ်ယောက်အနေနဲ့တုန်းကတော့ သိပ်မရှက်ခဲ့သော်လည်း အခုလို သူ့ဘက်က ကိုယ့်အပေါ် ဘာလိုလို အထာပေးတာ ကိုယ့်ဘက်ကလည်း စိတ်ကစားစပြုလာသည့်အချိန်မှာတော့ မီးလျှံက ရှက်ရကောင်းမှန်း သိတတ်လာပြီ။ ဒီတော့ မိပေါက်ကို ပိုပြီးစိတ်နာမိတော့တာပင်။

"မိပေါက်ကလည်းဟယ် ... ဒါမျိုးမပြောရဘူးဟဲ့ ... ဘေးက ကောင်မလေးတွေ ကြားသွားတော့ မီးလျှံကိုဘယ်လိုထင်မလဲ ... နင်က အပြောမတတ်လို့ တုတ်ထိုးအိုးပေါက်ပြောပစ်တယ်ဆိုပေမဲ့လည်း မီးလျှံရဲ့သိက္ခာကိုတော့ ငဲ့ရမှာပေါ့"

သက်သာကစေတနာနဲ့ဝင်ဆုံးမသလိုလိုနဲ့မီးလောင်ရာ လေပင့်လုပ်ပေးလိုက်သေးသည်။

"တော်ပါပြီဟာ ... ပြောပြမှ နားလည်တာလည်း မကောင်းပါဘူး ... ဒီတစ်ယောက်ဟာ အစကတည်းက အလိုက်ကန်းဆိုးကို ဘာတတ်တာ ... ကဲ ... လာ ... လာ ... ဒီနိုင်က



www.burmeseclassic.com

www.burmeseclassic.com



နင့်သူငယ်ချင်းဆိုင်ဆိုတော့ နောက်မှ နင့်ဘာသာလာကြည့် တော့ ... အခုကတော့ ငါပြန်မယ် ... နင်လိုက်ချင်တယ် ဆိုရင် အခုလိုက်ခဲ့ ... ”

“မီးမီး ... ဟဲ့ ... မီးမီး ... နင် ငါ့ကိုစိတ်ဆိုးသွားတာလား”

“တော်စမ်းဟာ ... အဲဒီလိုခေါ်တာကြီးလည်း ငါမကြိုက်ပါ ဘူး ... လူကိုအခြောက်ကြီးလိုလို ဘာလိုလို ... သက်သက် နာမ်နှိမ်ပြီးခေါ်တာ ... ”

“ငါ့ယောက်ျားလေးသူငယ်ချင်းတိုင်းကို ငါက အဲဒီလိုပဲ ခေါ် နေကျပါ ... စိစိဆိုလည်း ... ”

“အေး ... စိုးစံကတော့ နင့်အတွက်ဆို အသက်ပင်သေသေ ဆိုတဲ့ကောင်မျိုးကို ... ငါကတော့မကြိုက်ဘူး ... သည်းမခံ နိုင်ဘူး ... ”

“စိုးစံကတော့ နင့်အတွက်ဆို အသက်ပင်သေသေ ဆိုတဲ့ကောင် ... ”။ ထိုစကားတစ်ခွန်းက သက်သာရင်ကိုဆောင့် ကန်လိုက်သလိုပဲ။

ဒီအကြောင်းတွေကို သူမသိသလို မီးလျှံလည်းသိနေ တာပါလား။





မိပေါက်အပေါ် သနားစိတ်ကလေး နည်းနည်း လောက်ဝင်လိုက်ချင်တာတောင် ပျောက်ကာ ဒီထက်ပိုပြီး ခံစားရဖို့ ထိုက်တန်တယ်လို့ပင် တွေးလိုက်မိသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com









မိပေါက်ရဲ့အမေ အန်တီဦးရဲ့မျက်လုံးအကြည့်တွေနဲ့ တည့်တည့်မတိုးစိမ့်သောဟာ စိုးစံကခေါင်းကိုငုံ့ချထားလိုက်ရပါသည်။

အန်တီဦးဟာ သူမြင်ဖူးသမျှထဲမှာတော့ သဘောအကောင်းဆုံး အမျိုးသမီးကြီးပါ။ မိပေါက်လိုပဲ ရိုးသားအေးချမ်းလျက် အရာရာကို နားလည်သည်းခံနိုင်စွမ်းရှိသည်။ သူ့ဘက်က ဘာဖြည့်ပေးရမလဲ၊ ဘာလုပ်ပေးရမလဲဆိုတာလောက်ပဲ ကြည့်တတ်ပြီးငါ ဘာရမလဲဆိုတာမျိုး ဘယ်တော့မှ မကြည့်တတ်သူ။

အရင်ကဆို အန်တီဦးဆိုတာ စိုးစံတို့က အဒေါ်အားချင်း တစ်ယောက်လို တရင်းတနှီးပေါင်းကာ နောက်ပြောင်ကျီစယ်



www.burmeseclassic.com

www.burmeseclassic.com



နေကျ။ ပြောရဲဆိုရဲရှိနေကျ။

ဒီတစ်ခါတော့ ကိုယ့်ဘက်က အပြစ်မရှိပါဘဲနဲ့ကို အန်တီဦးနဲ့ ရင်မဆိုင်ရဲလောက်အောင် ဖြစ်နေသည်။

"သား ... အန်တီ့ကို မှန်မှန်ပြောစမ်းပါကွယ် ... သမီးနဲ့ မီးလျှံက အဆင်မပြေကြဘူးလား ... "

ပွင့်လင်းသည့်မိပေါက်က သူမနဲ့မီးလျှံ ချစ်သူဖြစ်နေတာကိုဖွင့်ပြောထားသည်။ ချစ်သူဆိုပေမဲ့လည်း သူငယ်ချင်းတွေလိုပဲ ပေါင်းသင်းဆက်ဆံနေကြတာမို့ လူကြီးတွေအတွက် မကြိုက်စရာလည်း မရှိပေ။

လူငယ်ချင်း အဆင်ပြေနေကြလျှင် သဘောတူကြည်ဖြူမှာပဲ ဖြစ်ပေမဲ့ သမီးဖြစ်သူမျက်နှာ မကြည်လင်သည့်အခါကျတော့လည်း မိခင်ပီပီ စိတ်ပူကာ ဟိုဒီလျှောက်စုံစမ်းရပြီပေါ့။

"ဟိုလေ ... အဆင်မပြေဘူးရယ်တော့လည်း မဟုတ် ... ဟို ... ဟာ ... ကျွန်တော်လည်း သိပ်တော့မသိဘူးခင်ဗျ... မီးလျှံနဲ့မတွေ့ဖြစ်တာကြာပြီ ... "

"စန်းစန်းဝင်းလာတုန်းက မေးကြည့်တော့ သူလည်းမသိဘူးတဲ့ ... သားကတော့ သမီးနဲ့အမြဲတွေ့နေတာဆိုတော့ သိ





လိမ့်မယ် ထင်လို့ကွယ် ... "

"ကျွန်တော်လည်း သိပ်တော့မသိပါဘူး အန်တီဦး ... မိပေါက်အရင်ကတော့ ပျော်နေတာပါ ... "

"အန်တီတို့က သမီးလေးကို ပျော်စေချင်တယ်ကွယ် ... ပွင့်ပွင့်လင်းလင်းပြောရရင် အချစ်ရေးမှာ ကံကောင်းစေချင်တယ်ပေါ့ ... သူတို့ ဟို ... လက်ထပ်ဖို့တွေ ဘာတွေစဉ်းစားထားပြီး လူကြီးတွေကို မပြောရဲလို့များလား ... ဒါမှမဟုတ် ယောကျ်ားလေးဘက်ကပြောရခက်နေလို့လား၊ မီးလျှံအဖေက တစ်မျိုးကြီးမဟုတ်လား ... "

လူကြီးတွေကတော့ သူတို့အတွေးနဲ့သူတို့ပဲ။ လူငယ်ကြားမှာ ဖြစ်တတ်သည့် အသေးအဖွဲ ပြဿနာလေးတွေကိုမြင်။ သူတို့ထင်လိုက်လျှင် မိုးလောက်ကြီးသည့် ပြဿနာတွေ ည်းပဲလို့ ထင်နေကြသည်။

ဒါလည်း လူကြီးနဲ့ ခေတ်လူငယ်တွေရဲ့ ကွာခြားမှုနေမှာပေါ့။ လူကြီးတွေကတော့ ပြဿနာကြီးကြီးမားမားမှ စိတ် င်စားသည်။ လူငယ်တွေကတော့ ဆံပင်တစ်ချောင်း ဖွာထွက်နေ ာ၊ ကျောပိုးအိတ်က ခလုတ်တစ်ခု ပြုတ်ထွက်နေတာ၊ အကျႌ

www.burmeseclassic.com



ကြယ်သီးတစ်လုံး ပြုတ်နေတာ၊ ကီးချိန်းတစ်ခု ပြုတ်ကျသွားတာ နှာခေါင်းတည့်တည့်မှာ ဝက်ခြံပေါက်နေတာ၊ ကားရှေ့စက်ဖုံးပေါ် ကျိုးကန်းချိုးပါချသွားတာ စသည့် အသေးအဖွဲလေးတွေကိုတောင် ပြဿနာလို့ ထင်နေကြတာ။

"သူတို့က လက်ထပ်ဖို့လောက်အထိတော့ ပြောဆိုရဦးမှာ မဟုတ်သေးပါဘူး ... အခုတလောတော့ မိပေါက်က အကို ဆိုင်ဖွင့်ဖို့နဲ့ အချိန်ကုန်နေတော့ မီးလျှံနဲ့ မတွေ့ဖြစ်တာနဲ့ ပဲ တစ်ခုခုဖြစ်ကြသလားမှ မသိတာ ... "

"ဒါကတော့ ဘဝအတွက် အလုပ်လုပ်နေတာပဲကွယ် ... သမီးက ကျောင်းမပြီးခင်ကတည်းက အလုပ်လုပ်ချင်နေတာ ... သူ့အဒေါ်ကလည်း ဆိုင်ခွဲတစ်ခု ဖွင့်ဖို့ရှိတော့ အတော်ပဲဖြစ်သွားတာကိုး ... သူလည်း ပျော်ရွှားလေး ပဲကွယ် ... သူ့အလုပ်သူလုပ်ရင်လုပ် ... မလုပ်လည်း သမီး စီးပွားရှာချင်တာကို ကန့်ကွက်ဖို့တော့ မရှိပါဘူး ... "

ဒုက္ခပဲ။ ငါတော့ ချောက်တွန်းမိသလို ဖြစ်သွားပြီ ထင်တယ်။

စိုးစံကတော့ ဖာဖာထေးထေး ပြောလိုက်တာပါ





ဟကယ်ဖြစ်နေသည့် ပြဿနာဟာ မီးလျှံဘက်က မိပေါက်ကိုမလိုချင်တော့လို့ ကြဖန်ရစ်နေသည့် ပြဿနာပဲရှိသည်။ ဒါကိုတော့ လူကြီးတွေ ပေးသိလို့ ဘယ်ဖြစ်ဦးမှာလဲ။

"ဒီလောက်တောင် မတွေ့ရမနေနိုင်ဖြစ်နေတယ်ဆိုလည်း သူတို့လည်း ဘွဲ့ရပြီပဲ ... အိမ်ထောင်ချပေးလိုက်လို့ရနေပြီ ... ကောင်းလေက အလုပ်လိုချင်တယ်ဆိုလည်း သူ့အဖေ ရှာပေးရင်ပေး ... မပေးလည်း အန်တီတို့ဘက်မှာ လုပ်ငန်းက အစုံ ... နေရာကောင်းကောင်းတစ်ခုတော့ အချိန်မရွေး စီစဉ်ပေးလို့ရတယ် ... "

ဟိုက် ... ။ မြတ်စွာဘုရား။ အကျိုးတော့ များပါပြီ။

သမီးရည်းစားဘဝနဲ့ ရှေ့ဆက်လက်တွဲဖို့တောင် အတော်ကြီး ဝန်လေးနေသည့် မီးလျှံကိုများ သူတို့လုပ်ငန်းတစ်ခုမှ ထဲမှာ နေရာချပေးပြီး သူတို့သမီးနဲ့ အိမ်ထောင်ချပေးတော့မလို့တဲ့။ မီးလျှံဘကြားလို့ကတော့ သေလောက်အောင် စိတ်ညစ်ရှာပေလိမ့်မည်။

"အိမ်ထောင်ပြုဖို့ကတော့ အန်တီရယ် ... သူတို့က ငယ်သေး



www.burmeseclassic.com

www.burmeseclassic.com



တော့ လွတ်လွတ်လပ်လပ် နေချင်ကြဦးမှာပဲလေ ... အိမ်ထောင်သည်ဆိုတဲ့ အသိစိတ်ကြီးနဲ့ နေရတာက သိပ်မလွယ်လှဘူး မဟုတ်လား ... "

စိုးစံက လူကြီးစကားပြောကြည့်လိုက်သည်။ ကိုယ်မွေးတဲ့မီးဆိုတော့ ကိုယ်ပဲပြန်ငြိမ်းရမှာလေ။ သူ့ဘာသာ အေးအေးဆေးဆေးနေကြသည့် လူကြီးတွေရဲ့ခေါင်းထဲကို အိမ်ထောင်ချပေးဖို့ အသိအတွေးကြီး ဝင်လာစေတာက စိုးစံရဲ့အပြောမတတ်မှုက စ,တာပဲ မဟုတ်လား။

"အဲဒါခက်တာပေါ့ ... မင်းတို့ကလေးတွေဟာ တာဝန်ဝတ္တရားရဲ့ ချုပ်နှောင်မှုကို မခံနိုင်ကြဘူး ... ကိုယ့်တာဝန်ကိုယ်မယူချင်ကြဘူး ... ဒါကို သည်းခံခွင့်လွှတ်ထားလို့တော့မဖြစ်ဘူးကွဲ့ ... သူတို့ကို လေ့ကျင့်သင်ကြားပေးတဲ့အနေနဲ့ တာဝန်ကို တစ်ဆင့်ချင်းယူခိုင်းမှရမယ် ... ဒါမှ သူတို့အတွက် ကောင်းမှာ ... ချက်ချင်းလက်ထပ်ပေးတာ မဟုတ်ရင်တောင် စေ့စပ်ထားတာလောက်တော့ လုပ်ဦးမှ ... "

"သမီးလေးက ခုတလော မျက်နှာကိုမရွှင်လန်းလို့ကွယ် ...





သူ့ခမျာ အလုပ်အကိုင်လည်း အခုမှစလုပ်တာ ... စိတ်ကြည်ခေါင်းကြည်နဲ့ လုပ်တော့ ပိုကောင်းတာပေါ့ ... ကျက်သရေလည်း ရှိတာပေါ့ ... သမီးလေးကို စိတ်ချမ်းသာအောင်နောက်ကြောင်းဖြောင့်အောင်တော့ အန်တီတို့က စီစဉ်ပေးဦးမှ ဖြစ်မှာပါ ... "

သေပြီ။

သေပြီ။

ဟိုကောင်မီးလျှံတော့ သေပြီ။

မီးလျှံသေလျှင် မိပေါက်ကို ပြဿနာသွားရှာမည်။ မိပေါက်က စိတ်ညစ်လာလျှင် ဒီကိစ္စ ဘယ်သူဆတ်ဆော့လို့ဖြစ်ရတာလဲဆိုပြီး တရားခံလိုက်ရှာမည်။

ထိုအခါ ...

မပြေးသော်လည်း ကံရာရှိ။ လူကြီးတွေကျေနပ်ပါစေဆိုပြီး အလွယ်တကူ အဖြေတစ်ခုကောက်ပေးလိုက်မိသော သကောင့်သား ဇိုးစံမှာ ငုတ်တုတ်။

မီးလျှံကလည်း ထောင်းမည်၊ မိပေါက်ကလည်း ပွည့်ပွည့် လုပ်မည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေး။

နောက်ဆုံးကျတော့ သူတို့ချင်း မပြေလည်လို့ပြတ်ကြစဲကြဖြစ်ပြီဆိုလျှင်တောင် ကြားထဲက တရားခံဟာ သကောင့်သား မောင်စိုးစံကြီးပဲ ဖြစ်ကျန်ရစ်ရပါဦးမည်။





မိပေါက်တို့လမ်းထိပ်က ဒ်ဗွီဒီခွေဆိုင်ကလေးမှ တကုန်းကုန်းနဲ့ အခွေရွေးနေကြသော နှစ်ယောက်သားဟာ မျှော်လင့်ထားသလို မိပေါက်နဲ့ အရင်မတွေ့ဘဲ စိုးစံနဲ့ အရင်တွေ့သွားတာမို့ မနေတတ် မထိုင်တတ် ဖြစ်ကုန်ကြလေသည်။

"မင်းတို့ ဒီကိုဘာလာလုပ်တာလဲ ..."

"အခွေလာဝယ်တာလေ ..."

"အခွေဆိုင်တွေ ဒီလောက်ပေါတဲ့ဟာ ... ဒီဆိုင်ကိုကျမှ ဘာလို့ရွေးရွေးချယ်ချယ် လာဝယ်ရတာလဲ ..."

"ဟာ ... အခွေဆိုင်ပဲ ... ဘယ်ဆိုင်ဝယ်ဝယ်ရတဲ့ဥစ္စာ"

"ဒီဆိုင်က မင်းတို့သွားတဲ့လမ်းကြောနဲ့ တခြားစီမို့ပြော



www.burmeseclassic.com

www.burmeseclassic.com



တာ … ဥပမာကွာ … မြို့ထဲမို့လို့ … ယုဇနပလာဇာမို့လို့ အခွေစုံတယ်ဆိုပြီး သက်သက်သွားဝယ်ရတာဆိုလည်းထား … ဒီဆိုင်ကျတော့ အခွေလည်း တခြားဆိုင်နဲ့ထူးမခြားနား … လမ်းလည်းမသင့် … အဲဒါကြောင့်ထူးခြားနေတာ … ”

မီးလျှံနဲ့ သက်သာဟာ မိပေါက်တို့လမ်းရှေ့ကိုမှအတူပူးတွဲရောက်လာပြတာဟာ ရိုးရိုးသားသားကြုံကြိုက်ခြင်းတော့မဟုတ်နိုင်ဘူးလို့ စိုးစံကထင်သည်။

တစ်ယောက်တည်းမှာ ဖြစ်စေ၊ နှစ်ယောက်စလုံးမှာပဲဖြစ်စေ အကြောင်းပြချက်တစ်ခုခုတော့ ရှိရလိမ့်မည်။ အဲဒီအကြောင်းပြချက်ဟာလည်း မိပေါက်နဲ့ပဲ ပတ်သက်နေရလိမ့်မည်။

“နင်ကလည်း တော်တော်လွန်နေပါလား … ဒီလမ်းထိပ်ကို နင်ကလွဲပြီး ဘယ်သူမှ လာခွင့်မရှိဘူးလို့ ထင်နေတာလား”

“ငါနဲ့ ဘာဆိုင်လို့လဲ … ”

“နင်က အတင်းပဲ ဝင်စွက်နေတာကိုး … ငါတို့ကိစ္စနဲ့ငါတို့ ကိုယ်ဝယ်ချင်တဲ့အခွေကို ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ကြိုက်ရာဆိုင်မှာ ဝယ်တာပဲ နင့်ကို အခွန်ပေးရဦးမလိုလို ဘာလိုလို”





“နင်တို့နှစ်ယောက်တတွဲတွဲလျှောက်သွားနေစရာအကြောင်းလည်း ဘာမှမရှိဘူး … ”

“ဟောတော် … နင်က ဘာလဲ … ငါ့အဖေလား … မီးလျှံအဖေလား … ဒါမှမဟုတ် ရပ်ကွက်လူကြီးလား”

“ငါက မိပေါက်အတွက်ပြောနေတာ … သူသာတွေ့သွားရင် … ”

“ဘာလဲ … ငါတို့က ဘာလုပ်နေလို့ မိပေါက်အတွေ့မခံနိုင်ရမှာလဲ … ကဲကွာ … တွေ့တယ်ပဲထား … တွေ့တော့ ဘာဖြစ်သလဲ … မင်းလိုမျိုး မိပေါက်မျက်နှာ တစ်ချက်ညိုးမှာကို မခံနိုင်တဲ့ကောင်း မဟုတ်ဘူးကွ … ”

“ငါက သူငယ်ချင်းမို့ မိပေါက်ကို စောင့်ရှောက်တာ … မင်းက ချစ်သူချင်း ပိုတောင်စောင့်ရှောက်ရဦးမယ် … မင်းတစ်နေ့က လဲလိုက်တဲ့ကားက ကက်ဆက်ကြီးရဲ့မျက်နှာကိုထောက်ပြီးရင် ပိုလို့တောင် စောင့်ရှောက်ဖို့သင့်သေးတယ် … ”

“ဟွန်း … ဟွန်း … ဒီလိုလားကွ … မင်းနဲ့မိပေါက်ကအတူတူ … ဟိုကလည်း သူ့ပိုက်ဆံခဏလောက်ပဲပုံညှိရ



www.burmeseclassic.com

www.burmeseclassic.com



တာလေးကို လူသိအောင် ပြောလိုက်ရတာ ... ထားတော့ ပိုက်ဆံထုတ်ရတဲ့သူက ပြောတာထားဦး ... မင်းက ဘာ မဆိုင် ညာမဆိုင် ... ဆင်ဝန်ကတော်ဝင်လုပ်နေတာ ဘာ သဘောလဲ ... "

"မီးလျှံ ... "

"ဟဲ့ ... တိုးတိုးအော်ပါဟဲ့ ... နင်မရှက်ပေမဲ့ ငါ့သိက္ခာကို လည်း ထောက်ဦး ... ငါရှေ့နေရင်း နင်တို့ရန်ဖြစ်ကြရင် တော်ကြာ ငါ့ကြောင့် ဘာညာနဲ့ နာမည်ဆိုးထွက်လာဦး မယ် ... "

အရေးထဲ သူကလည်းတစ်မှောင့်။

သက်သာဟာ ခုတလော ဘယ်လိုမကောင်းသည့် စိတ်ကူး အတွေးတွေဝင်ကာ မိပေါက်ကို လိုက်တိုက်ခိုက်နေရသလဲ မပြောတတ်တော့ပါ။

တကယ်ဆို မိပေါက်နဲ့သက်သာဟာ တခြားစီ။ ရုပ် ရည်ချောမောလှပမှု၊ နာမည်ကြီးမှု၊ လူစိတ်ဝင်စားအားကျခံရမှု၊ အားလုံးအားလုံး သက်သာက အဆများစွာသာလွန်သည့်အနေ အထား။





ဒါတောင်မှ သက်သာက မိပေါက်ကို မနာလိုဖြစ် ကာ ဖျက်လိုဖျက်ဆီး ဝင်လုပ်နေရသည့်ပုံစံပါလား။

စိုးစံဟာ အခုအချိန်မှာတော့ သက်သာကို 'ငါ စိတ် ဝင်စားမိတဲ့ မိန်းကလေးပါလား' ဆိုသည့် အတွေးမျိုးနဲ့တောင် မကြည့်နိုင်တော့ပြီ။ သက်သာရဲ့စိတ်ဓာတ်က မကောင်းပါလား ဆိုသည့် အသိတစ်ခုတည်းနဲ့တင် သူမအပေါ်ထားသည့် နှစ်လိုခင် မင်မှုတွေလည်း ပျောက်ဆုံးသွားပြီ။

လောလောဆယ် စိုးစံရဲ့ ခေါင်းထဲမှာ ဘာပဲရှိသလဲ ဆိုလျှင် မိပေါက်ကို ကာကွယ်ဖို့ စိတ်ချမ်းသာစေဖို့ ဒါပဲရှိတော့ သည်။

"ဒါဆိုလည်း နင်ပြန်နှင့်လေ ... ငါတို့ကိုစောင့်မနေနဲ့တော့ ပေါ့ ... "

"ဟဲ့ ... ငါက မီးလျှံကားနဲ့လိုက်လာတာ ... မပြန်နိုင်ပါ ဘူး ... မိပေါက်မလာမချင်း ... အဲလေ ... အခွေရွေးမပြီး မချင်း နေဦးမှာပဲ ... "

စိုးစံနဲ့ သက်သာတို့ အပြိုင်အဆိုင် ပြောဆိုငြင်းခုန် နေကြသည့် ...ာမှာ မီးလျှံက သူ ဘယ်လိုတိုက်ခိုက်ရလျှင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာ စဉ်းစားလို့ရသွားပုံဖြင့် ...

"ဒီမှာ သူငယ်ချင်း ... မင်းသိပ်ပင်ပန်းနေပြီကွာ ... မိပေါက်က သူများရည်းစားဖြစ်နေပြီဆိုတာလည်း မင်း သတိထားဦး ... မိပေါက်ရည်းစား ငါဆိုတဲ့ကောင်က မင်းသူငယ်ချင်း အရင်းခေါက်ခေါက်ဆိုတာလည်း ထပ်ပြီးတော့ သတိထားလိုက်ဦး ... တော်ကြာ ကောက်ရိုးပုံစောင့်တဲ့ဟိုဒင်းလည်း ဖြစ်နေဦးမယ်ကွာ ... စောင့်မဲ့စောင့်တော့လည်း ရွှေပုံငွေပုံ ဆိုတော်သေးရဲ့ ... ကောက်ရိုးပုံကြီးကတော့ မမိုက်ပါဘူး ကွာ ..."

"ဘာဂ ... မင်း ..."

စိုးစံက မီးလျှံကို တိုက်ခိုက်ဖို့အတွက် လက်သီးကို ရွယ်လိုက်ပါသည်။ ထိုအချိန်မှာပဲ ...

"ဟဲ့ ... နင်တို့တွေ ဘာဖြစ်နေကြတာလဲ ..."

ဆိုင်ကပြန်လာသည့် မိပေါက်က လမ်းထိပ်မှာ ရုံးစုစု လူအုပ်ကိုကြည့်မိလျှင် စိုးစံ၊ မီးလျှံနဲ့ သက်သာ ဖြစ်နေတာကို တွေ့ပြီး ဆင်းလာခဲ့တာ ဖြစ်ပါသည်။

စိုးစံနဲ့ မီးလျှံတို့ရန်ဖြစ်ကြတော့မည့် အခြေအနေကို





လည်း တွေ့လိုက်သည်။ အနားမှာ သက်သာရှိနေတာကိုလည်းတွေ့ သည်။ ဒီတော့ မိပေါက်ရဲ့အလွယ်တကူ ကောက်ချက်အားဖြင့် တော့ မီးလျှံက သူ့လက်ထဲကနေ သက်သာကို လုယူသွားမှာစိုးလို့ စိုးစံက ရန်ရှာနေတာလို့ပဲ ထင်လေသည်။

မိပေါက် ဘယ်လိုပဲထင်ထင် သက်သာကတော့ ဒီ မြင်ကွင်းကို မိပေါက်မြင်သွားသည့်အတွက် ကျေနပ်သည်။

သူမမှန်းထားသည့် မီးလျှံနဲ့ သက်သာ အဆင်ပြေ နေကြပြီဆိုတဲ့ ပုံစံမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူ့ဟာသူတော့ မဆိုးလှပါဘူး။

"သူငယ်ချင်းအရင်းကြီးတွေဟာ ... ရန်မဖြစ်ကြပါနဲ့ ... သက်သာ နင်ကမတားဘူးလား"

သက်သာက 'ငါလည်းမတတ်နိုင်ဘူး' ဆိုသည့် ပုံစံမျိုး နှင့် ပခုံးကိုသာဟန်ပါပါတွန့်ပြလိုက်သည်။

"လာ ... လာ ... ငါ့အိမ်ကိုလိုက်ခဲ့ကြ ... နင်တို့ကို အအေး တိုက်မယ် ... အရင်လိုပြန်နေဟာ ဘုန်းမိုလည်းသဘော် လိုက်သွား ... ရိုလှဲ့ကလည်း သူ့လူကြီးနဲ့ယူဖို့အစီအစဉ်တွေ လုပ် ... စန်းစန်းဝင်းကလည်း သူ့အဘွားနေမကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စုဖို့ဆိုပြီး ကျိုက်ထိုကိုလိုက်သွား ... ဒီအချိန်မှာ ငါတို့ ငါးယောက်ပဲကျန်တော ... စည်းစည်းလုံးလုံးနေမှပေါ့ ... ငါ သော်သော်ကိုလှမ်းခေါ်လိုက်ဦးမယ် ... ငါတို့ တစ်ခုခု လုပ်စားကြရအောင်လေ ... "

"ဖွတ်ကြီးတွေ မစီစဉ်နဲ့ကွ ... ငါစိတ်မပါဘူး"

"မီးမီးရယ် ... ငါတို့တွေ ... "

"တော်ပြီကွာ ... တော်ပြီ ... နင်နဲ့ရည်းစားဖြစ်ကတည်းက ငါ ဘာမှအဆင်မပြေဘူး ... စိတ်ကိုမချမ်းသာရဘူး ... သူငယ်ချင်းအရင်းခေါက်ခေါက်ကို ရည်းစားကော်ထားလိုက်ရင် ... စိတ်လည်းငြိမ်မယ် ... ကိုယ့်ကိုလည်း နားလည်ပေးနိုင်မယ်လို့ထင်ထားတာ ... လုံးဝအလွဲပဲ"

"ဟာ ... မီးမီး"

မိပေါက်က အထိတ်တလန့်ဖြစ်သွားသည့် ယေသံလေးနဲ့ အော်လိုက်ရှာသည်။

သူမကတော့ အခုလတ်တလောဖြစ်သွားသည့် အဖြစ်တွေကြောင့် သူမကို မီးလျှံစိတ်ကုန်သွားတာလို့ ထင်ရှားသည်။





မိပေါက်ကို အစကတည်းက ချစ်ခဲ့တာမဟုတ်ဘဲ အခုလည်း ရှေ့ဆက်ဖို့ စိတ်မရှည်ခတော့လို့ အကြောင်းရှာနေဘာ ဖြစ်ကြောင်းသိသည့် စိုးစံကတော့ မီးလျှံကို ပါးရိုးကျိုးအောင်ပဲ ဆွဲထိုးပစ်ချင်လှတော့သည်။



www.burmeseclassic.com

www.burmeseclassic.com









"ကိုယ်က မိန်းကလေးရှင်ဖြစ်ပေမဲ့ ကိုယ့်သမီးကို ကိုယ်က အိမ်ထောင်ချပေးချင်နေတာကိုး ... သူတို့က သူတို့သားကို မိန်းမပေးစားဖို့ စိတ်ကူးမရှိဘူးဆိုတော့ ကိုယ်ကပဲ သွားတွေ့ပြီး စကားတောက်လိုက်တာကောင်းမယ် ... "

"ကောင်လေးကိုခေါ်ပြီး ရိပ်ဖမ်းသံဖမ်း ပြောကြည့်ရင်ကော .."

"သမီးကိုပဲ ပြောခိုင်းတာ မကောင်းဘူးလား ... သူတို့သူငယ်ချင်းပြောတော့ မျက်နှာပူရ သက်သာတာပေါ့"

"မျက်နှာပူတာတွေ အေးတာတွေ ထည့်တွက်မနေပါနဲ့တော့ရှင် ... ကိုယ်က လိုချင်နေမှကိုး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးလိုဟာမျိုးကို အမှန်ပြောရရင်တော့ ငါသိပ်သဘောမကျလှဘူး ... အတွကြီးသလိုပဲ ... နောက်ပြီး သမီးဆီက ဘာရမလဲဆိုတာ တွက်နေတဲ့ပုံ ... သူ့ဘက်က တာဝန်မယူတတ်တဲ့ပုံ ... ဒီကောင်လေးနဲ့ ပေးစားလိုက်ရင် ငါ့သမီးလေး စိတ်ချမ်းသာပါ့မလားဆိုတာ သံသယ ဝင်စရာတော့ ကောင်းတယ် ... "

"အခုလောလောဆယ် သမီး စိတ်ချမ်းသာဖို့ကလည်း အရေးကြီးသေးတယ်ရှင့် ... အိမ်ထောင်ကျပြီးသွားရင်တော့ သိဟတ်လာကြမှာပါ ... "

ဖေဖေနဲ့ မေမေရဲ့ ဆွေးနွေးခန်းကို မိပေါက်က အခန်းထောင့်ကွယ်ကနေ ချောင်းမြောင်း နားထောင်နေမိသည်။

သနားစရာကောင်းလှသော ဖေဖေနဲ့ မေမေဟာ သူတို့ရဲ့ချစ်သမီးကလေး စိတ်ချမ်းသာဖို့ ဘာပဲလုပ်ရလုပ်ရ လုပ်ပေးကြမည့်ပုံ။

"တကယ်တမ်းပြောရရင် ငါက ဟိုကောင်လေး ဘယ်သူ့ ချိုကြည်သာ ... "

"စိုးစံပါရှင် ... ဘယ့်နှယ် ... မှားမှ မှားတတ်ပလေ"





"ငါက တေးသံသွင်းဆိုင်နာမည် မှတ်ထားတာကွ ... စိုးစံနဲ့ ချိုကြည်သာ မှားသွားလို့ ... "

"ဒါဖြင့်ရင်လည်း နောက်အခါတွေကျရင် မာစတာတို့ ... ဖူးမောက်တို့ ... ရဂုနာမြိုင်တို့ လာတော့မယ်ထင်တယ်"

"ဟာ ... မင်းကလည်း အရေးထဲမှာ ... "

"ရှင်က စမှားတာကိုး ... "

"မင်းရော နာမည်ကို အကြောင်းအရာတစ်ခုခုနဲ့ တွဲမှတ်ထားပြီး အရေးကြုံတော့ အလွဲထွက်လာတာ မရှိဖူးဘူးလား၊ တလောကတောင် ဒေါ်မြကြည်ယောက်ျား ကိုခင်မောင်ဝင်းထွန်းကို မင်းပဲ ဦးကပ်စေးရဲ့တူနာမည်နဲ့ မှားပြီး ... ကိုခင်မောင်သိန်းထွန်းဝင်းဆိုပြီး ထွက်သွားသေးတာလေ"

အရေးထဲ အတိုင်အဖောက်ညီညီနဲ့ ငြင်းခုန်ရန်ဖြစ်နေကြသော မိဘနှစ်ပါးကို မိပေါက်က ကြားဖြတ်ရယ်မောရမိသေးသည်။

အမှန်က သိပ်တော့ ရယ်ချင်တာမဟုတ်။ ကိုယ့်ကိစ္စကြီးကို သူတို့ ဘယ်လိုဆက်တိုင်ပင်ကြမလဲဆိုတာ မိပေါက်က တော်တော်လေးပဲ သိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထားတော့ ... ထားတော့ ... အရေးကြီးတာပြောနေရင် တော်တော်ခေါက်တဲ့သူ ... "

"ပေါက်တယ်ဆိုတော့ မင်းက ငါ့ကို သူခိုးကြီးတောက်ပြားမှတ်လို့လား ... ဒါမှမဟုတ် ရုံးမှာဖိုင်တွဲဖို့ စက္ကူဖောက်တဲ့သူ ထင်လို့လား ... "

မေမေ့ထံက ဘာသံမှ ပြန်မကြားရတော့ပါ။ စကားတစ်စရလျှင် အတင်းလိုက်နင်းကာ ပြောချင်တာတွေ ဆက်ပြောတတ်သော ဖေဖေ့အကြောင်း သိတာမို့ စကားနည်းရန်စဲ ရပ်ထားလိုက်တာပဲ ဖြစ်ရမည်။

မေမေ ငြိမ်သွားတော့လည်း ဖေဖေ ခမျာစကားစ အပြတ်မခံနိုင်ရှာပါ။

"ငါပြောချင်တာ အဲဒီကောင်လေးဆိုရင် ရည်ရည်မွန်မွန်လည်းရှိတယ် ... တည်တည်တံ့တံ့ကလေးလည်းရှိတယ် ... အလုပ်အကိုင် လက်ကြောတင်းမဲ့ပုံလည်းရှိတယ် ... သမီးအပေါ်လည်း စေတနာကောင်းရှာပုံရတယ်ကွာ ... အဲဒီလိုကလေးမျိုးနဲ့မှ ငါ့သမီးကို သဘောတူချင်တာ ... "

မိပေါက်က ကိုယ့်ရင်ဘတ်ကလေးကို ဆတ်ခနဲမိ





လိုက်မိသည်။ တော်ကြာ နလုံးသားဟာ အရိုးတစ်ထပ်၊ အသားတစ်ထပ်၊ အရေတစ်ထပ်၊ အကျီစတစ်ထပ်ကို ကျော်ဖြတ်ပြီး ခုန်ထွက်လာမှာ စိုးရလို့ပါ။

"ကျွန်မလည်း မောင်စိုးစံလေးကိုတော့ ချစ်တယ် ... သမီးသူငယ်ချင်းတွေထဲမှာ ဒီကောင်လေးတစ်ယောက်ပဲ သမီးကို လေးလေးစားစား ဆက်ဆံတာ ... ကျန်တဲ့သူတွေက အရှုးအပေါ ... နောက်စရာ ပြောင်စရာလို့ ထင်နေတာရှင်"

"ငါ့သမီးကတော့ကွာ ... ကိုယ့်အပေါ်ကောင်းမဲ့ကောင်လေးကျတော့ ပြန်မကြိုက်ဘူး ... "

"အဖေကြီးရယ် ... ရှင့်သမီးပုံစံနဲ့ ကိုယ့်ကိုလာကြိုက်တဲ့သူကိုပဲ ပြန်ကြိုက်ရမှာပေါ့ ... ရွေးခွင့်မှမရှိတာ ... "

"အင်းပေါ့လေ ... ငါတို့မှာလည်း ရွေးခွင့်မှ မရှိဘဲ ... သမီးနဲ့ လက်ရှိကြိုက်နေတဲ့သူနဲ့ပဲ ... ပေးစားဖို့ စီစဉ်ရတော့မှာပေါ့"

ဖေဖေက အဆုံးသတ် ဆုံးဖြတ်လိုက်လျှင် မိပေါက်မှာ ထိပေါက်သူလိုလို၊ ထိလက်မှတ် ပျောက်သူလိုလိုနှင့် ကိုယ့်

www.burmeseclassic.com



ခံစားချက်တောင် ကိုယ်မသိနိုင်တော့ဘဲ မအူမလည်ကြီးဖြစ်လို့ သွားရှာလေသည်။





"နှင်းအဖေက မီးလျှံအဖေနဲ့တွေ့ဖို့ စီစဉ်ပေးပါလို့ ဖျါကိုခေါ် ပြောတယ် ... မီးလျှံအဖေက ဘယ်လိုလူစားလဲလို့လည်း မေးတယ် ... လိုအပ်ရင် ငါ့အဖေကတစ်ဆင့် ဆုံပေးနိုင် မလားတဲ့ ..."

ဖေဖေနဲ့မေမေဟာ တဆိတ်တော့လွန်ပြီ။ မိပေါက်ကီစွမှာ စိုးစံတောင် မဆီမဆိုင်လှတာ။

စိုးစံရဲ့အဖေဆို ပိုဆိုးရော။

သူတို့က သားရှင်အဖေချင်းမို့ ရင်းနှီးကြတာ့က တော့ထား။ ဖေဖေနဲ့ စိုးစံအဖေကလည်း နည်းနည်းပိုရင်းနှီးမှေ့ ဒီလိုကိစ္စကြီးမှာ ကြားပွဲစားလိုလို အောင်သွယ်လိုလိုကြီးငင်ပါဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ စိုးစံအဖေက ဘယ်လုပ်ချင်ပါ့မလဲ။

"ဟင့်အင်း ... ဒါတော့ မဖြစ်နိုင်ဘူး ..."

"ဘာမဖြစ်နိုင်တာလဲ ... ငါ့အဖေကို ကြားဝင်ခိုင်းဖို့လား ... ဒါမှမဟုတ် လက်ထပ်ဖို့ကိစ္စ မိန်းကလေးဘက်ကစမြန်းမှာကိုလား ..."

အင်း ...။

ငါ ဘာကိုမဖြစ်နိုင်ဘူးလို့ ပြောလိုက်တာပါလိမ့်။ စိုးစံပြောသည့်နှစ်ခုစလုံးပဲထင်သည်။ အဲဒါအပြင် ငါနဲ့မီးလျှံလက်ထပ်ဖို့ကလည်း မဖြစ်နိုင်တဲ့အထဲပါတာပဲ။

မိပေါက်က တစ်ယောက်ကည်းတွေးနေသည်။

"ငါ ဘာလုပ်ပေးရမလဲ မိပေါက် ..."

"နင် ... နင်ကရော ဘယ်လိုထင်သလဲဟင် ..."

တစ်သက်လုံးက ကိုယ့်အပေါ်ကောင်းလာခဲ့သော စေတနာအပြည့်နဲ့ ကာကွယ်စောင့်ရှောက်လာသော စိုးစံကိုပဲ မိပေါက်က အားကိုးတကြီး ပြန်မေးမိတော့သည်။

"ဘာကိုပြောတာလဲ ..."

"ဖေဖေတို့ဘက်က စ,ပြောရမှာယ်ဆိုတာ ..."





"အိမ်ထောင်ရေးကိစ္စမှာ ဘယ်ဘက်က စပြောရမယ်လို့ သတ်မှတ်ထားတာတော့ မရှိဘူး ... ဒါပေမဲ့ နင်နဲ့မီးလျှံကိစ္စကျတော့ နင်တို့ဘက်က စ,လိုက်ရင် အောက်သွားမလားလို့ ... တကယ်လက်ထပ်ဖြစ်သွားရင်လည်း သူ့ဘက်က နင့်ကို အနိုင်ယူပြောစရာကြီး ဖြစ်သွားလိမ့်မယ်"

မိပေါက်လည်းဒီလိုပဲထင်သည်။ ချစ်သူတစ်ယောက်လိုချင်လွန်းလို့သာ ဖွတ်မိတ်သည်းခံနေခဲ့ရပေမဲ့ မိပေါက်လည်း သွက်သွက်ခါ ရူးသွပ်နေတာမှ မဟုတ်တာ။ လူတစ်ယောက်ရဲ့ အရိပ်အကဲကို အတန်အသင့်တော့ နားလည်ပါသည်။ မီးလျှံကိုယ်တိုင်ကလည်း နားမလည်လည်အောင် ပြထားတာပဲဟာ။

"အန်ကယ်ကို ကြားဝင်ခိုင်းတာကတော့ လုံးဝမကောင်းဘူး ... နင့်အဖေကို နင်ပြောပြပြီးပြီလား ..."

"မပြောရသေးဘူး ..."

"ဒါဆို မပြောပါနဲ့ဟာ ... အားနာဖို့ကောင်းပါတယ် ... အန်ကယ်က ငါ့ကိုမချစ်တော့ဘဲ နေလိမ့်မယ် ..."

ငယ်ငယ်လေးတည်းက သားရဲ့သူငယ်ချင်းဖွေထဲမှာ မိပေါက်ကို ... သူ့ထူးခြားခြားချစ်လှကာ 'ချွေးမလေး ... ချွေး



www.burmeseclassic.com

www.burmeseclassic.com



မငေ့း'နဲ့ နောက်ပြောင်ခေါ်တတ်သည့် စိုးစံရဲ့မိဘတွေကို မိပေါက်က မျက်နှာပူပါသည်။ သူမအပေါ် ငြိငြင်သွားမှာလည်း စိုးသည်။

"ဒါဖြင့်လည်း ငါပဲ ဝင်ပြောပေးပါ့မယ် ..."

"ဟင့်အင်း ... နင်လည်း မပြောနဲ့ ..."

"ဟ ... ဒါဆို ဘယ်သူက ကြားဝင်မလဲ ... နင့်အဖေက သမီးရှင်ဖြစ်ပြီး မီးလျှံမိဘတွေကို တိုက်ရိုက်တက်ပြောလို့တော့ မကောင်းပါဘူးဟာ ... ငါပဲ တစ်ဆင့်ခံပေးရမှာပါ"

"ဟင့်အင်း ... ဟင့်အင်း ... နင် အဲဒီလိုကြီး ဝင်ပါနေရမှာကို ငါ မကြိုက်ဘူး ... ငါလည်း လက်မထပ်ချင်သေးပါဘူး စံစံရယ် ... လက်ထပ်ရင်တောင် နင့်ကိုတော့ ကြားဝင်မပါခိုင်းချင်ပါဘူး ..."

မိပေါက်အသံက ငိုသံကြီးပါလာသည်။

ကိုယ့်ချစ်သူနဲ့ မိဘတွေကပါ သဘောတူစီစဉ်ပေးကြမည့်အရေးမှာ မိပေါက်က ဘာလို့မပျော်နိုင်တာပါလိမ့်။

ရီလှဲတို့လက်ထပ်ဖို့ စီစဉ်နေတာသိတုန်းက မိပေါက်ပဲအားကျခဲ့တာ။ ငါသာ မင်္ဂလာပွဲကျင်းပရရင်ဆိုပြီး စိတ်ကူးတွေယဉ်ခဲ့တာ။ လက်တွေ့ကြုံရတော့မည်ဆိုတော့ ဘာကြောင့်များ တွန့်ဆုတ်တွယ်ကပ်နေမိတော့တာပါလိမ့်။

စိုးစံရင်ထဲမှာလည်း နင့်နေသည်။

မိပေါက်အဖေက မျက်နှာပူပူနှင့် သူ့ကိုခေါ်ပြောကတည်းက ငိုချင်သလိုလိုကြီး ဖြစ်နေတာ။ ဒီအလုပ်မျိုး လုပ်ပေးဖို့ ငါမှပဲ အရွေးချယ်ခံရပလေရယ်လို့ ရင်ထဲနင့်နေတာ။

ကျွန်တော် မလုပ်ပေးနိုင်ပါဘူးလို့ ငြင်းလိုက်လို့ရပေမဲ့ မိပေါက်အဖေ မျက်နှာငယ်ရမှာကိုလည်း စိုးမိသေးသည်။ မိပေါက်ရဲ့အဖေဟာ စိတ်ရင်းကောင်းပြီး ဖြောင့်မှန်သည့်လူကြီး လူကောင်းတစ်ယောက်။ စိုးစံကိုဆိုလည်း ကိုယ့်သမီးရဲ့သူငယ်ချင်းဖြစ်ပေမဲ့ တလေးတစားဆက်ဆံသည်။ ချစ်ပုံလည်းရသည်။ ပြီးတော့ ထိုလူကြီးဟာ မိပေါက်ရဲ့ကအဖေလည်း ဖြစ်သေးသည်။ သူ မငြင်းပယ်ရက်ပါ။

"ငါကတော့ ကြားဝင်ကိုဝင်ရမှာပဲ ..."

မိပေါက်က ခဏလေးငြိမ်ကျသွားသည်။ သူမကိုယ်သူမ ဝေဖန်အင်္ဂါတ်နေသလို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်နေပြီးတော့မှ ...







www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ထောင်ပြုချင်သလား မပြုချင်သေးဘူးလားဆိုတာတောင် ငါ့ကိုယ်ငါ မသိဘူး ..."

"ဟား ... ဟား ... မိပေါက်ရယ် ... အိုက်တင်ခံမနေစမ်းပါနဲ့ ... နင်ပဲ မီးလျှံကို ဒီလောက်ချစ်တာ ... သူ့သည်းညည်းကို ဒီလောက်ခံနိုင်တာ ..."

"မဟုတ်သေးဘူး စံစံ ... ငါ မီးမီးကို သိပ်ချစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် မခံစားရဘူး ... အခုထိ သူ့အပေါ်ထားတဲ့ ခံစားချက်က နင်တို့ မိုမိုတို့ သော်သော်တို့နဲ့ အတူတူပဲ ... ငါ့စိတ်ထဲပျော်နေကျေနပ်နေတာက ရည်းစားတစ်ယောက်ရှိထားတာကိုပါ ... ဥပမာပြောရရင် မိုမိုတို့ သော်သော်တို့က ငါ့ရည်းစားဆိုလည်း ငါပျော်မှာပဲ ... သည်းခံမှာပဲ ... ဂရုစိုက်မှာပဲ ... ငါက သူတို့အပေါ် သံယောဇဉ်ရှိပြီးသားကိုး ..."

ငါဆိုရင်ကောလို့ လွှတ်ခနဲမေးထွက်တော့မလို့။ ကံကောင်းလို့။

ဘာကြောင့်မှား ဒီလောက်မိုက်မဲသည့်မေးခွန်းကို မေးမိမလို ဖြစ်ရတာပါလိမ့်။





သူ့အပေါ်မှာဆို သီးခြားရှိတတ်သော မိပေါက်ရဲ့ ခံစားချက်ကို ဘာကြောင့်များ ခွဲခြမ်းစိပ်ဖြာ ကြည့်မိချင်ရတာပါလိမ့်။ ဒါတွေဟာ မဖြစ်သင့်ဘူးထင်သည်။

"နောက်ပြီး ပြောရရင် ငါ အခုတလော မီးလျှံကို စိတ်ကုန်လာတယ် ... အစတုန်းက သူ ငါ့ကို မချစ်ဘူးဆိုတာ ငါသိပါတယ် ... ငါမသိတာက သူ့အတွက် သုံးရစ္စရချောင်အောင် ငါ့ကို အရူးလုပ်ခဲ့တယ်ဆိုတာပဲ ... ငါ့စိတ်ထဲတော့ သူငယ်ချင်းသံယောဇဉ်နဲ့ အပြန်အလှန်နားလည်မှုရှိချင်လို့ သူ ငါ့ကိုရွေးချယ်ခဲ့တာလို့ထင်တာ ..."

"အဲဒီလောက်တော့လည်း မပြောပါနဲ့ဟာ ..."

"ငါလည်း သူထင်သလို လိမ့်လို့ရတဲ့ ရူးကြောင်ကြောင် မဟုတ်ပါဘူးဟာ ... ပြီးတော့ သူနဲ့သက်သာ အခြေအနေကလည်း ဘာလိုလိုဆို ..."

"ဟာ ... ဒါတော့ မဟုတ်ဘူး ... ငါ စုံစမ်းပြီးပြီ ... သက်သာက သူ့ကိုအကပ်မခံတော့ပါဘူး ... ဟိုနေ့က နင်တို့ လမ်းထိပ်မှာ ရန်ဖြစ်ပြီးကတည်းက ..."

ဩော် ...။



www.burmeseclassic.com

www.burmeseclassic.com



စိုးစံရယ် ... ။ သက်သာအတွက် ကာကွယ်နေလိုက်သေးတာ။

ဟုတ်တော့ ဟုတ်တာပေါ့လေ။ ဘယ်သူက ကိုယ်ရည်ရွယ်ထားတဲ့ မိန်းကလေးကို ကွယ်ရာမှာမကောင်းပြောတာ ခံချင်မလဲ။

မိပေါက်ရင်ထဲ မကောင်းဖြစ်သွားသည်။ အခု ... တလော စိုးစံအကြောင်းတွေးလျှင် သက်သာကို ဘာလို့မေ့မေ့ထားမိပါလိမ့်။

တစ်ခါတစ်ရံ မသိစိတ်ထဲ ဝင်ရောက်လာတတ်သော တစ်ဖက်သတ်ဆန်တဲ့ အတွေးတို့ကို 'သက်သာ'ဆိုသည့် နာမ်တစ်လုံးက လွင့်ထွက်သွားအောင် တိုက်ထုတ်ပစ်လိုက်သည်။ ထိုအခါ မိပေါက်ရင်ထဲမှာ ထူးဆန်းစွာ နာကျင်ကျန်ခဲ့လေသည်။

မိပေါက် ငြိမ်သွားတာနဲ့ သူ့အတွေးတွေလွဲချော်သွားပြီဆိုတာ စိုးစံက သိလိုက်သည်။

ဘုရားစူးရစေ့ သက်သာအတွက် သူ ကာကွယ်ပေးနေတာ မဟုတ်ပါ။ သူ့အတွေးထဲမှာ သက်သာမရှိတာ အတော်ကြာခဲ့ပြီလို့ စိုးစံက ကိုယ့်ဘာသာ သိပြီးသား။





လောလောဆယ် သူ့အတွေးထဲမှာ ထာဝရစိုးမိုးထားတတ်သူဟာ ဘယ်သူပါလဲ။ ပြီးတော့ သူ့နှလုံးသားရဲ့ရှေ့ရေးကံကြမ္မာကရော ဘယ်လိုပါလဲ။

❀❀



www.burmeseclassic.com

www.burmeseclassic.com









"ဘုန်းမိုဆီက စာလာတယ် ..."

နိုင်ငံခြားသင်္ဘောတက်သွားသည့် ဘုန်းမိုရဲ့စာဆိုသဖြင့် အားလုံးစိတ်ဝင်တစား ရှိသွားကြသည်။

ရီလှဲက သူ့လက်ထပ်ပွဲမတိုင်မီ သူငယ်ချင်းတွေကို လိုက်ကျွေးချင်တယ်ဆိုသဖြင့် အားလုံးစုဒိကြတာ။ စန်းစန်းဝင်းလည်း ပြန်ရောက်နေခိုက်ဆိုတော့ ဘုန်းမိုကလွဲလျှင် အားလုံးလူစုံသည်။

မိပေါက်စိတ်ထဲမှာတော့ သူငယ်ချင်းတွေဟာ အရင်ကလောက် ဖြူစင်နွေးထွေးမှု မရှိကြတော့ဘူးလို့ ထင်နေသည်။

ရီလှဲကလည်း မကြာခင်ကျင်းပတော့မည့်သူ့ဆီလာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုပဲ စိတ်ကရောက်၊ စန်းစန်းဝင်းကလည်း နေမကောင်းသည့်သူ့အဘွားကို နောက်ဆံငင်၊ သက်သာကလည်း တစ်ခုခုကိုအလိုမကျသလို မျက်နှာကြီးတင်း။ မီးလျှံကလည်း တစ်ယောက်ယောက်နဲ့ ရန်ဖြစ် စိတ်ကောက်ထားသလို မျက်နှာပုပ်ကြီးနှင့်၊ စိုးစံနှင့် မိပေါက်တို့ကျတော့လည်း ဘာကြောင့်မှန်းမသိ တစ်ယောက်ကိုတစ်ယောက် ရစ်မဆိုင်ရဲသလိုလို ဘာလိုလို။

သော်တာညီတစ်ယောက်သာ အပူအပင်ကင်းပြီး နဂိုပုံစံအတိုင်း ရှိနေနိုင်သည်။

ဘုန်းမိုရဲ့စာက ယောကျ်ားလေးတွေအတွက် သက်သက်၊ မိန်းကလေးတွေအတွက်သက်သက်။

မိန်းကလေးတွေအတွက် ရေးထားသည့်စာတိုလေးက ဘာမှသိပ်မဆန်း။ ဟိုမှာပင်ပန်းသည့်အကြောင်း၊ သင်္ဘောသားဘဝဆိုတာ ... ထင်ထားသလောက် ဘာမှလည်း မဟုတ်သည့်အကြောင်း၊ ကမ်းကပ်လျှင်တော့ ဈေးဆိုင်အစုံ၊ ပစ္စည်းအစုံ၊ နေရာဆန်းအစုံကိုရောက်ရသည့်အကြောင်း၊ အစားအသောက်၊ ရာသီဥတုသူငယ်ချင်းတွေကို သတိရကြောင်း၊ ဒါလောက်ပဲ။

ယောကျ်ားလေးတွေအတွက်စာကတော့ရှည်သည်။





ဖတ်ပြီးတော့ သုံးယောက်သား ခပ်ငိုင်ငိုင်တွေလည်း ဖြစ်သွားသေး၍ မိန်းကလေးတွေက စိတ်ဝင်စားလာကာ ...

"ဘာလဲဟေ့ ... ဘာလဲ ... ဘုန်းမိုက ဘာတွေရေးထားလဲ ..."

"တော်ပါဟာ ... မသိချင်ပါနဲ့ ..."

—သော်တာညီက စာကိုဖွက်ပစ်လိုက်ပြီး ခပ်ကာကာပြောသည်။

"ဒီမှာ ... ငါတို့စာလည်း နင်တို့ယူဖတ်ကြည့် ... နင်တို့စာလည်းပြ ..."

"အာ ... နင်တို့စာမဖတ်ချင်ပါဘူး ... ငါတို့စာလည်းမပေးဘူး ... ဒါယောကျ်ားချင်းကိစ္စ ..."

"မဟုတ်က ဟုတ်ကတွေပါတယ် မဟုတ်လား ... သင်္ဘောသားတွေက အဲဒါမျိုးကင်းတာ သိပ်မရှိဘူး ... ဘုန်းမို တစ်ယောက်ရော လွတ်ကောလွတ်ရဲ့လား ..."

"ဟာ ... ဒါမျိုးမဟုတ်ပါဘူးဟာ ... ငါတို့သူငယ်ချင်းကမိဘကို ငါးနှစ်ခြောက်နှစ် ရှာကျွေးပြီးရင် ဘုန်းကြီးဝတ်မဲ့ကောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စာကပြလို့ ရရမှာပေါ့ ... "

"မဟုတ်ကဟုတ်က မပါတိုင်း ပြလို့ရမလား ... "

ပြောပြီးမှ သော်တာညီက သူ့စကား မှားသွားမှန်း သိသည်။ ဒီလိုပြောလိုက်ကတည်းက သူတို့မှာ ဖွက်စရာကိစ္စရှိသည် ဆိုတာ ကောင်မလေးတွေ သိသွားပြီပေါ့။

"ပေးဖတ်ပါဆိုဟာ ... ဈေးကိုင်လိုက်တာ ... "

ရီလွဲနဲ့ စန်းစန်းဝင်းက ရှေ့ကအချီအချပြောနေစဉ် မှာပဲ သက်သာက သော်တာညီလက်ထဲက စာကို ဖျတ်ခနဲဆွဲလု လိုက်တော့သည်။

"ဟာ ... သွားပြီ ... ဟေ့ ... ဟေ့ ... ကောင်မလေးတွေ စာပြန်ပေးကြ ... "

သော်တာညီ ဘယ်လိုတားတား မရတော့ပါ ... ။

မိပေါက်က ခုံပေါ်တက်ရပ်ကာ စာကို အသံစာစာကလေးနဲ့ဖွင့်ဖတ် လို့နေပြီ။

*"ဟေ့ကောင်တွေ*

*မင်းတို့ကတော့ ငါ့ကိုသဘောသိဖြစ်သွားပြီ ဆိုပြီး အထင်ကြီးနေကြမလားဘဲ ... ငါ့မှာတော့ ပျာနေအောင်*





*ဝင်ပန်းတယ်ကွ၊ ဖွင့်လိုက်တာလည်း အရှည်ထွက်မတတ်ဘဲ၊ ဘယ့်နှယ် ... ကမ်းကစွာပြီဆိုတာနဲ့ ကိုယ့်ပတ်ပတ်လည်မှာ ကြည့်ရှောဆိုလို့ ရေပဲရှိတာတွှာ ... တစ်ခါတစ်ခါ မှန်တိုင်းက လာသေး ... ရောက်စကဆို ငါ လှိုင်းမူးလို့ အန်လိုက်တာများ ဆေးတောင်အတော်ကုရတယ် ...*

"ဝေါ ... ညစ်ပတ်လိုက်တာ"

ဒီအထိ မိပေါက် ရယ်ရယ်မောမော ဖတ်နိုင်သေးသည်။

"အရေးမကြီးတဲ့ဟာတွေ ကျော်ဖတ်မယ်နော် ... "

*"ဆန်ဖရန့်စစ္စကိုမှာတုန်းက တို့ ... သင်္ဘောကပွတ်နံတို့... အောင်မယ်ကက်ပတိန်ကတော့ သူ့မိန်းမခေါ်လာလို့ရတယ်တဲ့ ဟ ... "*

ပြီးတော့ ...

မိပေါက်က သုံးလေးကြောင်း တစ်ခါလောက်ကျော် ဖတ်လိုက်၊ ထူးခြားတာလေးတွေ့လျှင် ပြန်ဖတ်ပြလိုက် ...

အဲဒီလိုနဲ့ ... ။

*"ဗိုးညီရေ ... မင်းပြောခဲ့တဲ့စကားတစ်ခွန်းကို ရေပဝင်သည်*



www.burmeseclassic.com

www.burmeseclassic.com



*ဝိုင်းပြီး တခြားဘာမှ စိတ်ဝင်စားစရာမရှိတဲ့ သဘော်ပေါ်ကျမှာ ငါလည်း အေးအေးဆေးဆေး ပြန်စဉ်းစားကြည့်မိတယ် ... တကယ်တော့ ငစိုးက သူ့ကိုယ်သူလိမ်နေတာပဲ ... ဒါမှမဟုတ် သူ့ကိုယ်တိုင်လည်း ကိုယ့်စိတ်ကိုယ် မသိနိုင်တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ငါ့တို့အမြင်မှာတော့ ငစိုးဟာ ... ငစိုးဟာ ...*

ရှေ့ဆက်ရေးထားသည့် စာတွေကို ကြိုဖတ်လိုက်မိသော မိပေါက် မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားကာ စကားသံ ဆက်မထွက်နိုင်ဘဲ ထစ်အ, ထစ်အနဲ့ ရပ်သွားရသည်။

မိပေါက်ရဲ့ရင်တွေဟာ တဒိတ်ဒိတ်ခုန်လာသည်။ နားထင်ကြောကို ဆောင့်တိုက်နေသည့် သွေးတိုးသံတဒုတ်ဒုတ်ကို ဝီဝီပြင်ပြင် ကျယ်ကျယ်လောင်လောင် ကြားနေရသည်။

သူတို့ ဒီစကားမျိုးတွေကို ဘာကြောင့်ပြောရတာလဲ။ စိုးစံဟာ သက်သာကိုပဲ တစ်ချိန်လုံး ချစ်လာခဲ့တာ အားလုံး အသိပဲ မဟုတ်လား။ ဒါမှမဟုတ် ... ။

ဟင့်အင်း ... ။ မထင်ရဲပါဘူး။ စိုးစံဟာ မိပေါက်ကို မဖြစ်သေးဘူး။ ဆက်တောင် မတွေးဝံ့ဘူး။

"ဆက်ဖတ်လေဟာ ... နင်ကရော ဘာဖြစ်သွားတာလဲ ...





ဖတ်လေ ... "

ရီရဲ့က မိပေါက်ပခုံးကို တဆတ်ဆတ်တွန်းပြီး ဆက်ဖတ်ခိုင်းနေသည်။ မိပေါက် ဘာဖြစ်သွားလဲဆိုတာ သိလိုက်သည့် ယောက်ျားလေးသုံးယောက်ကတော့ ငြိမ်ငြိမ်သက်သက်။

"ဖတ်လေ ... ဆက်ဖတ်လေဟာ ... ငစိုးအကြောင်းရေးထားတာမို့လား ... "

ပါးနပ်သည့် သက်သာကတော့ ဒီလောက်ဆိုလျှင် စာထဲမှာ ဘာတွေပါတယ်ဆိုတာ အကြမ်းဖျဉ်းသိသွားပြီ။ စာကို ဆက်မဖတ်လည်း စိတ်မဝင်စားတော့ပြီ။

မိပေါက်ကို သူမ,နိုင်လိုက်သလား၊ မနိုင်လိုက်ဘူးလားဆိုတာ သက်သာက အခုထိ မတွေးတတ်သေးပါ။ သူ့ကိုယ်သူ အဟုတ်ကြီးထင်ပြီး သက်သာကို ချဉ်းကပ်ဖို့ ကြိုးစားသည့် မီးလျှံကို ငြင်းထုတ်လိုက်ပြီးပြီမို့ သက်သာအတွက် အခြေအနေက ဘာမှ အကျိုးအမြတ်မကျန်ဘူးလို့တော့ ထင်ရသည်။ မိပေါက်ကရော သက်သာ ဝင်ရှုပ်လို့ မီးလျှံကို ဆုံးရှုံးရတော့မည့်အတွက် တကယ်ရော ခံစားရပါရဲ့လား။

သက်သာကတော့ စိုးစံကို မရလိုက်လို့လည်း ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မနည်း၊ မီးလျှံကိုလည်း မလိုချင်ပေမဲ့ မိပေါက်အပေါ်ထားမိသည့် မနှာလိုဝန်တိုခံစားချက်ကဟော့ တော်တော်နဲ့ ပျောက်နိုင်မှာ မဟုတ်ဘူးထင်သည်။ သေရောပါတော့ မဖြစ်တန်ကောင်းပါဘူး။

မီးလျှံကတော့ မိပေါက်ရဲ့သွေးရူးသွေးတန်း အမူအရာကို အမြင်ကတ်ကတ်နဲ့ စောင့်ကြည့်နေပြီးတဲ့နောက် စိတ်ကိုတိခနဲနေအောင် ပိုင်းဖြတ်လိုက်ကာ ...

"မိပေါက် ဆက်မဖတ်နိုင်တော့လည်း ထားလိုက် ... ငါပဲ စာထဲက အကြောင်းတွေကို ဆက်ပြောပြမယ် ... စာထဲမှာ ဘုန်းမိုးရေးထားတာက သော်တာညီတစ်ခါက မေးဖူးတဲ့ ငစိုးဟာ သက်သာကိုချစ်တာ မဟုတ်ဘဲ မိပေါက်ကိုများ ချစ်နေတာလား ... အဲဒါကို သူ့ကိုယ်သူတောင် မသိခဲ့တာလားဆိုတာကို ငါအခုမှ တွေးမိတယ်တဲ့ ... ငစိုး မိပေါက်ကို ချစ်နေတယ်ဆိုတာ ဟုတ်လောက်တယ် ... သူငယ်ချင်း မိန်းကလေးတွေ အများကြီးရှိတဲ့အထဲမှာ မိပေါက်ကိုပဲ အရေးထား ... ကာကွယ် ... ပူပန်နေတာဟာ သူ့မသိစိတ်ထဲက မိပေါက်ကို တွယ်ငြိနေလို့ဆိုတာ အရှင်းကြီးပဲ ... သက်သာကတော့ လှလို့ နာမည်ကြီးလို့ စိတ်ဝင်စားတယ်





လို့ ထင်ယောင်ထင်မှားဖြစ်ခဲ့တာနေမှာ ... တကယ့်အချစ်စစ်ဆိုတာ အရေးကြုံမှ ပေါ်လာတတ်တာမျိုး ..."

"တော်ပြီ ... တော်လောက်ပါပြီကွာ ..."

မှတ်ပဲ မှတ်မိနိုင်လွန်းသည်။ တစ်ခေါက်ပဲ ဖတ်ရသေးသည့်စာကို ဒီလောက်ချောချောမောမော၊ စုံစုံစေ့စေ့ဖြစ်အောင် ပြန်ပြောနိုင်သည့် မီးလျှံကို စိုးစံက လေသံပျော့လေးနှင့်သာ တားမြစ်လိုက်နိုင်ပါသည်။

အားလုံးကြောင့် ငေးငိုင်တွေနေကြချိန်မှာ မိပေါက်ကတော့ ဘာကြောင့်မှန်းမသိ အရမ်းပဲ လှိုက်လှဲဝမ်းနည်းလာကာ မျက်ရည်ဥတွေ တလိမ့်ချင်းကျဆင်းလာမိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com









"မဖြစ်နိုင်ဘူး ... ဘယ်လိုမှ မဖြစ်နိုင်ပါဘူး စံစံရယ်"

"ဘာလို့လဲ ... နင်က မီးလျှံကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်တော့လို့လား ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... မီးမီးကို ငါတကယ်မချစ်ပါဘူး ... စိတ်ကစားတာ ... ရည်းစားတစ်ယောက်ရှိရင် ပျော်မယ်ထင်လို့ ... သူများတွေကို အားကျလို့ ထားမိတာပါ"

"ဒါဆို ငါနဲ့ကျတော့ ဘာလို့ မဖြစ်နိုင်ရတာလဲ ... "

"နင်က ငါ့ကိုချစ်တာမှ မဟုတ်ဘဲ ... နင်ချစ်တာ သက်သာကိုပါ ... မိုမိုတို့ ဇော်သော်တို့က နင့်ကို ဝိုင်းစွပ်စွဲကျတော့ နင် ငါ့ကို အားနာပြီး ... "

"တေ... ဟုတ္ မိပေါက် ... အားနာလို့ ရည်းစားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရလောက်အောင် ငါ မမိုက်မဲဘူး … ငါ့တစ်သက်မှာ ဘယ်သူ့ကိုမှလည်း ချစ်တယ်လို့ မပြောခဲ့ဖူးဘူး … အေး တကယ်လို့ ငါက တစ်ယောက်ယောက်ကို ချစ်တယ်လို့ ပြောခဲ့ရင်လည်း အဲဒါ ငါ့ရင်ထဲက ခံစားချက်အစစ်အမှန်ပဲ”

ရီလှဲ့ရဲ့ပွဲက အပြန်မှာ မိပေါက်ကို ပြန်ပို့ပေးဖို့တာဝန်ဟာ စိုးစံအပေါ်မှာသာ ချွင်းချက်မရှိ သံသယဖြစ်ဖွယ်မရှိ ကျရောက်လာခဲ့ပြီးလျှင် အပြန်လမ်းတစ်လျှောက် နှစ်ယောက်သား တတွတ်တွတ် ငြင်းခုန်လာကြရတာ ဖြစ်ပါသည်။

“အစစ်အမှန် … နင်က ကိုယ့်ကိုယ်ကိုယ် ဘာလိုချင်တယ်ဆိုတာ တကယ်သိပြီမို့လို့လား … ”

“သိဘယ် … ”

“အရင်ကတည်းကလား … ”

ဒီနေရာမှာတော့ စိုးစံက အမှန်ကိုဝန်ခံရမှာမို့ ခပ်ရှက်ရှက်ကလေးရယ်ကာ …

“အရင်ကတော့ ငါ့နှလုံးသားကို ပဝါပါးတစ်လွှာဖုံးထားတယ် … မသိခြင်းပိုးပဝါဆိုပါတော့ … အဲဒီတော့ ငါမြင်မိတာက သက်သာ ဖြစ်ချင်ဖြစ်မယ် … တခြားကောင်မလေးတစ်ယောက်လည်း ဖြစ်ချင်ဖြစ်မယ် … အရေးကြီးတော့မှ အဲဒီပိုးပဝါစက ကွာကျသွားတော့တာပဲ … အဲဒီအခါကျ





တော့ ငါ့နှလုံးသားထဲမှာ ထင်ထင်ရှားရှား ရေးခြယ်ထားတဲ့ ပုံရိပ်ကို ငါတွေ့ရတယ် … အဲဒါ နင်ပဲ … ဖုံးထားတဲ့ ပဝါလေး ကွာကျသွားဖို့ ဘာအကြောင်းကပဲ ဖန်တီးထားသည်ဖြစ်စေ၊ ဘယ်သူကပဲ ဖန်တီးသည်ဖြစ်စေ အရေးမကြီးဘူး၊ တကယ်အရေးကြီးတာက နင့်ကိုငါမြင်နေရပြီ … ဒါပဲ … ”

“နင် တကယ်ပြောတာလားဟင် … ”

“ကိုယ့်ဘဝတစ်သက်စာကို အားနာမှုတစ်ခုတည်းနဲ့ ဆုံးဖြတ်ရလောက်အောင် ငါမမိုက်မဲသေးဘူး … နင့်ကိုလည်း ကိုယ့်အပေါ် တကယ်မချစ်တဲ့သူနှစ်ယောက်နဲ့ ဆက်တိုက်ဆုံတွေ့ရလောက်အောင် ဆွဲနှစ်မှာမဟုတ်ဘူး … ”

“ဒါပေမဲ့ ငါက မီးလျှံနဲ့ … ”

“တော်တော့…နင်နဲ့မီးလျှံဟာ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတာ မဟုတ်ဘူးဆိုတာ အစကတည်းက အားလုံးသိတယ် … ကိုယ့်လိုအပ်ချက်အတွက် နောက်တစ်ယောက်ကို အသုံးချတာပဲ … ဒါကို လိုက်တွက်ကပ်နေရင် ငါ မိုက်မဲရာရောက်မှာပေါ့ … ”

“ဒါပေမဲ့ ဘေးလူတွေက … ”

“ဘေးလူတွေ မဆိုင်ဘူး … တကယ်တမ်းကျတော့ နင့်ကို ဘယ်သူက စိတ်ချမ်းသာမှု ပေးနိုင်တယ်ထင်လို့လဲ … ဘ



www.burmeseclassic.com

www.burmeseclassic.com



လဲ ... နင့်မိဘတွေက မီးလျှံနဲ့ပဲ သဘောတူနိုင်တယ်လို့ ပြောကြလို့လား ... ”

“သူတို့က မကတ်သာလို့သာ ငါစိတ်ချမ်းသာအောင် စီစဉ်ပေးရမှာ ... မီးလျှံကို သဘောကျလှတာ မဟုတ်ဘူး ... ဖေဖေကဆို နင့်ကို ပိုသဘောကျတယ် ... နင်နဲ့ပဲသဘောတူချင်တာတဲ့ ... ”

“ဒိုကေ ... ဒါဆိုပွဲပြတ်ပြီ ... နင့်အိမ်ကိုရောက်ရင် ငါပါဆင်းမယ် ... နင့်အဖေအမေဆီမှာ သူတို့သမီးကိုဝင်တောင်းမယ် ... သူတို့က နဂိုကတည်းက သဘောတူထားပြီးသားဆိုတော့ ဝမ်းသာအားရ လက်ခံမှာပေါ့ ... ”

“ဒါဆို ငါကရော ... ”

“နင်က အူကြောင်ကြောင်ပဲဟာ ... ကိုယ့်နှလုံးသားကိုယ် မြင်နိုင်တာမှ မဟုတ်တာ ... အခုနေ ငါပြောလည်း နင်ကိုယ်နင်သိချင်မှသိမယ်၊ ဒီတော့ အသာလေးပဲနေ၊ လူကြီးတွေ ကောင်းမယ်ထင်လို့ စီစဉ်တာကို ငြင်းဖို့မကြံနဲ့ ... ”

အောင်မယ် ... ။ လေသံက အကျောကြီးနဲ့ ... ။ သူ့ကို အဖြေတောင် ပြန်မပေးရသေးဘူး။ မာန်ပင့်နေလိုက်တာ။

မိပေါက်ကိုလည်း ကိုယ့်စိတ်ကိုယ် ပြန်မမြင်နိုင်ဘူးဟု ထင်နေသေးသည်။





တကယ်ကတော့ မိပေါက်ကကိုယ့်နှလုံးသား ကိုယ်မြင်ခဲ့ပြီးပါပြီ။ စိုးစံပြောသလိုပဲ မိပေါက်ရဲ့ နှလုံးသားမှာလည်း ပိုးပဝါအကာလေးတစ်ခု ရှိနေခဲ့တာပါ။ အဲဒါဟာ မီးလျှံလည်းမဟုတ် သက်သာလည်းမဟုတ်။ မိပေါက်ရဲ့မိုက်မဲညံ့ဖျင်းခြင်း သက်သက်ပဲဖြစ်သည်။ ဖေဖေနဲ့မေမေက မိပေါက်ကို မီးလျှံနဲ့ အိမ်ထောင်ချပေးတော့မည်လို့ ကြံစည်နေကြသည့်အချိန်မှာမှ ကိုယ့်ကိုယ်ကိုယ် ဘွားခနဲရှာဖွေတွေ့ရှိလိုက်တော့တာ။

မိပေါက်ဟာ မီးလျှံကို ချစ်လည်းမချစ်၊ လက်လည်းမထပ်နိုင်။ နောက်ပြီးတော့ မိပေါက်ဟာ စိုးစံကို ... ။

“ငါက အူကြောင်ကြောင် မဟုတ်ပါဘူးနော် ... ငါ့ကိုယ်ငါသိပါတယ် ... နင်တို့မပြောခင်ကတည်းက ငါသိပြီးသားပါ”

“ဘာသိတာလဲ ... ”

စိုးစံက ဘာစကားကြားရတော့မည်ဆိုတာ သိသိကြီးနဲ့ ရယ်ချင်စိတ်ကို မြိုသိပ်လျက် မသိဟန်ဆောင်ကာ မေးလိုက်တာ ...

မိပေါက်တို့ကတော့ သူမရဲ့အူကြောင်ကြောင် ထုံးစံအတိုင်း အဆင်အခြင်မဲ့စွာနဲ့ပင် ... ။

“ငါ တကယ်ချစ်တဲ့ သူက-နင်ပဲဆိုတာကိုပေါ့ ... ”

“ဟာ ဟ ... မိပေါက် ... အဲဒါ နင့်ဘာသာပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နော် ... "

"ဟင် ... စံစံ ... အကောင်စုတ် ... ကြည့်စမ်း ... ငါ့ကို အဝိုက်ဖမ်းတယ် ... အနိုင်ကျင့်တယ် ... နင်နဲ့တစ်သက်လုံး ဘယ်လိုလုပ် အတူနေမလဲ ... အဲလိုမျိုး ငါ့အကြောင်းသိပ်သိပြီး အနိုင်ကျင့်နေမယ်ဆိုရင် ... "

စိုးစံက မိပေါက်ခေါင်းလေးကို သူ့လက်ဝါးနဲ့အုပ်ကိုင်ကာ လှုပ်ခါယမ်းပစ်လိုက်ပြီး ...

"အဲဒီလို နင့်အကြောင်း သိပ်သိနေတာတစ်ခုကပဲ နင့်အနားမှာ ငါတစ်သက်လုံး နေဖို့ နိုင်လုံတဲ့အကြောင်းပြချက်ဖြစ်နေတာပေါ့ကွာ ... လိုအပ်ချက်တွေ သိပ်များတဲ့ နင့်ရဲ့ ကွက်လပ်တွေကို ငါက တစ်သက်လုံး လိုက်ဖြည့်ပေးရမဲ့ သူလေ ... "

စိုးစံရဲ့အသံဟာ အမြင်ကတ်စရာ ကယ်တင်ရှင်ကြီးတစ်ယောက်ပမာ ထည်ဝါခိုင်မာလွန်းလှတော့သည်။

*11:10 AM*
*2 . 1 . 2009 ( FRIDAY)*
ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

ဓ စ တ နာ ၁ စ ၁ ဓ ပ

BURMESE CLASSIC
www.burmeseclassic.com